မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၅၇)

ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးရေးအတွက် တိုင်းတာရေးရေယာဉ်များ လွှဲပြောင်းပေးအပ်

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၄

ဧရာဝတီမြစ်ဝှမ်းဒေသ ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းတွင် အသုံးပြုရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တိုင်းတာရေးအမြန်ရေယာဉ်သစ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အောက်ပုဇွန်တောင်လမ်းမကြီးရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဆိပ်ခံတံတား၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်၏ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းမှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ပြည်ပမှ ရေယာဉ်တင်သွင်းခဲ့သော Semas မြန်မာကုမ္ပဏီမှ

စာမျက်နှာ ၃ ကော်လံ ၁ *

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် အပေါ် တစ်သားတည်းရှိကြောင်း ပြသသည့်ထောက်ခံပွဲ ရန်ကုန်၌ ပြည်သူများစုပေါင်းပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် တစ်သားတည်းရှိကြောင်း ပြသသည့်အနေဖြင့် ပြုလုပ်သည့် ထောက်ခံပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ (မဟာဗန္ဓုလပန်းခြံအနီး)၌ ပြည်သူများ စုပေါင်းပြုလုပ်ကြသည်။

အဆိုပါထောက်ခံပွဲတွင် "ပန်းရဲ့လမ်း"အဖွဲ့၏ ငြိမ်းချမ်းရေးတေးသီချင်း ဖျော်ဖြေမှုများနှင့်အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်နေမှုအပေါ် ပြည်သူများက ထောက်ခံသည့်အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံ(ဗီနိုင်း)များကို ကိုင်ဆောင်ကာ ထောက်ခံကြောင်း ပြသကြသည်။

ထို့အပြင် ထောက်ခံပွဲသို့ တက်ရောက်လာကြသည့် စာပေ၊ ဂီတ၊ အနုပညာရှင်များနှင့် နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် ပြည်သူများ ပိုမိုသိရှိနားလည်စေရန် အသိပညာမျှဝေသည့်အနေဖြင့် ဟောပြောမှုများ ပြုလုပ်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❁

မိုးစပါးဈေးနှုန်း ငွေကျပ်ငါးသိန်းဝန်းကျင် ရောက်လာပြီး ဈေးကွက်ကောင်းရန် တောင်သူများမျှော်လင့်နေ

စာ - ၄

အကြမ်းဖက်မှုနှင့် ပတ်သက်၍ ကုလအထွေထွေညီလာခံ၌ ပါကစ္စတန်နှင့် အိန္ဒိယတို့ အပြန်အလှန်စွပ်စွဲ

စာ - ၁၄

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

မြန်မာ့အလင်း

အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း

အိပ်ချင်ယောင်ဆောင်သူကို အနှိုးရခက်သကဲ့သို့ မကြားချင်ယောင်ဆောင်သူကို ပြောရခက်ကာ မမြင်ချင်ယောင်ဆောင်သူကိုလည်း ပြရခက်သည်ဟုပင် ဆိုရတော့မည်။ အထူးသဖြင့် ရှုပ်ထွေးသလောက် နက်ရှိုင်းလှသည့် ရခိုင်ပြည်နယ်မြောက်ပိုင်း အရေးနှင့်ပတ်သက်လျှင် အဆိုပါဥပမာက ပို၍ ဆီလျော်လှသည်။ နေ့စဉ်နှင့်အမျှ တစ်ခုပြီးတစ်ခုပေါ်ထွက်နေသော သတင်းများအရ ရခိုင်မြောက်ပိုင်းနှင့် စပ်လျဉ်း၍ သတင်းမှားများကသာ ကမ္ဘာကို ပတ်နေခြင်းမဟုတ်သည့်တိုင် တစ်နည်းနည်းဖြင့် မိမိတို့အကျိုးစီးပွားအတွက် အမြတ်ထုတ်လိုသူများက အမှန်တရားကို မျက်ကွယ်ပြုနေကြခြင်း ဖြစ်ကြောင်းကို တွေ့ရှိနေရပြီဖြစ်သည်။

ကုလသမဂ္ဂမှ တာဝန်ရှိသူများအပါအဝင် နိုင်ငံခေါင်းဆောင်အချို့က မြန်မာနိုင်ငံမှ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် အလွန်အကျွံစကားလုံးများ သုံးစွဲကာ ဖိအားပေးရန်ပြင်ဆင်လာကြချိန်တွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ကြသူ မိတ်ဆွေနိုင်ငံများလည်း ရှိနေခြင်းကြောင့်သာ စိတ်သက်သာရာ ရဖွယ်ဖြစ်ရသည်။ အိမ်နီးချင်း အင်အားကြီးနိုင်ငံများဖြစ်ကြသော တရုတ်နှင့်အိန္ဒိယ၊ ရုရှား၊ ဂျပန်နှင့် ထိုင်း စသောနိုင်ငံများက မြန်မာနိုင်ငံအပေါ် စာနာမှုဖြင့် နားလည်မှုပေးကြသည်။

ကုလသမဂ္ဂတွင် ရခိုင်ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတကာ၏အမြင်မှာ အင်မတန်ပြင်းထန်သည်ဟု သိရကြောင်း၊ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံအဖြစ် မိတ်ဆွေအခက်အခဲဖြစ်ချိန်တွင် မြန်မာနိုင်ငံနှင့်အတူ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စက်တင်ဘာ ၂၁ ရက်က တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ တစ်ဖန် စက်တင်ဘာ ၁၉ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပြောကြားသည့်အခမ်းအနားသို့ တက်ရောက်လာကြသော သံအမတ်ကြီးများ၏ ရခိုင်ပြည်နယ်ဖြစ်စဉ်အပေါ် သဘောထားအမြင်များမှာ ၎င်းတို့ကိုယ်စီ ကိုယ်စားပြုထားကြသည့် နိုင်ငံများမှ အစိုးရအသီးသီးတို့၏ သဘောထားများကို ထင်ဟပ်နေသည်ကိုတွေ့ရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်က ရခိုင်ပြည်နယ်အရေးသည် ရှုပ်ထွေးနက်နဲသည့်အတွက် စနစ်တကျဖြေရှင်းရန်လိုကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းကလည်း အပြုသဘောဆောင်သည့် ကူညီပံ့ပိုးမှုများ ပေးဖို့လိုအပ်ကြောင်းပြောကြားခဲ့သလို အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗစ်ခရမ် မစ္စရီကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တစ်ဖက်မှ တိုက်ခိုက်လာသည်ကို ပြန်လည်ခုခံခြင်းသည် ဥပဒေအရလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ စိန်ခေါ်မှုများကိုဖြေရှင်းရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ကူညီပံ့ပိုးပေးရန်အသင့်ဖြစ်နေပြီဟု မြင်ကြောင်း၊ ရခိုင်အရေးသည် စနစ်တကျနှင့် အချိန်ယူဖို့လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ရုရှားသံအမတ်ကြီး မစ္စတာနစ်ကိုလေ လစ္စတိုပါဒွေါ့ဖ်ကလည်း အပြုသဘောဆောင်သည့်ချဉ်းကပ်မှုမျိုးကသာ ရှုပ်ထွေးနက်နဲသည့် ရခိုင်ပြည်နယ်က ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု ထင်ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဘယ်လိုထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်မလဲဆိုသည်ကို ပြသဖို့လိုကြောင်း ပြောကြားခဲ့သည်။

ဤသည်တို့မှာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့အပေါ် သဘောထားမှန်ကန်သော၊ ရခိုင်ပြည်နယ်ဖြစ်စဉ်အပေါ်တွင်လည်း မှန်ကန်သည့်ဘက်မှ မြင်နိုင်စွမ်းရှိပြီး ဆင်ခြင်တုံတရားပြည့်ဝသူတို့၏ စိတ်ရင်းစေတနာမှန်များပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ရခိုင်အရေးကို နိုင်ငံတကာအသိုက်အဝန်းနှင့်ရင်ဆိုင်ဖြေရှင်းရာတွင် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း နိုင်ငံတို့နှင့် နားလည်မှုပိုမိုရယူဆောင်ရွက်သွားရမည်ဟု ယုံကြည်မိပါကြောင်း။ ။

စာပေမြင့်မှ လူမျိုးတင့်မည်

ထိုင်းရောက် မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှဆက်လက်ဝင်ရောက်

ကော့သောင်း စက်တင်ဘာ ၂၄

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားအမျိုးသား ၂၇ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၉ ဦး စက်တင်ဘာ ၂၃ ရက်က ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည်။

ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက မြို့မဆိပ်ကမ်းတံတားတွင် ကြိုဆိုကြကာ အစားအသောက်များ လှူဒါန်းကျွေးမွေးကြပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများဆောင်ရွက်ပေးကြသည်။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကော့သောင်းခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အလုပ်သမားများ၏ နေရပ်ဒေသများဖြစ်သည့် မြိတ်၊ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်မြို့များသို့ ပြန်နိုင်ရေး မော်တော်ယာဉ်စီးနင်းခများနှင့် လမ်းခရီးတွင် စားသောက်ရန် ကုန်ကျစရိတ်များအား ကူညီဆောင်ရွက်ပေးသည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ မြန်မာအလုပ်သမားဝင်ရောက်မှု ဦးရေစုစုပေါင်း ၂၂၉၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

ဟင်းသီးဟင်းရွက်မျိုးစေ့များ အခမဲ့ဖြန့်ဖြူးပေးအပ်

သီပေါ စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်မြောက်ပိုင်းကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန စီစဉ်ဆောင်ရွက်မှုဖြင့် တောင်သူများ၏ အကျိုးကို ရည်မျှော်၍ စက်တင်ဘာ ၂၄ရက် တွင် ခိုမှုန်းကျေးလက်ဒေသဘက်စုံစံပြရွာ၌ ဟင်းသီးဟင်းရွက်မျိုးစေ့များ အခမဲ့ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးနည်းစနစ်များအကြောင်းကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက ပညာပေး ဟောပြောပြီး မျိုးစေ့များ ပေးအပ်ခဲ့သည်။

စိုင်း(သီပေါ)

❖ *ကျောဖုံးမှ*

စက်ယန္တရားကြီးများအသုံးပြု၍ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ဆောင်ရွက်ခြင်း၊ မြန်မာ- အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သည့် ကလေး- ကလေးဝ- တမူးလမ်းနှင့် အာရှပတ်လမ်းမကြီးပေါ်ရှိ တင်ကျန်ရစ်သော ရွှံ့နွံအမှိုက်များနှင့် နုန်းများကို ကလေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများကသန့်ရှင်းရေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးကြသည်။

ယင်းအပြင် ရေဝင်ရောက်ခဲ့သော ကလေးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ရေတွင်းနှင့် ရေတုံကင်များပျက်စီးမှုကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ပြည်သူများ၏ကျန်းမာရေးအတွက်အဓိကကျသည့် သန့်ရှင်းသောသောက်ရေ၊သုံးရေ ပြန်လည်ရရှိရေးအတွက် ကျန်းမာရေးဌာနမှဝန်ထမ်းများ၏ အင်အားနှင့် သက်ဆိုင်ရာရွှေ့ပြောင်းရေးတာဝန်ကျဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ရေတွင်းရေကန်များအား တစ်အိမ်တက်ဆင်းလိုက်လံ၍ ကလိုရင်းဆေးများခတ်ပေးခြင်းတို့ကို ရေဘေးသင့်ပြည်သူများအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သန့်ရှင်းရေးဆောင်ရွက်

ဖြူး စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်သန်းနှင့် ဖြူးမြို့နယ် ဇေယျာဝတီ နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဟန် ဦးစီးအဖွဲ့နှင့် ရဲတပ်ဖွဲ့အင်အား ၃၀ တို့သည် (၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီက ဇေယျာဝတီမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း အမှိုက်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဆေးရုံအတွင်းရှိ ချုံနွယ်များ ရှင်းလင်းခြင်းဖြင့် လုပ်အားဒါနပြုခဲ့ကြသည်။ အဆိုပါလုပ်အားပေးဆောင်ရွက်ခဲ့သော ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား ဆေးရုံ၌ လာရောက်မွေးဖွားသည့် လူနာစောင့်၏ မိခင်တစ်ဦးက ယခုလို သန့်ရှင်းရေးလာရောက်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဖြူး-မြင့်ဦး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၄-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၈၄၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၀၅၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၇၀၀/၇၃၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၇၁၀/၇၄၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၆၀/၇၇၅ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၇၁၅/၇၅၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၄	·၀
ဥရောပ	တစ်ယူရို	၁၆၁၄	·၄
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၆	·၀
ထိုင်းဘတ်	တစ်ဘတ်	၄၁	·၀
အိန္ဒိယ	တစ်ရူပီး	၂၁	·၁
တရုတ်	တစ်ယွမ်	၂၀၆	·၇
မလေးရှား	တစ်ရင်းဂစ်	၃၂၃	·၈၀

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

သံမဏိစက်ရုံမှ တံတားသံပေါင်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စတင်ပေးပို့သည့်အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဂျပန်နိုင်ငံ JFE Engineering Corporation J&M Steel Solution Co.,Ltd. က ဖက်စပ်ဆောင်ရွက်သည့် သံမဏိစက်ရုံမှ Steel Truss နှင့် Plate Girder များ၊ ဂျပန်နိုင်ငံ ODA အစီအစဉ်ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တည်ဆောက်လျက်ရှိသည့် "The Kanchpur, Meghna and Gumti 2nd Bridges and Construction and Existing Bridges Rehabilitation Project" အတွက် စတင်ပေးပို့သည့်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန် မြို့သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်း အမှတ် (၂၃၇) J&M Steel Solution Co.,Ltd စက်ရုံဝင်းအတွင်း၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက် အမှာစကားပြောကြားသည်။

ဖြည့်ဆည်းပေးလျက်ရှိ

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က J&M Steel Solution Co.,Ltd က အဓိကအားဖြင့် လမ်း၊ တံတားတည်ဆောက်ရေးတွင် လိုအပ်သော Steel Plate, Steel Truss နှင့် Girders များ ထုတ်လုပ်ပေးခြင်းဖြင့် တိုင်းပြည်တွင် ဆက်သွယ်သွားလာရေးအတွက် ဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးစေရန် ကူညီဆောင်ရွက်လျက်ရှိကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် သံလွင်တံတား (ဖာဆိုင်း)၊ ဧရာဝတီတံတား(ထီးချိုင့်)၊ ကုက္ကိုလ်ဝတံတား၊ ချင်းတွင်းတံတား(ကလေးဝ)၊ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)၊ ချင်းတွင်းတံတား(ဟုမ္မလင်း)(ခန္တီး)ကဲ့သို့သော တံတားကြီးများ၊ တံတားလတ်များ တည်ဆောက်ရာတွင် J&M Steel Solution Co., Ltd က ထုတ်လုပ်သည့် Steel Truss နှင့် Plate Girders များ အသုံးပြုခဲ့ကြောင်း၊ J&M Steel Solution သည် တန် ၁၀၀၀၀ ထုတ်လုပ်နိုင်ခဲ့ပြီး ယခုဆိုလျှင် တန်ချိန် ၂၀၀၀၀ အထိ ပုံမှန်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ J&M Steel Solution ၏ ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် ၂၀၁၇ ခုနှစ် မတ်လတွင် ISO -9001-2015 ရရှိခဲ့ခြင်းဖြစ်ကြောင်း။

ပို့ဆောင်နိုင်ခဲ့

J&M Steel Solution Co.,Ltd အနေဖြင့် လာအိုနိုင်ငံသို့ Temporary Girder တန် ၂၅၀ နှင့် Steel Box Girder ၁၄၅၀ တန်အား နိုင်ငံခြားတိုင်းပြည်များသို့ပို့ဆောင်နိုင်ခဲ့ကြောင်း၊ သီရိလင်္ကာသို့ Steel Box Girder ၂၇၂ တန်နှင့် ယနေ့ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့မည့် တန် ၅၀၀၀ နှင့် တခြားပြည်ပနိုင်ငံများသို့ တန် ၁၈၀၀ ဖြင့် စုစုပေါင်း တန် ၆၈၀၀အား JICA ၏ ODA ချေးငွေစီမံကိန်းဖြင့် ယခုနှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ သီရိလင်္ကာသို့ တန် ၃၀၀၀မှ တန် ၅၀၀၀ အထိ တင်ပို့ရန် အစီအစဉ်ရှိကြောင်း၊ သီလဝါစီးပွားရေးအထူးဖွံ့ဖြိုးမှုဇုန်တွင် ဆိပ်ခံတံတားတည်ဆောက်ရန်နှင့် အနာဂတ်တွင် ဂျပန်နိုင်ငံသို့ စတီးထုတ်ကုန်များ ပြန်လည်ပို့ဆောင်နိုင်ရန် ဖြစ်ကြောင်း။

ယခုအခါတွင် J&M Steel Solution Co.,Ltd သည် Cable Stayed နှင့် Suspension -Bridge များအတွက် အစိတ်အပိုင်းများ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. Tateshi Higuchi က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် Myanmar Bureau Veritas Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းထွဋ်က J&M Steel Solution Co.,Ltd အား ISO-9001; 2015 Quality Management System Ceritficate ပေးအပ်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လက်ခံရယူသည်။

ဖွင့်လှစ်ပေး

ယင်းနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တည်ဆောက်လျက်ရှိသည့် " The Kanchpur , Meghna and Gumti 2nd Bridges and Construction and Existing Bridges Rehabilitation Project " အတွက် တံတားသံပေါင်များပေးပို့သည့်အခမ်းအနားကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ Commercial Councellor Mr. Hasan Khaled Foisal, J&M Steel Solution Co.,Ltd, JFE Engineering Corporation နှင့် JICA Myanmar Office တို့မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သံအမတ်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် စက်ရုံအတွင်း တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တံတားသံပေါင်များ စတင်သယ်ပို့နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation, J&M Steel Solution Co.,Ltd တို့ ပူးပေါင်းပြီး ပြည်တွင်း၌ အရည်အသွေးစံချိန်စံညွှန်းပြည့်မီသော Steel Truss နှင့် Plate Girders, Box Girder များကို ထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများမှ မှာယူသော တံတားသံပေါင်များနှင့် ဆက်စပ်ပစ္စည်းများကိုလည်း စက်ရုံမှထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

❀ ***ရှေ့ဖုံးမှ***

"လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး အမေစုနဲ့အတူ တစ်သားတည်းရှိနေတယ်ဆိုတာကို ပြချင်တဲ့အတွက် လာရောက်ထောက်ခံတာပါ။ အခုလို ထောက်ခံပွဲတွေလုပ်ခြင်းအားဖြင့် ကောလာဟလသတင်းအများတွေ ထိန်းချုပ်နိုင်မှာဖြစ်သလို အမှန်တရားကို ပိုပြီးတော့ သိရှိသွားမှာဖြစ်ပါတယ်။ အမေ့ရဲ့လုပ်ရပ်တွေဟာ အချိန်တန်ရင် အဖြေမှန်တယ်ဆိုတဲ့ ပြယုဂ်တစ်ခုကို သက်သေပြနိုင်မှာပါ။ ဒီလိုပွဲတွေလုပ်ခြင်းအားဖြင့် အမြင်မရှင်းတဲ့ ပြည်ပနိုင်ငံတွေ၊ အဖွဲ့အစည်းတွေ အနေနဲ့ အမှန်တရားကို သိရှိမြင်သာသွားပြီးတော့ တိုင်းပြည်အတွက် ကူညီမှုတွေ ပေါ်ပေါက်လာလိမ့်မယ်လို့ မြင်ပါတယ်" ဟု အဆိုပါထောက်ခံပွဲတွင် ပါဝင်သူရုပ်ရှင်သရုပ်ဆောင် ဦးနိုင်လူက ပြောသည်။

အလားတူ ကိုပိုင်ရဲသူက "နိုင်ငံတော်ရဲ့အတိုင်ပင်ခံ လက်ရှိသွားနေတဲ့လမ်းကြောင်းကို ကျွန်တော်တို့ ထောက်ခံတယ်။ တိုင်းပြည်မှာ အကျပ်အတည်းဖြစ်နေတဲ့ ငြိမ်းချမ်းရေးကိစ္စတွေ၊ ရခိုင်ပြည်နယ်ကိစ္စတွေမှာ သတိကြီးစွာလုပ်နေရတဲ့အပေါ်မှာ ကျွန်တော်တို့တွေ စာနာဖေးမပါတယ်။ အဲဒီအတွက်ကြောင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူရှိကြောင်း သိရှိအောင် အခုလို ထောက်ခံပွဲလုပ်တာပါ"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် ထောက်ခံပွဲသို့ စာပေ၊ ဂီတ၊ နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ အနုပညာရှင်များနှင့်အတူ ပြည်သူများ ပါဝင်ထောက်ခံမှုများ ပြုလုပ်ခဲ့ကြပြီး စက်တင်ဘာ ၁၉ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားခဲ့မှုအပေါ် နိုင်ငံသား မြန်မာမွတ်စလင်အရပ်ဘက်အဖွဲ့အစည်းများ၏ ကြိုဆိုထောက်ခံကြောင်း ရေးသားထားသည့်အချက် လေးချက်ပါဝင်သော သဘောထားထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေမှုကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ LED Board ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသရာ ကြိုဆိုထောက်ခံသည့်အနေဖြင့် ပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှု နားထောင်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)

✻ ***ရှေ့ဖုံးမှ***

တာဝန်ရှိသူများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အမှုထမ်း၊ အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုတွင် အထောက်အကူဖြစ်စေရန် ကမ္ဘာ့ဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းကို ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းနှင့် ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနတို့က တာဝန်ယူဆောင်ရွက်နေကြောင်း၊ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းတွင် စီမံကိန်းလုပ်ငန်းခွဲသုံးခုပါဝင်ပြီး စီမံကိန်းလုပ်ငန်းခွဲ (၁)ဖြစ်သည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၊ သတင်းအချက်အလက်နှင့် အထောက်အကူပြုစွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ စီမံကိန်းလုပ်ငန်းခွဲ (၂)ဖြစ်သည့် မိုး/ဇလ စောင့်ကြည့်အကဲခတ်ခြင်းနှင့် သတင်းအချက်အလက်စနစ်များ ခေတ်မီစေခြင်း၊ စီမံကိန်းလုပ်ငန်းခွဲ(၃)ဖြစ်သည့် ဧရာဝတီမြစ်တွင် မန္တလေးမြို့မှ ညောင်ဦးမြို့အထိ ရေကြောင်းသွားလာမှု မြှင့်တင်ခြင်းတို့ဖြစ်ကြောင်း ပြောကြားသည်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပါဝင်သည့် ဧရာဝတီမြစ် ရေကြောင်းသွားလာမှု မြှင့်တင်ရေးလုပ်ငန်းအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းလုပ်ငန်းခွဲနှင့်ပတ်သက်ပြီး ကနဦးအဆင့်တွင် ရေကြောင်းတိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သဖြင့် ယခုကဲ့သို့ ရေကြောင်းတိုင်းတာရေး အမြန်ရေယာဉ်များ လွှဲပြောင်းရယူနိုင်သည့်အတွက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ ပိုမိုလျင်မြန်လာမည်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်းပြောကြားသည်။

"မန္တလေး-ညောင်ဦး ရေလမ်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွက် ရေလမ်းထိန်းအဆောက်အအုံတွေ၊ လုပ်ငန်းတွေ မဆောင်ရွက်မီ တိုင်းတာရေးလုပ်ငန်းတွေ မြန်ဆန်စွာဆောင်ရွက်နိုင်ဖို့၊ ရေလမ်းကြောင်းစစ်ဆေးမှုတွေ ဆောင်ရွက်နိုင်ဖို့နဲ့ ရေကြောင်းတိုင်းတာရေး အမြန်ရေယာဉ်သုံးစင်း ဝယ်ယူနိုင်ဖို့ တင်ဒါစနစ်နဲ့ ဖိတ်ခေါ်ခဲ့ပါတယ်။ အမြန်ရေယာဉ်တွေဝယ်ယူရတဲ့ ရည်ရွယ်ချက်ကတော့ မန္တလေးနဲ့ ပုဂံအကြား ရေလမ်းကြောင်းရှာဖွေဖို့၊ ရေအနက်တိုင်းတာခြင်းလုပ်ငန်းတွေဆောင်ရွက်ဖို့၊ ရေလမ်းအသုံးပြုသူတွေအတွက် အချိန်နဲ့တစ်ပြေးညီ ဘေးကင်းတဲ့ရေလမ်းတွေ သတ်မှတ်ပေးဖို့၊ ရေလမ်းကောင်းမွန်ရေးအင်ဂျင်နီယာတွေအတွက် ရေလမ်းအခြေအနေတွေကို ဖော်ထုတ်ပေးနိုင်ဖို့ဖြစ်ပါတယ်" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောသည်။

အဆိုပါ စီမံကိန်းသည် ၂၀၁၃ ခုနှစ်က ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသို့ လာရောက်စဉ် ဧရာဝတီမြစ်ဝှမ်း ဘက်စုံ စီမံခန့်ခွဲမှုစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစီမံကိန်းကို ၂၀၁၅ ခုနှစ်မှ စတင်၍ ငါးနှစ်အတွင်း ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာသန်း ၁၀၀ ရယူကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အမေရိကန်ဒေါ်လာ နှစ်သိန်းနှစ်သောင်းတန်ဖိုးရှိ ရေယာဉ်သုံးစင်းကို ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါတိုင်းတာရေး ရေယာဉ်သုံးစင်းသည် ကီလိုမီတာ ၂၀၀ ရှည်လျားသော မန္တလေး-ညောင်ဦး မြစ်ကြောင်းတစ်လျှောက်တွင် လမ်းညွှန်ပြသထားသော ရေလမ်းပြအမှတ်အသားများကို စစ်ဆေးခြင်း၊ အမှိုက်များကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပေါ်ရှိ ဝါကျွတ်ဈေးရောင်းပွဲတော်ကျင်းပသော အရောင်းစင်တာကြီးများတွင် မင်္ဂလာဆောင်ပစ္စည်းများ အရောင်းအဝယ်သွက်

ရန်ကုန် စက်တင်ဘာ ၂၄

နှစ်တစ်နှစ်၏ ဝါကျွတ်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်ရာ ရန်ကုန်မြို့ပေါ်ရှိ နာမည်ကြီး အရောင်းစင်တာကြီးများတွင် သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်များ ကျင်းပလျက်ရှိပြီး မင်္ဂလာဆောင် အသုံးအဆောင်ပစ္စည်းများ အရောင်းအဝယ်သွက်လက်နေကြောင်း သိရသည်။

"သီတင်းကျွတ်တော့မယ်ဆိုတော့ ကျွန်တော်တို့ အရောင်းစင်တာတွေမှာ ကံစမ်းမဲတွေပေးတဲ့အပြင် ဝယ်ယူတဲ့ပစ္စည်းတွေကို အိမ်တိုင်ရာရောက် အခမဲ့ပို့ပေးနေပါတယ်။ ရန်ကုန်မြို့ပေါ်မှာဖွင့်လှစ်ထားတဲ့ အိမ်အသုံးအဆောင်ပစ္စည်း အရောင်းစင်တာကြီးတွေမှာ အထူးပရိုမိုးရှင်းလျှော့ဈေးတွေနဲ့ အခြားအခမဲ့ဝန်ဆောင်မှုတွေ ပေးနေပါတယ်။ ဘယ်ပစ္စည်းမဆို ဝယ်ယူသူတိုင်း ယခင်ဈေးထက်လျှော့တဲ့ အထူးလျှော့ဈေးတွေနဲ့ ရောင်းချပေးနေတဲ့အပြင် ဝါကျွတ် အထူးလက်ဆောင်တွေလည်း ပေးနေတယ်။ ဒီအပေါ်မှာ အများဆုံးရောင်းအားကောင်းနေတာကတော့ ဝါကျွတ်အမီဆိုသလိုပဲ မင်္ဂလာဆောင်အသုံးအဆောင်ပစ္စည်းတွေ အများဆုံးရောင်းအားကောင်းနေပါတယ်။ ဒါက အရောင်းစင်တာကြီးတွေမှာ အဝယ်လိုက်နေသလို ဟိုတယ်၊ မိုတယ်တွေ၊ မြို့နယ်ခန်းမတွေမှာလည်း မင်္ဂလာခန်းမ ဘိုကင်တွေပြည့်နေပြီး တချို့ဘုန်းကြီးကျောင်းတွေမှာဆိုရင်တောင် အခုအချိန်ကတည်းက လိုချင်တဲ့မင်္ဂလာရက်ကို ဘိုကင်မရနိုင်တော့ဘူး ဖြစ်နေတယ်"ဟု PRO 1 Home Center (အရှေ့ဒဂုံ) မှ အရောင်းတာဝန်ခံတစ်ဦးက ပြောသည်။

ထို့ပြင် ရန်ကုန်မြို့ပေါ်ရှိ မြန်မာပလာဇာ၊ Junction အရောင်းစင်တာကြီးများ၊ Super One၊ ဂမုန်းပွင့်ကုန်တိုက်၊ Sweety Home နှင့် အခြားအဆင့်မြင့် အရောင်းစင်တာကြီးများတွင်လည်း သီတင်းကျွတ်(ဝါကျွတ်) အထူးဈေးရောင်းပွဲတော်ကြီးများ ကျင်းပနေသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က တပ်ကုန်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သာဦးတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်၊ မိသားစုများသည် မိုလ်းကောင်းဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ် အတွင်း/အပြင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ် တင်ထွန်းတာ(တပ်ကုန်း)

မူခင်းအသိပညာပေးဟောပြော

သထုံ စက်တင်ဘာ ၂၄

ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ မူခင်းအသိပညာရရှိစေရေးအတွက် မူခင်းအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ် ကျားဘိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ပေါင်မြို့နယ် အလုပ်ရဲကင်းစခန်းအပိုင် ကျားဘိုကျေးရွာ ကျားဘို (အထက)ခွဲ၌ ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းထိန်၊ မော်လမြိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် အောင်အောင်နိုင်၊ မော်လမြိုင်လူကုန်တားမှ ရဲအုပ်မောင်မောင်ဟန်၊ အလုပ်ရဲကင်းစခန်းမှူး ရဲအုပ်တင့်လွင်တို့က မူခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **နန္ဒကျော်စွာ**

ကိုရီးယားစီမံကိန်း၏ ပံ့ပိုးမှုဖြင့် ကျေးရွာသစ်စီမံကိန်း ဆက်လက်ဆောင်ရွက်နေ

တိုက်ကြီး စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ရင်းတိုက်ကွင်းကျေးရွာသို့ ကိုရီးယားနိုင်ငံမှ Suemaul Undong Committee စီမံကိန်းက ကျေးရွာသစ်လှုပ်ရှားမှုအတွက် ဖွံ့ဖြိုးရေးလုပ်နိုင်ရန် ၂၀၁၆ အတွင်းမှစ၍ ကူညီပံ့ပိုးထားရာ အဆိုပါကူညီပံ့ပိုးမှုဖြင့် စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တွင်း အဆိုပါစီမံကိန်းကို မှော်ဘီမြို့နယ်ရှိ ရိုးဝကျေးရွာနှင့် တိုက်ကြီးမြို့နယ် ရှိင်းတိုက်ကွင်းကျေးရွာတို့ကို ရွေးချယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကာ ကျေးရွာညီညွတ်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူနေမှုဘဝအဆင့်မြင့်မှုတို့အပေါ်မူတည်၍ စံပြကျေးရွာ ရွေးချယ်ကြောင်း ကိုရီးယားနိုင်ငံ Suemaul Undong Committee စီမံကိန်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဖွဲ့မှ အတွင်းရေးမှူး ဦးခင်စိုးက ထောက်ပံ့ကြေးငွေများဖြင့် ကျေးလက်ဒေသအသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဟောပြောပွဲများပြုလုပ်ခြင်း၊ လေ့လာရေးခရီးသွားခြင်း၊ မူခင်းကျဆင်းရေးဟောပြောပွဲများ ပြုလုပ်ခြင်းတို့အပြင် ကျေးရွာချင်းဆက်လမ်းများကို ဂဝံခင်းခြင်း၊ ကျေးရွာသန့်ရှင်းရေးအတွက် တစ်ပတ်လျှင်တစ်ရက် အမှိုက်ကောက်ခြင်းများ ပြုလုပ်ကြောင်း ပြောကြားသည်။

ကျေးရွာရှိ စိုက်ပျိုးရေးလုပ်သား ၂၄ ဦး၊ မွေးမြူရေးလုပ်သား ၃၆ ဦးနှင့် အခြားလုပ်ကိုင်သူ ၁၀၆ ဦးကိုလည်း ထိုငွေဖြင့် တစ်ဦးလျှင် တစ်သိန်းနှုန်းကို အတိုးနှုန်း ၂ ရာခိုင်နှုန်းယူ၍ ချေးပေးထားကာ ခြောက်လတစ်ကြိမ် ငွေအတိုးပေးရပြီး အတိုးငွေကို ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရန်ပုံငွေအဖြစ်ထားရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံတွဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုးနှင့် သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးအောင်တို့ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာမျိုးဇော်က အာဟာရဖြည့်စွက်စာများ ပြန်လည်ပေးအပ်စဉ် (ခရိုင် ပြန်/ဆက်)

ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ သုံးလက်မခန့်၊ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ငဝန်မြစ်ရှိ ငါးသိုင်းချောင်းမြို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

မိုးစပါးဈေးနှုန်း ငွေကျပ်ငါးသိန်းဝန်းကျင် ရောက်လာပြီး ဈေးကွက်ကောင်းရန် တောင်သူများမျှော်လင့်နေ

ရေတာရှည် စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးသည့် တောင်သူများသည် စက်တင်ဘာလ ဒုတိယပတ်က စတင်ကာ မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိပြီး သက်ရင့်စပါးမျိုးဖြစ်သည့် ထိုင်းကောက်အစိုသည် တင်း ၁၀၀ လျှင် ငွေကျပ် ၄၉၀၀၀၀ ပေါက်ဈေးရှိကာ တစ်နေ့လှန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၅၁၀၀၀၀ အထိ ရှိနေသည်။ လက်ရှိဖြစ်ပေါ်နေသောဈေးနှုန်းနှင့် ဈေးကွက်အခြေအနေများအရ စပါးဈေးမှာ ဆက်လက်၍ အကောင်းဘက်သို့ရောက်လာမည်ဟု တောင်သူများက မျှော်လင့်နေကြသည်။

စပါးကို ပြည်ပဈေးကွက်ဝယ်လိုအားနှင့် ပြည်တွင်းဆန်ကုန်သည်များ၏ ဝယ်လှောင်လက်မြင့်တက်လာပါက ယခုထက် ဈေးကွက်ပိုမိုကောင်းမွန်နိုင်ကြောင်း သုံးသပ်မှုများရှိနေသည်။ "တောင်သူတွေအနေနဲ့ ဈေးကွက်ကို စောင့်ကြည့်နေကြတာ တွေ့ရတယ်။ ပြည်တွင်းဆန်ဈေးကွက်အနေအထားတွေကို မျက်ခြည်ပြတ်ခံလို့ မရတော့ဘူးလေ။ တစ်ဆင့်ခံဝယ်ယူတဲ့ ပွဲစားတွေက ဈေးကစားပြီး ရသင့်ရထိုက်တဲ့ဈေးမရရင် တောင်သူတွေနစ်နာမှုတွေရှိလာမယ်"ဟု ဒေသခံတောင်သူတစ်ဦးက လက်ရှိဈေးကွက်အခြေအနေကို သုံးသပ်ပြောကြားသည်။

စပါးစိုက်ပျိုးသည့်တောင်သူတိုင်း နှစ်စဉ်ကြုံတွေ့ရလေ့ရှိသော အခက်အခဲတစ်ခုမှာ ပေါ်ဦးစတွင် ဈေးနှုန်းကောင်းဖြင့် ရောင်းချနိုင်ကြသော်လည်း စပါးဖြိုင်ဖြိုင်ပေါ်ချိန်တွင် ရောင်းလိုအားနှင့် ဝယ်လိုအားမမျှမတဖြစ်ရာမှ ဈေးနှိမ်၍ဝယ်ယူခြင်း၊ ဈေးကွက်အေးသွားခြင်းတို့ ဖြစ်ပေါ်လေ့ရှိရာ ယခုနှစ်တွင် ဈေးကွက်အနေအထားအရ ယခင်နှစ်များနှင့် မတူကြောင်း တောင်သူအချို့က ပြောကြားသည်။ စပါးစိုက်ပျိုးစရိတ်၊ သွင်းအားစုကုန်ကျစရိတ်များ မြင့်တက်နေချိန်၌ စပါးဈေးကွက်ကောင်းမွန်ရန်မှာ တောင်သူအားလုံး၏ မျှော်လင့်ချက်ဖြစ်ပြီး လက်ရှိ စပါးဈေးကွက်ကောင်းနေသည့် အခြေအနေမှာ အခြေခံလူတန်းစားတစ်ရပ်ဖြစ်သည့် တောင်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများပင်ဖြစ်သည်။

ကိုလွင်(ဆွာ)

မိမိတို့သွားရမည့် ဦးတည်ချက်ကို ရဲရဲဝံ့ဝံ့သန္နိဋ္ဌာန်ချပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေးလေးနက်နက် ဆောင်ရွက်သွားကြရမည်

နေပြည်တော် စက်တင်ဘာ ၂၄

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရေးဆွဲရေးအတွက် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း က နိုင်ငံတော်၏ အရအသုံးဆိုင်ရာ ဥပဒေ၊ အရအသုံးဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် စီမံခန့်ခွဲမှုများကို ဆောင်ရွက်သည့်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အမျိုးသားစီမံကိန်းကို အခြေခံပြီး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် မျှော်မှန်းထားသည့် ရည်မှန်းချက်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် National Growth Rate ရရှိစေရန် အထောက်အကူပြုရမည် ဖြစ်ကြောင်း၊ ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လူအင်အား၊ နည်းပညာ၊ စက်ပစ္စည်း ကိရိယာများကို ပြည်တွင်းတွင်သာမက ပြည်ပမှပါ ရနိုင်မည့် ရန်ပုံငွေများကို အခြေခံပြီး ရေးဆွဲမှသာ အမှန်တကယ် အကောင်အထည်ဖော်နိုင်သည့် စီမံကိန်းများဖြစ်လာပြီး နိုင်ငံတော်မှ ရည်မှန်းထားသည့်အတိုင်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတွင်းမှာရှိသည့် အင်အားများကိုစုစည်း၍ မိမိတို့သွားရမည့် ဦးတည်ချက်ကို ရဲရဲဝံ့ဝံ့သန္နိဋ္ဌာန်ချပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေးလေးနက်နက် ဆောင်ရွက်သွားကြရန် အထူးမေတ္တာရပ်ခံလိုပါကြောင်း၊ နိုင်ငံတော်၏ ပိုင်ဆိုင်မှုများဖြစ်သည့် မြေ၊ အဆောက်အအုံ၊ ယာဉ် စသည်တို့ကို အလေအလွင့်မဖြစ်စေဘဲ တန်ဖိုးရှိရှိသုံးစွဲနိုင်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် ပတ်သက်၍လည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်က စီမံကိန်းရည်မှန်းချက် အဆိုပြုချက်များ ရေးဆွဲရေးနှင့် ပတ်သက်၍လည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းက ဘတ်ဂျက်လျာထားမှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ အစည်းအဝေးတက်ရောက်လာသူများက ပါဝင်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပြန်လည်ညှိနှိုင်း ဆွေးနွေးသည်။

(သတင်းစဉ်)

ရွှေ့ပြောင်းအလုပ်သမားများအတွက် အာဆီယံအဆင့်ဆွေးနွေးပွဲမှသည် ပိုမိုကောင်းမွန်သည့်အနာဂတ် ဆောင်ကြဉ်းမည်

တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

ရွှေ့ပြောင်းအလုပ်သမားအရေးသည် တစ်ကမ္ဘာလုံးရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ တိုးတက်သည့်နိုင်ငံများ အားလုံးနှင့် သက်ဆိုင်မှုရှိပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံနီးပါးသည် ရွှေ့ပြောင်းသွားလာမှုနှင့် မကင်းကြပေ။ အလုပ်သမားများအတွက် လိုအပ်သည့် အသိပညာ၊ ဗဟုသုတများ၊ စွမ်းဆောင်ချက် များကိုမြှင့်တင်ပေးခြင်းဖြင့် ၎င်းတို့၏ ဘဝကိုတိုးတက်အောင်မြင်လာစေမည်ဖြစ်သည်။ အောက်တိုဘာလအတွင်း အာဆီယံရွှေ့ပြောင်းအလုပ်သမားဖိုရမ်ကို ကျင်းပတော့မည်ဖြစ်ပြီး မိမိတို့နိုင်ငံမှလည်း အစိုးရ၊ အလုပ်သမား၊ အလုပ်သမားအဖွဲ့အစည်းများမှ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များသည် သွားရောက်ဆွေးနွေးကြမည်ဖြစ်သည်။ ထို့အတွက် နိုင်ငံအဆင့် နောက်ဆုံးအဆင့် ဆွေးနွေးညှိနှိုင်းခြင်းအခမ်းအနားကို စက်တင် ဘာ ၂၈ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။ ထို့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် တွေ့ဆုံကာ အာဆီယံအဆင့်ရွှေ့ပြောင်းအလုပ်သမားဖိုရမ်အတွက် ဆောင်ရွက်နေမှုများကို မေးမြန်းထားသည်။

အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်

မေး။ ။ ကမ္ဘာနဲ့တစ်ဝန်းရွှေ့ပြောင်းသွားလာနေကြတဲ့ အဓိက အကြောင်းအရင်းက ဘာများဖြစ်မလဲ။

ဖြေ။ ။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ မညီမျှတာ၊ နိုင်ငံတစ်နိုင်ငံချင်းစီမှာ လူဦးရေတိုးတက်မှုပုံစံတွေကြောင့် သက်ကြီးရွယ်အိုတွေများပြားပြီး အလုပ်လုပ်နိုင်တဲ့ လုပ်သားအင်အား လိုအပ်တာ၊ လုပ်အားခတွေ ကွာခြားတာ၊ အလုပ်လက်မဲ့နှုန်းတွေမြင့်မားတာ၊ သဘာဝဘေးတွေကျရောက်တာ၊ လူသားတွေပဋိပက္ခဖြစ်တာ၊ အရှိန်အဟုန်မြင့်လာတဲ့ ဆက်သွယ်ရေးနည်းပညာတွေတိုးတက်လာတာ၊ လူမှုဆက်သွယ် ရေးကွန်ရက်တွေ ကျယ်ပြန့်လာတာ၊ သွားလာရေးလမ်းကြောင်းတွေ ဖွံ့ဖြိုးလာတာ စတဲ့အကြောင်းအရင်းတွေ အများကြီးရှိပါတယ်။ ဒါတွေကြောင့် ကမ္ဘာနဲ့အဝန်းမှာ ရွှေ့ပြောင်းသွားလာသူတွေ တစ်စထက်တစ်စ တိုးနေကြတာပါပဲ။

မေး။ ။ နိုင်ငံအတွက် ရွှေ့ပြောင်းအလုပ်သမားတွေက အထောက်အကူပြုနိုင်ပါသလား။ သူတို့တွေဆီက ဘာတွေများ ပြန်ရနိုင်မလဲ။

ဖြေ။ ။ နိုင်ငံတိုင်းမှာ ကျွမ်းကျင်လုပ်သားတွေရော၊ မကျွမ်းကျင်သေးတဲ့အလုပ်သင်တွေပါ တရားဝင်ရော၊ တရားမဝင်ပါ ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းတွေကနေ ပြည်ပနိုင်ငံတွေဆီကို လုပ်ကိုင်လျက်ရှိပါတယ်။ အဲဒီ ရွှေ့ပြောင်းသွားလာတဲ့ အလုပ်သမားတွေဟာ ရောက်ရှိအလုပ်လုပ်နေတဲ့ နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်ပေးနေတဲ့ အရေးပါတဲ့သူတွေပဲ ဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ အလုပ်သမားတွေကနေ ပြန်ပို့တဲ့ မိသားစုကိုလွှဲနေတဲ့ငွေတွေဟာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနေတာဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမားတွေ စေလွှတ်တဲ့နိုင်ငံနဲ့ လက်ခံအလုပ်ပေးနေတဲ့ နိုင်ငံတွေက အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးရဲ့ မူဝါဒနဲ့အညီပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမှာဖြစ်ပါတယ်။ လွတ်လပ်မျှတပြီး တည်ငြိမ်တဲ့ အခြေအနေကို နိုင်ငံတွေ စုပေါင်းလုပ်ဆောင်ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ဒါမှသာ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့စွမ်းရည်နဲ့ ဂုဏ်သိက္ခာကို အပြည့်အဝ မြှင့်တင်ပေးရာရောက်မှာပါ။ အာဆီယံအသိုက်အဝန်းထဲမှာလည်း နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေကို အားဖြည့်ပေးရာရောက်တဲ့ ရွှေ့ပြောင်းအလုပ်သမားအရေးဟာ နိုင်ငံတိုင်း လက်တွဲလုပ်ဆောင်သင့်တဲ့ အချက်တစ်ခုပါ။

မေး။ ။ ရွှေ့ပြောင်းအလုပ်သမားရေးရာ အာဆီယံဖိုရမ်ကျင်းပရတဲ့အကြောင်းအရင်းကို သိလိုပါတယ်။

ဖြေ။ ။ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့မှာ ၂၀၀၇ ဇန်နဝါရီ ၁၃ ရက်နေ့တုန်းက (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပပါတယ်။ အဲဒီအစည်းအဝေးမှာ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်ပေးရေးနဲ့ မြှင့်တင်ပေးရေးဆိုင်ရာ ကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကြေညာစာတမ်းကို အကောင်အထည်ဖော်ဖို့ အာဆီယံကော်မတီကို ၂၀၀၇ ခုနှစ်မှာ တည်ထောင်ထားတာပါ။ ကော်မတီကနေ ရွှေ့ပြောင်းအလုပ်သမားအရေးကိစ္စတွေ ဆွေးနွေးကြဖို့ အလုပ်သမားရေးရာ အာဆီယံဖိုရမ်ကို ၂၀၀၈ မှာ စတင်ကျင်းပခဲ့ပါတယ်။

မေး။ ။ အာဆီယံဖိုရမ်မှာ ဘယ်သူတွေက ဆွေးနွေးပေးကြပြီး ဘယ်လိုအကြောင်းအရာတွေကို ဆွေးနွေးဖြစ် ပါသလဲ။

ဖြေ။ ။ ASEAN Forum on Migrant Labour (AFML) ကို Migration Forum အဖြစ် အာရှနိုင်ငံတွေကအသိအမှတ်ပြုကြပါတယ်။ အာဆီယံနိုင်ငံတွေမှာ အလုပ်သမားတွေ ရွှေ့ပြောင်းသွားလာတဲ့ ကိစ္စတွေမှာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းတွေပါဝင်တဲ့ သုံးပွင့်ဆိုင်အဖွဲ့၊ အရပ်ဘက်လူမှု အဖွဲ့အစည်းတွေနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေတက်ရောက်ဆွေးနွေးတဲ့ အားကောင်းပြီး အကျိုးသက်ရောက်မှုများတဲ့ ဖိုရမ်တစ်ခုလည်း ဖြစ်ပါတယ်။

မေး။ ။ အာဆီယံဖိုရမ်ကျင်းပရတဲ့ရည်ရွယ်ချက်နဲ့ ယခင်ဖိုရမ်မှာရော ဘာတွေများဆွေးနွေးပေးခဲ့ကြပါသလဲ။

ဖြေ။ ။ ASEAN Forum on Migrant Labour (AFML) ၏ ရည်ရွယ်ချက်က ယခင်ကျင်းပခဲ့တဲ့ AFML အစည်းအဝေးတွေရဲ့ထောက်ခံချက်တွေကို အကောင်အထည်ဖော်နိုင်ရေးအတွက် State holders တွေရဲ့ အတွေ့အကြုံ၊ စိန်ခေါ်မှု၊ ကောင်းမွန်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ဖလှယ်ဖို့ ရည်ရွယ်ပါတယ်။ ASEAN Declaration on the Protection and Promotion of the rights of Migrant workers မှာပါဝင်ကြတဲ့ စေလွှတ်တဲ့နိုင်ငံနဲ့ လက်ခံတဲ့နိုင်ငံတွေရဲ့ လိုက်နာရမယ့် အချက်တွေကို စစ်ဆေးကြဖို့နဲ့ ဆွေးနွေးမှုတွေကနေ ရရှိလာတဲ့ ထောက်ခံချက်တွေကို သဘောတူညီမှုရယူကြဖို့ ဖြစ်ပါတယ်။

ယခင်ကျင်းပခဲ့တဲ့ ရွှေ့ပြောင်းအလုပ်သမားများရေးရာ အာဆီယံဖိုရမ်မှာတော့ သတင်းအချက်အလက်တွေ ဝန်ဆောင်မှုပေးတာ၊ မိခင်နိုင်ငံပြန်လာတာနဲ့ မိသားစုနဲ့ ပြန်လည်ပေါင်းစည်းခြင်း အကြောင်းအရာတွေ၊ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ကောင်းမွန်တဲ့ ပုံရိပ်မြှင့်တင်မှုဆိုင်ရာတွေ၊ လူစုဆောင်းခြင်းဆိုင်ရာ စည်းကမ်းချက်တွေ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက် ကောက်ယူတာတွေ၊ မျှဝေသတင်းပေးတာတွေ၊ တိုင်ကြားမှုယန္တရားစနစ်တည်ထောင်တာတွေနဲ့ အာဆီယံနိုင်ငံတွေအတွင်းမှာ ရွှေ့ပြောင်းအလုပ်သမား လူမှုအကာအကွယ်ပေးနိုင်ဖို့အတွက် လူမှုဖူလုံရေးစနစ်များ ဆောင်ရွက်ပေးတာတွေကို လုပ်ဆောင်ခဲ့ပါတယ်။

မေး။ ။ မြန်မာနိုင်ငံအနေနဲ့ရော ရွှေ့ပြောင်းအလုပ်သမားရေးရာ အာဆီယံဖိုရမ်မှာ ယခုနှစ်အတွက် တင်ပြနိုင်ဖို့ ဘယ်လိုလုပ်ဆောင်မလဲ။ ဘယ်လိုအချက်အလက်တွေ၊ ပြဿနာတွေနဲ့ ဆောင်ရွက်မှုတွေကို တင်ပြသွားဖို့ ရည်ရွယ်ထားပါသလဲ။

ဖြေ။ ။ ၂၀၁၂ ခုနှစ်ကနေစပြီး ASEAN Forum on Migrant Labour မကျင်းပမီ နိုင်ငံအဆင့် ရွှေ့ပြောင်းအလုပ်သမားရေးရာ အာဆီယံဖိုရမ်တွေကိုကျင်းပလာခဲ့တာ ပဉ္စမအကြိမ်တိုင်ခဲ့ပါပြီ။ အခု ဆဌမအကြိမ်မြောက် နိုင်ငံအဆင့် ရွှေ့ပြောင်းအလုပ်သမားရေးရာဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ ရက်မှာ နေပြည်တော် သင်္ဂဟဟိုတယ်မှာ ကျင်းပမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲကနေ ရွှေ့ပြောင်းအလုပ်သမားရေးအတွက် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံကနေ ရလာတဲ့ ထောက်ခံချက်တွေ၊ အကြံပြုချက်တွေကို လာမယ့် အောက်တိုဘာ ၂၅ ရက်မှာ ကျင်းပမယ့် ဒသမအကြိမ်မြောက် အာဆီယံရွှေ့ပြောင်း အလုပ်သမားဖိုရမ်မှာ မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့က ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

မေး။ ။ ဒသမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားရေးရာ အာဆီယံဖိုရမ်မှာ ဆွေးနွေးကြမယ့် ခေါင်းစဉ်ကရော ဘာများလဲရှင့်။

ဖြေ။ ။ ယခုနှစ်အတွက် အာဆီယံဖိုရမ်ရဲ့ခေါင်းစဉ်ကတော့ အာဆီယံနိုင်ငံများအတွင်း အိမ်တွင်းအထောက်အကူ အလုပ်သမားတွေကို သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် ရရှိရေးဆိုတဲ့ ခေါင်း စဉ်ဖြစ်ပါတယ်။

မေး။ ။ လက်ရှိမြန်မာနိုင်ငံမှာ ရွှေ့ပြောင်းအလုပ်သမားရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ ဌာနတွေနဲ့အဖွဲ့အစည်းတွေရော ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ ရွှေ့ပြောင်းသွားလာရေးအတွက် သတင်းအချက်အလက်ဖြန့်ဝေပေးမှု၊ လူစုဆောင်းခြင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ လူမှုကာကွယ်ရေးကူညီမှု၊ အခွင့်အရေးနှင့်ကာကွယ်စောင့်ရှောက်မှု ရရှိစေဖို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဦးတည်ဆက်သွယ်ရာ ဌာနအနေနဲ့ တာဝန်ယူထားပါတယ်။ ဆက်စပ်ဝန်ကြီးဌာနတွေကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ILO၊ IOM၊ UN Women တို့နဲ့ ဆောင်ရွက်ပေးနေတဲ့အတွက် အာဆီယံနိုင်ငံများအတွင်း ရွှေ့ပြောင်းအလုပ်သမားများရဲ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးခြင်း မြှင့်တင်ပေးခြင်းဆိုင်ရာ အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးခြင်းဖြင့် ရွှေ့ပြောင်းသွားလာရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မေး။ ။ ကောင်းမွန်တဲ့ တရားဝင်ရွှေ့ပြောင်းသွားလာရေးဖြစ်ဖို့ ဘယ်လို လုပ်ဆောင်ဖို့လိုမလဲ။

ဖြေ။ ။ ကောင်းမွန်တဲ့ ရွှေ့ပြောင်းသွားလာမှုတွေ ဖြစ်လာဖို့ ရွှေ့ပြောင်းအလုပ်သမားတွေ ဘဝမြင့်မားဖို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနဲ့ ပြည်သူလူထုတစ်ရပ်လုံး၊ လူမှုအဖွဲ့အစည်းတွေအားလုံးသိရှိပြီး ဝိုင်းဝန်းကူညီဖို့ လိုအပ်ပါတယ်။ မီဒီယာတွေကနေလည်း ပညာပေးတာတွေ၊ အသိပေးတာတွေ၊ မျှဝေတာတွေနဲ့ အားလုံးသိအောင်၊ ကောင်းမွန်တဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ ဖြစ်လာအောင်၊ အလုပ်သမားအခွင့်အရေးတွေရလာအောင် ဆောင်ရွက်ကြဖို့ အားလုံးမှာ တာဝန်ရှိပါတယ်။

ကျွန်းသစ်လုံးအစိတ်အပိုင်းများပြသထားသည့် သမိုင်းပြတိုက်အဆောင်ဖွင့်လှစ်ပြသထား

ဟုမ္မလင်း စက်တင်ဘာ ၂၄

ကိုလိုနီခေတ် သစ်ထုတ်လုပ်မှုကို ထင်ဟပ်လေ့လာနိုင်သည့် ကျွန်းသစ်လုံးအစိတ်အပိုင်းများပြသထားသော သမိုင်းပြတိုက်အဆောင်ကို ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာတွင် မေ ၂၄ ရက် က စတင်ဖွင့်လှစ်ပြသထားကြောင်း သိရသည်။

"သမိုင်းပြတိုက် အဆောင်ကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တွေဖြစ်တဲ့ ဦးသန်းညွန့်နဲ့ ဦးကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါတယ်" ဟု နောင်ပိုအောင် ဒေသခံက ပြောသည်။

နောင်ပိုအောင်ကျေးရွာ သာသနာ့သဒ္ဓမ္မကျောင်းတိုက်အတွင်း ကျွန်းသစ်လုံးကြီးများကို ထုလုပ်ကိုးကွယ်ထားသော ရုပ်ပွားတော်လေးဆူ ကိန်းဝပ်ရာ ကျောက်စိမ်းဓမ္မာရုံအနီး၌ ရုပ်ပွားတော်များထုလုပ်စဉ်က ကျန်ရစ်သည့် ကိုလိုနီခေတ် သစ်ထုတ်လုပ်မှုကို ထင်ဟပ်လေ့လာနိုင်သည့် ကျွန်းသစ်လုံးအစိတ်အပိုင်းများ ပြသထားသော သမိုင်းပြတိုက်အဆောင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျွန်းသစ်လုံးများကို ရှေးလူကြီးများပြောစကားအရ နောင်ပိုအောင်ကျောင်းဆရာတော်ဦးဆောင် တူးဖော်ရာမှ ဟုမ္မလင်းမြို့နယ် ကွေ့ကြီးရွာအနီး နန်းထိန်ချောင်းကော၏မြေအောက်အနက် ၁၁ ပေမှ ၂၀၁၄ ခုနှစ်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တွေ့ရှိတဲ့နေရာက အင်္ဂလိပ် ကိုလိုနီခေတ်က သစ်ပုံဆိပ်နေရာဖြစ်ခဲ့ပြီး ဂျပန်ခေတ်မှာ အဲဒီသစ်ပုံက သစ်လုံးတွေ ကို စစ်ချီလမ်းတစ်လျှောက် ချောင်းကူးတွေတည်ဆောက်ဖို့ အဓမ္မစေခိုင်းတာကြောင့် ရွာသားတွေက မီးရှို့ဖျက်ဆီးခဲ့ပြီးကျန်ရှိတဲ့ သစ်လုံးအနည်းငယ်ကို နန်းထိန်ချောင်း ရေအောက်ကိုရောက်အောင် ဖန်တီးလိုက်ကြတဲ့ အတွက် ရေအောက်မှာ နှစ်ပေါင်း ၇၀ ကျော် နစ်မြုပ်ခဲ့တယ်လို့ သိရပါတယ်" ဟု နောင်ပိုအောင် ဒေသခံတစ်ဦးက ပြောသည်။

ပြသထားသော ကျွန်းသစ်လုံးအစိတ်အပိုင်းများတွင် အင်္ဂလိပ်ခေတ်က ရိုက်မှတ်သည့် တံဆိပ်အမှတ်အသားများကို ထင်ထင်ရှားရှားတွေ့မြင်နေရဆဲဖြစ်သဖြင့်ကိုလိုနီခေတ် သစ်ထုတ်လုပ်မှုကို ထင်ဟပ်စေလျက်ရှိရာ စိတ်ဝင်စားသူများအနေဖြင့် သွားရောက်လေ့လာသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက တိုက်တွန်းသည်။ **သံတိုင်ထွန်း**

ဆီလျှော့စားဖို့လိုပါသည်

ဒေါက်တာမြတ်ထွန်းညွန့်

မြန်မာလူမျိုးများ နေ့စဉ်ချက်ပြုတ်စားသုံးရာတွင် မရှိမဖြစ်သုံးစွဲနေကြသော စားဆီများကို အတတ်နိုင်ဆုံး လျှော့ပေါ့စားသုံးတတ်ဖို့လိုပါသည်။

မြန်မာတို့နှင့် ဆီစားသုံးမှု

မြန်မာတို့သည် ဆီကိုကြိုက်တတ်သည်။ စားစရာထဲတွင် ဆီများများပါလေ ကောင်းလေဟု အထင်ရှိတတ်သည်။ လက်ဖက်သုပ်ဆိုလျှင်လည်း ဆီရွှဲရွှဲလေးဆမ်းမှ၊ ငါးခြောက်ဖုတ်ဆိုလည်း ဆီများများထည့်ကာနှပ်ထားမှ၊ ပဲပြုတ်တွင်လည်း ဆီများများထည့်လိုက်ရမှ စားကောင်းတတ်သည်။ မြိန်တတ်ကြသည်။ မြန်မာဟင်းအများစုတွင်လည်း ဆီပြန်ဟင်းများက ဟင်းကောင်းအဖြစ် နေရာယူထားသည်။ ယုတ်စွအဆုံး ဟင်းချိုဟင်း၊ အရည်ဟင်းတို့ထဲမှာပင် ဆီကလေးတစ်ပေါက်နှစ်ပေါက်ထည့်လိုက်ရမှ စားလို့ကောင်းမည် ထင်တတ်ကြသည်။ ဆီနည်းသည်ဆိုလျှင် 'ဟင်းကဆီတောင်မပါဘူး'ဟု ဆိုတတ်ကြပြန်သည်။ စားစရာမဟုတ်သည့် ဖွဲနုကိုပင်လျှင် ဆီဆမ်းစားက စားလို့ကောင်းသည်ဟု အဆိုရှိသည်။ ထို့ကြောင့် မြန်မာ့စားစရာဟင်းလျာများတွင် ဆီကမပါမဖြစ်ဆိုသလိုပါနေပြီး လိုသည်ထက်ပိုစားဖြစ်နေသော ဆီများကြောင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာဆိုးများကို ခံစားနေကြရလျက်ရှိသည်။

စားသုံးဆီနှင့် ကျန်းမာရေး

တကယ်တော့ ဆီသည် ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်တစ်မျိုးဖြစ်သည်။ ကိုယ်ခန္ဓာရှိ ဆဲလ်များ ပုံမှန်လုပ်ငန်းဆောင်တာ လုပ်ဆောင်ရာတွင် အဆီဓာတ်က လိုအပ်သည်။ အဆီတွင်သာ ပျော်ဝင်နိုင်သည့် ဗီတာမင်များဖြစ်သည့် ဗီတာမင်အေ၊ ဗီတာမင်ဒီ၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေ ဓာတ်တို့ကို အူမှစုပ်ယူနိုင်ရန်အတွက် အဆီဓာတ်က လိုသည်။ ကိုယ်တွင်းရှိ တစ်သျှူးများ၊ ဟိုမုန်းများ တည်ဆောက်ရေးတွင်လည်း အဆီဓာတ်က အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် အရေးပါပြန်သည်။ အရေပြားချောမွတ်သန့်စင်လုပ်ဖို့ရာတွင်လည်း အဆီဓာတ်က အရေးဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် တစ်နည်းအားဖြင့် ကိုယ်တွင်းဇီဝကမ္မဖြစ်စဉ်များ ပုံမှန်လည်ပတ်လုပ်ဆောင်ရေးအတွက် ဆီသည် လိုအပ်သည်။

> **ကျန်းမာရေးအတွက် မသင့်သော ဆီများစားသုံးခြင်းနှင့် ဆီစားသုံးမှု လွန်ကဲခြင်းကြောင့် ဖြစ်ပေါ်သော နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများသည် ကုသရခက်ခဲစေနိုင်သည့်အတွက် ကျန်းမာကြံ့ခိုင်စေရေးအတွက် ဆီစားသုံးမှုကို လျှော့ကြပါစို့**

သို့သော် တန်ဆေး၊ လွန်ဘေးဆိုသကဲ့သို့ လိုသည်ထက်ပိုလာလျှင် ကောင်းကျိုးထက် ဆိုးပြစ်က ပိုလာနိုင်သည်။ ဆီစားသုံးမှု လွန်ကဲလာပါက ပိုလျှံလာသောဆီများကြောင့် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ ကိုယ်တွင်းကလီစာများတွင် အဆီပိုများ စုပုံလာခြင်း၊ နှလုံးသွေးကြောနှင့် သွေးကြောများတွင် အဆီခဲများ ပိတ်ဆို့ခြင်း၊ ထိုသို့သွေးကြောများ ပိတ်ဆို့ခြင်းကြောင့် နှလုံးရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါများကိုပါ ဖြစ်ပေါ်စေနိုင်ခြင်း စသည့်များပြားသော ဆိုးရွားသည့် ကျန်းမာရေး ပြဿနာများကို ဖြစ်စေနိုင်သည်။ ထိုသို့သော ရောဂါဆိုးများမှာ ချက်ချင်းလက်ငင်း ထဖြစ်တတ်သည် မဟုတ်ဘဲ တဖြည်းဖြည်းချင်းသာ ဖြစ်တတ်သည့်အတွက် ရောဂါအခြေအနေဆိုးပါမှ ရောဂါဖြစ်နေမှန်း သိကြရလေ့ရှိပါသည်။ ထို့ကြောင့် ရောဂါမဖြစ်မီကတည်းက တစ်နည်းအားဖြင့် လူငယ်လူရွယ် ကလေးငယ်ဘဝမှာကတည်းက ကျန်းမာရေးအတွက် သင့်လျော်သည့်ဆီကို မလိုစေ မပိုစေဘဲ သုံးစွဲတတ်ရန်လိုသည်။



အဆီအမျိုးအစားများကို ဤသို့ခွဲခြားနိုင်သည်။ အကြမ်းဖျင်းအားဖြင့် တိရစ္ဆာန်မှရသောအဆီသည် ပြည့်ဝဆီများပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

အခြေခံအချက်နှစ်ရပ်

ဆီစားသုံးမှုနှင့် ဆက်နွယ်နေသော ကျန်းမာရေးပြဿနာများကို လေ့လာပါက အခြေခံအချက်နှစ်ချက်ကို တွေ့ရမည်ဖြစ်သည်။ ပထမအချက်မှာ "ကျန်းမာရေးနှင့် မသင့်လျော်သည့်ဆီများကို စားသုံးမိခြင်း"ဖြစ်ပြီး ဒုတိယအချက်မှာ "သုံးစွဲသင့်သည်ထက် ပိုမိုစားသုံးမိနေခြင်း" ဖြစ်သည်။

ဘယ်ဆီကိုစားမလဲ

စားသုံးနိုင်သောဆီများကို ပါဝင်ဖွဲ့စည်းမှု ဓာတုဗေဒသဘောအရ ပြည့်ဝဆီနှင့် မပြည့်ဝဆီဟု နှစ်မျိုးခွဲခြားနိုင်သည်။ အကြမ်းဖျင်းအားဖြင့် ပြည့်ဝဆီသည် ကျန်းမာရေးအတွက် မကောင်း၊ မပြည့်ဝဆီက ကျန်းမာရေးအတွက်ကောင်းသည်ဟု ဆိုနိုင်သည်။ မပြည့်ဝသော ဆီအမျိုးအစားထဲမှာပင် မိုနိုမပြည့်ဝဆီနှင့် ပေါ်လီ မပြည့်ဝဆီဟူ၍ ထပ်ခွဲခြားနိုင်သေးသည်။ တကယ်တမ်းတွင် စားသုံးဆီအမျိုးမျိုးထဲ၌ ပြည့်ဝဆီရော၊ မပြည့်ဝဆီပါရောပြီးပါသည်။ တချို့ဆီများက ပြည့်ဝဆီပိုများများပါသည်။ တချို့ကျတော့ မပြည့်ဝဆီပါဝင်မှု အချိုးအဆပိုများသည်။ ဥပမာအားဖြင့် ပြည့်ဝဆီပါဝင်မှုသည် ဝက်ဆီတွင် ၃၉ ရာခိုင်နှုန်းအထိရှိပြီး မြေပဲဆီတွင် ၁၈ ရာခိုင်နှုန်းသာရှိသည်။ အလားတူကောင်းသည့် အဆီဓာတ်ဖြစ်သော မပြည့်ဝဆီပါဝင်မှုသည် သံလွင်ဆီတွင် ၈၆ ရာခိုင်နှုန်း၊ နေကြာဆီတွင် ၈၉ ရာခိုင်နှုန်း၊ ပြောင်းစေ့ဆီတွင် ၈၇ ရာခိုင်နှုန်း၊ ပဲပုပ်စေ့ဆီနှင့် နှမ်းဆီများတွင် ၈၅ ရာခိုင်နှုန်း အသီးသီးပါဝင်ကြောင်း တွေ့ရသည်။ (စားသုံးဆီအမျိုးအစား အသီးသီး၏ ပြည့်ဝဆီ၊ မိုနိုမပြည့်ဝဆီ၊ ပေါ်လီ မပြည့်ဝဆီပါဝင်မှု အချိုးအဆ နှိုင်းယှဉ်ချက်ကို ပုံတွင် ကြည့်ပါ။)

သတိထားရှောင်ရမည့် ပြောင်းလဲဆီ

စားသုံးဆီများနှင့် ပတ်သက်ပြီး နောက်ထပ်သိထားရမည့်အချက်မှာ မည်သည့်ဆီပင်ဖြစ်ပါစေ၊ ကြော်လှော်သည့်အခါတွင် ပြောင်းလဲဆီ (Trans Fat)အဖြစ်သို့ ရောက်သွားနိုင်ခြင်းဖြစ်သည်။ ပြောင်းလဲဆီသည် ကျန်းမာရေးအတွက် အဆိုးရွားဆုံး၊ ကျန်းမာရေးထိခိုက်မှု အဖြစ်နိုင်ဆုံး ဆီအမျိုးအစားဖြစ်သည်။ ဆီကို ထပ်တလဲလဲကြော်သုံးခြင်းဖြင့် ပြောင်းလဲဆီဖြစ်ပေါ်နိုင်ပြီး ထိုဆီနှင့် ကြော်ထားသည့် အာလူးကြော်၊ အကြော်စုံ၊ ငါးမုန့်ကြော်၊ ကြက်ကြော် စသည်တို့ထဲတွင် ပြောင်းလဲဆီများ ပါဝင်နေနိုင်သည်။ ထိုအစားအစာများကို စားသုံးပါက ကျန်းမာရေးကို ထိခိုက်စေနိုင်သည်မှာ အသေအချာပင်ဖြစ်သည်။ ကောင်းသော အဆီအမျိုးအစားပင် ဖြစ်စေကာမူ အကြိမ်ကြိမ် အထပ်ထပ်ကြော်လှော်ပါက ပြောင်းလဲဆီအဖြစ် ပြောင်းလဲကာ ကျန်းမာရေးထိခိုက်စေနိုင်သည်။ ဤနေရာတွင် သိထားသင့်သည့်အချက်မှာ ပြည့်ဝဆီများသည် ကြော်လှော်သည့်အခါ ပြောင်းလဲဆီအဖြစ် ဖြစ်ပေါ်စေနိုင်မှု နည်းပါးသည်။ ထို့ကြောင့် အပင်မှရသည့်ဆီများဖြစ်သည့် ပဲပုပ်ဆီ၊ နေကြာဆီ၊ ပြောင်းဆီ၊ မြေပဲဆီ၊ နှမ်းဆီတို့ကို ချက်ပြုတ်စားသုံးရာတွင် သုံးစွဲသင့်ပြီး ကြော်လှော်ရန်အတွက် အုန်းဆီနှင့် စားအုန်းဆီများကို သုံးစွဲနိုင်သည်။

ဆီဘယ်လောက်စားသင့်သလဲ

ဒုတိယအချက်မှာ ဆီဘယ်လောက်များများ စားသင့်သလဲဆိုသည့်အချက်ဖြစ်သည်။ ပညာရှင်များ၏ တွက်ချက်မှုများအရ အရွယ်ရောက်ပြီးသူ တစ်ဦးအတွက် တစ်နေ့တာ စားသုံးသင့်သည့် ပမာဏမှာ ၂၀ ဂရမ် (လက်ဖက်ရည်ဇွန်း လေးဇွန်းစာခန့်) ဖြစ် သည်။ ကလေးများတွင် အဆီလိုအပ်မှု အနည်းငယ်ပိုသည့်အတွက် တစ်နေ့လျှင် လက်ဖက်ရည်ဇွန်းငါးဇွန်းအထိ စားသုံးနိုင်သည်။ အသက် ၉ နှစ်အရွယ်အထက်တွင် လေးဇွန်းခွဲအထိ စားသုံး နိုင်သည်။ အဝလွန်သူများ၊ နှလုံးနှင့် သွေးကြောကျဉ်းရောဂါရှိသူများနှင့် သွေးတွင်းအဆီဓာတ် များနေသူများဖြစ်ပါက ထိုပမာဏအောက်လျှော့၍ စားသုံးသင့်သည်။ အကြမ်းအားဖြင့် လူတစ်ဦးသည် တစ်နေ့အနည်းဆုံး လက်ဖက်ရည်ဇွန်း နှစ်ဇွန်းခန့်သော ဆီကိုစားသုံးသင့်သည်။ ထို့ကြောင့်အရွယ်ရောက်ပြီးသူ တစ်ဦးအတွက် တစ်လတာအတွက် ဆီစားသုံးမှုသည် လီတာဝက် ကျော်ကျော် (၀ ဒသမ ၆ လီတာခန့်) လိုအပ်မည်ဖြစ်သည်။ ထိုပမာဏသည် စုစုပေါင်း ဆီစားသုံးမှုဖြစ်ပြီး မြန်မာတို့၏ ဆီစားသုံးမှုနှင့် ယှဉ်ကြည့်လျှင် သိသိသာသာ များပြားနေသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် စားသောက်ဆိုင်များတွင် ရောင်းချသည့် စားစရာများတွင် ဆီအများအပြားပါလေ့ရှိပြီး မြန်မာကြိုက်ဖြစ်သည့် အစားအစာအများစုဖြစ်သည့် ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ထမင်းကြော်၊ အုန်းနို့ခေါက်ဆွဲ၊ ဒံပေါက်၊ ထောပတ်ထမင်း စသည်တို့တွင်လည်း ဆီပါဝင်မှုများလေ့ရှိသည့်အတွက် ကျန်းမာရေးအတွက် လိုအပ်သည့် ပမာဏထက်များစွာ ကျော်လွန်နေပါသည်။

ကျန်းမာဖို့ရာ ဆီလျှော့စားပါ

ထို့ကြောင့် ကျန်းမာရေးအတွက် စားသုံးဆီသုံးစွဲမှုနှင့် ပတ်သက်ပြီး အောက်ပါအချက်များကို အထူးဂရုပြုလိုက်နာသင့်ပါသည်။

- မိမိအိမ်တွင် ချက်ပြုတ်သုံးစွဲရာတွင် တိရစ္ဆာန်ထွက်အဆီများဖြစ်သည့် ဝက်ဆီ၊ အမဲဆီ၊ ကြက်ဘဲ အရေခွံတို့ကို မစားသုံးသင့်ပါ။
- အကြိမ်ကြိမ်ကြော်လှော်ပါက ပြောင်းလဲဆီများ ဖြစ်လာနိုင်သည့်အတွက် အကြိမ်ကြိမ်ကြော်ထားသည့် ဆီထဲတွင် ကြော်လှော်ထားသည့် အကြော်အမျိုးမျိုးကို အတတ်နိုင်ဆုံး ရှောင်သင့်ပါသည်။
- စားသောက်ဆိုင်များနှင့် အစားအစာထုတ်လုပ်ရောင်းချသူများအနေဖြင့်လည်း ပြန်ကြော်ဆီများ၊ အကြိမ်ကြိမ်ကြော်ထားသော ဆီများသုံးစွဲခြင်းမပြုရန် လိုအပ်ပါသည်။
- ဆီပါဝင်မှုများသော ကြော်ထားသည့် အစားအစာများ၊ တာရှည်ခံဆီများများပါသည့် အစားအစာများနှင့် ဆီများများဖြင့် ချက်ပြုတ်ထားသည့် အစားအစာများကို လျှော့ချစားသုံးသင့်ပါသည်။
- ဆီအမျိုးအစားအနေဖြင့် မြေပဲဆီ၊ နှမ်းဆီ၊ ပြောင်းဖူးဆီ၊ ပဲပုပ်ဆီများကို ချက်ပြုတ်ရာတွင် သုံးသင့်ပြီး ကြော်လှော်မည်ဆိုပါက ပြောင်းလဲဆီအဖြစ် အသွင်းပြောင်းမှုနည်းသည့် စားအုန်းဆီကို သုံးနိုင်ပါသည်။
- မည်သည့်ဆီကို သုံးသည်ဖြစ်စေ၊ သုံးစွဲစားသုံးမှုများပြားပါက ရေရှည်တွင် နောက်ဆက်တွဲကျန်းမာရေး ပြဿနာများ ဆိုးရွားစွာ ဖြစ်ပေါ်စေနိုင်သည့်အတွက် ဆီစားသုံးမှုကို လျှော့ချရန် လိုပါသည်။

ကျန်းမာရေးအတွက် မသင့်လျော်သော ဆီများစားသုံးခြင်းနှင့် ဆီစားသုံးမှု လွန်ကဲခြင်းကြောင့်ဖြစ်ပေါ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများသည် ကုသရခက်ခဲစေနိုင်သည့်အတွက် ကျန်းမာကြံ့ခိုင်စေရေးအတွက် ဆီစားသုံးမှုကို လျှော့ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။



စားသုံးဆီအမျိုးမျိုး၏ ပြည့်ဝဆီ၊ မပြည့်ဝဆီပါဝင်မှုအချိုးအဆကို ဤပုံတွင် ကြည့်နိုင်သည်။ အန္တရာယ်ရှိသော ပြည့်ဝဆီပါဝင်မှုများသည့်ဆီမျိုးကို ချက်ပြုတ်သုံးစွဲရာတွင် ရှောင်သင့်သည်။

၂၀၁၈ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

နေပြည်တော် စက်တင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၁၈ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၁၈ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို တစ်စောင်လျှင် စက္ကူဖြူချောဖြင့် ၅၀၀ ကျပ်၊ ရိုးရိုးစက္ကူဖြင့် ၃၅၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၈-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၁၅၉၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ ဖုန်း ၀၂-၃၀၁၈၆၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်အမှတ် (၁၇၃-၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ရန်ကုန်မြို့ (ဖုန်း ၀၁- ၂၄၈၁၀၂)နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၄

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

Mingalarbar 72 ပန်းချီပြပွဲကျင်းပ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေးချီးမြှင့်

မန္တလေး စက်တင်ဘာ ၂၄

Mingalarbar 72 ပန်းချီပြပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီက မန္တလေးမြို့ မင်္ဂလာ မန္တလေး၊ အနုပညာလမ်းရှိ သီရိပန်းချီအနုပညာပြခန်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး ဒေါက်တာယုယုမေတို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါပန်းချီပြပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသော ဒေါက်တာ စိုးသန်း၊ ဦးဇာနည်အောင်နှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်အဆင့်ဆင့်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပန်းချီ ဆရာ M.P.P Yei Myint နှင့် အနုပညာရှင်များ၊ သတင်းနှင့်မီဒီယာများ၊ သီရိပန်းချီအနုပညာပြခန်းမှ ဦးပုညဆွေနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် Mingalarbar 72 ပန်းချီပြပွဲအတွင်းခင်းကျင်းပြသထားသည့် ပန်းချီလက်ရာမွန်များကို လှည့်လည်ကြည့်ရှုအားပေးကြပြီး (ဓဲပုံ) အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ Mingalarbar 72 ပန်းချီပြပွဲတွင် ပန်းချီဆရာ M.P.P Yei Myint က ပန်းချီကားပေါင်း ၇၂ ကားကို စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက် အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း မန္တလေးမြို့ မင်္ဂလာမန္တလေး၊ အနုပညာလမ်းရှိ သီရိပန်းချီအနုပညာပြခန်းတွင်ပြသလျက်ရှိရာ ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

စမတ်ကတ်ဖြင့်ပင်စင်ထုတ်ပေးရက်တွင် စောင့်ဆိုင်းနေရသည့် သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းများ နေပူ၊ မိုးရွာဒဏ်ကင်းစေရန် ဆောင်ရွက်ပေးစေလို

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် မြို့ပြနှင့် တပ်မတော်ပင်စင်စားတို့အတွက် စမတ်ကတ်ဖြင့် ထုတ်ယူရာ၌ လတစ်လ၏ ၂၀ ရက်တွင် စတင်ထုတ်ပေးသောကြောင့် ယင်းနေ့မှ ငါးရက်အတွင်း ပင်စင်ထုတ်ယူသူများပြားသည့်အတွက် သတ်မှတ်အမိုးအကာအောက်တွင် လူဦးရေမဆံ့ဘဲ ဘဏ်၏မျက်နှာစာအထိ နေပူ၊ မိုးရွာချိန်တွင် တန်းစီစောင့်ဆိုင်းရ၍ သက်ကြီးရွယ်အိုပင်စင်စားများမှာ နာရီများစွာ ရပ်၍စောင့်ဆိုင်းရသဖြင့် ကျန်းမာရေးအတွက် တွေးဆစရာဖြစ်လာနေပြီး မသန်စွမ်းများနှင့် သက်ကြီးရွယ်အိုတို့အား ဦးစားပေးအဖြစ် ထုတ်ယူခွင့်ပြုခြင်းဖြင့် ပို၍အဆင်ပြေစေမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၂ ရက်က ပင်စင်ထုတ်ပေးရာတွင် ပင်စင်စားများက ဆန္ဒပြုပြောကြားကြသည်။

“ပင်စင်တစ်ခါတန်းစီရရင် အိုရတာ၊ နာရတာပိုပြီး ခံစားရတယ်။ ကိုက်ခဲ နာကျင်တာ ပိုခံရတယ်။ သက်ကြီးရွယ်အိုတွေဆိုရင် အကူတစ်ဦး၊ နှစ်ဦးတွဲပြီး လာကြတာ။ ဒါကြောင့် သက်ကြီးရွယ်အိုနဲ့ မသန်စွမ်းတွေကို ဘဏ်ကခေါ်ထုတ်ပြီး ပင်စင်ထုတ်ပေးရင်လည်း ကန့်ကွက်မယ့်သူ ဘယ်သူမှမရှိပါဘူး။ နေပူ၊ မိုးရွာချိန်မှာ တန်းစီစောင့်ဆိုင်းနေကြရတယ်။ ငွေထုတ်ပေးတဲ့ကောင်တာ သုံးခုနဲ့ မလောက်ရင် ငါးခုထားပေးနိုင်ရင်ရော အဆင်မပြေနိုင်ဘူးလား။ အဆင်ပြေကောင်းမွန်တဲ့ အစီအမံတွေ ဆောင်ရွက်ပေးစေလိုပါတယ်”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန မှ ပင်စင်စားတစ်ဦးက ပြောသည်။

ဘဏ်မှပင်စင်စားများအား ပင်စင်ထုတ်ပေးရာတွင် မသန်စွမ်းသူများနှင့် သွားလာရန် ခက်ခဲသော သက်ကြီးရွယ်အိုများ၊ အိပ်ရာတွင်းလဲနေသူများကို ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ပေးလျက်ရှိပြီး တစ်ဆင့်ထုတ်ပေးနိုင်သူမရှိသော ပင်စင်စားများအတွက် ကောင်းမွန်သောစနစ်တစ်ခုဖော်ဆောင်ပေးနိုင်ရန် ပင်စင်ထုတ်ယူသူများက လိုလားနေကြောင်း သိရသည်။

“သက်ကြီးရွယ်အိုတွေ၊ ကျန်းမာရေး အခက်အခဲရှိသူတွေကို တန်းစီခိုင်းတာထက်၊ ဦးစားပေးထုတ်ပေးစေချင်တယ်။ ပြီးတော့ EA-1 ဖြစ်တဲ့ ကျွန်တော်တို့လို တပ်မတော်သား ပင်စင်စားတွေကိုလည်း မြန်မြန်ဆန်ဆန် ထုတ်ပေးနိုင်ရင် အဆင်ပြေမှာပါ။ခြေထောက်ဖြတ်ထားလို့ ခြေတုနဲ့ ငါးနာရီကြာ နေပူ၊ မိုးရွာထဲမှာ တလှုပ်လှုပ်နဲ့ရပ်နေရတဲ့ ဒုက္ခကမလွယ်ဘူး။ ဒါကြောင့် အခုလိုရက်တွေမှာ သက်ကြီးရွယ်အိုတွေနဲ့ မသန်စွမ်းတွေကို မြန်ဆန်တဲ့ပုံစံတစ်မျိုးနဲ့ ပင်စင်ထုတ်ပေးစေချင်ပါတယ်”ဟု မသန်စွမ်းတပ်မတော်သား ပင်စင်စားတစ်ဦးကလည်း ပြောသည်။

အင်းစိန် မြန်မာ့စီးပွားရေးဘဏ်တွင် စမတ်ကတ်ဖြင့် ပင်စင်စားများအား လတစ်လ၏ ၂၀ ရက်မှ ၃၀ ရက်အထိ ထုတ်ပေးလျက်ရှိပြီး ပင်စင်ထုတ်ပေးရာတွင် ကောင်တာ သုံးခုဖြင့် လူသုံးထောင် ခန့်အား ထိုရက်တို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထုတ်ပေးလျက်ရှိရာ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းပင်စင်စားများ ငါးနာရီခန့် တန်းစီစောင့်ဆိုင်းနေကြရ၍ ပင်စင်စားများ အဆင်ပြေနိုင်မည့်စနစ်တစ်ခု ဆောင်ရွက်ပေးနိုင်ရန် လိုလားလျက်ရှိကြောင်း သိရသည်။

(၁၆၄)၊ ဓာတ်ပုံ-သစ္စာ

ရန်ကုန်မြို့တော်ဝန်ဖလား (၂၆) ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲအတွက် အလှူငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၂၆) ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၂ ရက်က ရန်ကုန်မြို့တော်ခန်းမ အစည်းအဝေးခန်းမ (၄)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ဥက္ကလာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစီအစဉ်ဖြင့် အလှူရှင်များက ငွေကျပ် ၂၇၀၀၀၀ နှင့် ငွေကျပ် ၂၀၈၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအပါအဝင် အလှူရှင်များက ငွေကျပ် ၉၅၁၄၅၀၀ နှင့် ငွေကျပ် ၁၄၅၇၀၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ ကျောက်တံတားမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစီအစဉ်ဖြင့် အလှူရှင်များက ငွေကျပ် ၃၀၇၀၀၀၊ သာကေတမြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ငွေကျပ် ၄၁၀၀၀၀၊ စမ်းချောင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ Sein Ngwe Mya Trading Co.,Ltd. တို့က ငွေကျပ် ၅၀၀၀၀၀ စီ၊ ဗဟိုပစ္စည်းထိန်းဌာန၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတို့က ငွေကျပ် ၆၀၀၀၀၀ စီ၊ ထုတ်လုပ်ရေးဌာန အလှူရှင်များက ငွေကျပ် ၁၀ သိန်း၊ ဈေးဌာနက ငွေကျပ် ၁၅၀၀၀၀၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ငွေကျပ် ၁၄၅၀၀၀၊ ရာပြတ်ဌာနက ငွေကျပ် ၁၄၀၀၀၀၊ ငွေစာရင်းဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနက ငွေကျပ် ၁၀၀၀၀၀ စီတို့အား ပေးအပ်လှူဒါန်းကြရာ (၂၆) ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ဒုတိယဥက္ကဋ္ဌ တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့် ကော်မတီဝင် ဒေါ်သန်းမြင့်အောင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံရှေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-အေးကေလင်း

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ယမန်နှစ်ကကျင်းပသည့် လမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲသူများကို တွေ့ရစဉ်

ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု မလှိုင်ဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မလှိုင် စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက်က ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

“(၅၃)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်တာပါ။ အခုလုပ်တာ ဒုတိယအကြိမ်ပါ။ ဒုတိယအကြိမ်အဖြစ်တော့ အခု မလှိုင် အမှတ် (၁)ရပ်ကွက်မှာရှိတဲ့ ဘိုးဘွားရိပ်သာမှာလုပ်တာပါ။ မလှိုင်မြို့နယ် မီးသတ်တပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်တာပါ”ဟု မလှိုင်မြို့မရဲစခန်း ရဲမှူးထွန်းဝေက ပြောသည်။

ပထမအကြိမ်အဖြစ် စက်တင်ဘာ ၁၆ ရက်ကလည်း အမှတ်(၃)ရပ်ကွက်ရှိ မလှိုင်ပြည်သူ့ဆေးရုံ၌ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

၂၀၁၇ ခုနှစ် မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

မူဆယ် စက်တင်ဘာ ၂၄- ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား U-23 အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက် ညနေ ၃ နာရီခွဲက မူဆယ်မြို့ပြည်ထောင်စုအားကစားကွင်း၌ကျင်းပရာ မူဆယ်မြို့နယ် အမှတ်(၁)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ စုံညီစွာ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်က အမှာစကားပြောကြားပြီး ဘောလုံးဖွင့်ပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇင်က ဘောလုံးကန်၍ ဖွင့်လှစ်ပေးကာ ကောင်းမူးတုံအသင်းနှင့် စွမ်စော်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကောင်းမူးတုံရပ်ကွက်အသင်းက ငါးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အဆိုပါဘောလုံးပြိုင်ပွဲကို ရပ်ကွက်/ကျေးရွာ စုစုပေါင်း ၁၁ ရပ်ကွက်မှ ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၇) စာအုပ် ထွက်ပြီ

နေပြည်တော် စက်တင်ဘာ ၂၄

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော “သိမှတ်ဖွယ်ရာ ဗဟုသုတ အဖြာဖြာ (၂၀၁၇)” စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ရာထူးဝန်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့်အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှ စတင်ကာ နှစ်စဉ် ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။

ဤစာအုပ်တွင် မြန်မာ့ရေးရာနှင့်ပတ်သက်သည့်အချက်အလက်များ၊ တပ်မတော်ဆိုင်ရာ သိမှတ်ဖွယ်ရာအချက်အလက်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတကာရေးရာ၊ ဘာသာရေးဆိုင်ရာ၊ အထွေထွေသိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားသည်။ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည်။

ထို့ပြင် နိုင်ငံတော်သမ္မတဦးထင်ကျော် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့က အတည်ပြုခန့်ထားခဲ့သော ပုဂ္ဂိုလ်များနှင့် ရာထူးနေရာများလည်း ပါဝင်သည့်အတွက် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

စာပေဗိမာန် နှစ်(၇၀)ပြည့် အထိမ်းအမှတ် သုတပဒေသာဆောင်းပါးပေါင်းချုပ် အထူးထုတ်ထွက်ပြီ

နေပြည်တော် စက်တင်ဘာ ၂၄

၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင်ကျရောက်သော စာပေဗိမာန် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၁၄ ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ လစဉ်ထုတ် သုတပဒေသာစာစောင်များမှ မျက်နှာဖုံးဆောင်းပါး အပုဒ် ၃၀ ကို စုစည်း၍ “သုတပဒေသာဆောင်းပါးပေါင်းချုပ် အထူးထုတ်” စာအုပ်ကို စာပေဗိမာန်က ဖြန့်ချိထားပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ တိုးတက်ခေတ်မီသော အတွေးအမြင်၊ အတွေ့အကြုံများ၊ ပညာရပ်ဆိုင်ရာဗဟုသုတများနှင့် မြန်မာပြည်သူပြည်သားများ သိသင့်သိထိုက်သည့် ကောင်းနိုးရာရာအကြောင်းအရာများကို ဘာသာပြန်ဆိုရေးသားထားသော စာရေးဆရာကြီး ၃၀ တို့၏ ဆောင်းပါးများကို ရောင်စုံ၊ အဖြူအမည်း သရုပ်ဖော်ပုံ ဝဝဝဝ ဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် လည်းကောင်း။

မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံမှ လည်းကောင်း ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူး၍ လစဉ် နောက်ဆုံးပတ် တနင်္ဂနွေနေ့တိုင်း ကျင်းပလျက်ရှိသော (၁၆) ကြိမ်မြောက် လူထုစုပေါင်း စက်ဘီးစီးပွဲကို စက်တင်ဘာ ၂၄ ရက်က မန္တလေးမြို့ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာမှစတင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သော ဌာနဆိုင်ရာများ၊ စက်ဘီးစီးအသင်းများမှ ကစားသမားများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြစဉ်

ဓာတ်ပုံ-တင်မောင် (မန်းကိုယ်ပွား)

ရှမ်းယူနိုက်တက်နှင့် ရန်ကုန်သရေကျ

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉)ပထမနေ့ကို ယနေ့ ညနေပိုင်းကကျင်းပရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ပွဲမှာ ဂိုးမရှိ သရေကျခဲ့သည်။ (အောက်ပုံ)

အမှတ်ပေးဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်သည် ယခုပွဲ သရေရလဒ်ကြောင့် ချန်ပီယံဆုအတွက် ဖိအားဝင်သွားခဲ့ရပြီး လက်ကျန်ပွဲများတွင် ပိုမိုရုန်းကန်ရတော့မည် ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယနေရာမှ ရန်ကုန်အသင်းထက် နှစ်မှတ်အသာရထားသော်လည်း ရတနာပုံ၊ မကွေး၊ ဟံသာဝတီအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပထမဆုံးချန်ပီယံဆုအတွက် လက်ကျန်ပွဲများတွင် အမှားလုပ်၍ မရတော့ပေ။

ရန်ကုန်အသင်းသည် လက်ကျန်ပွဲများတွင် ရှမ်းနှင့်ပွဲကျပ်ကို သရေကစားနိုင်ခဲ့သောကြောင့် ချန်ပီယံဆုအတွက် အခွင့်အရေး ပိုကောင်းသွားခဲ့သည်။

ခက်ခက်ခဲခဲ ကစားခဲ့ရ

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် ပြည်တွင်းကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းမှာမူ ဒဏ်ရာရနေသည့် ဂိုးသမား ကျော်ဇင်ထက်၊ ပွဲပယ်ခံထားရသည့် နောက်ခံလူ မိုကာလူတို့နေရာတွင် အရန်ကစားသမားများပါဝင်ခဲ့ပြီး ကွင်းလယ်နှင့် တိုက်စစ်တွင် လူစုံပါဝင်ခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲ ကစားခဲ့ရသည်။

ပထမပိုင်းတွင် ရန်ကုန်အသင်းက ကစားပုံပိုကောင်းခဲ့ပြီး ရှမ်းခံစစ်ပိုင်းကို ခြိမ်းခြောက်နိုင်ခဲ့သည်။ မိနစ် ၂၀ တွင် တိုက်စစ်မှူး ကျော်ကိုကို အပိုင်အခွင့်အရေးရခဲ့သော်လည်း လွဲချော်ခဲ့၍ ရန်ကုန်အသင်း နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင် ရှမ်းအသင်း ဂိုးရရန် ကစားအားမြှင့်လာခဲ့ပြီး ရန်ကုန်အသင်းသည် ကြည်လင်းကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ပထမပိုင်းလောက်ပင် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခြင်းမရှိခဲ့ပေ။ အိမ်ရှင်ပရိသတ်အချို့၏ အားပေးမှုအချို့ကြောင့် ပွဲချိန်အတွင်း ပွဲခေတ္တရပ်နားခဲ့ရပြီး ပွဲပြီးခါနီးတွင် ရှမ်းယူနိုက်တက်အသင်း ပယ်နယ်တီရနိုင်သည့်အခွင့်အရေးကို ကွင်းလယ်ဒိုင်က ငြင်းပယ်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

ဇွဲကပင် အနိုင်ရ

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းက ချင်းယူနိုက်တက် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အတွက် အနိုင်ဂိုးကို ၅၃ မိနစ်တွင် ဂျပန်ကွင်းလယ်လူ ကင်မ်က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို စက်တင်ဘာ ၂၅ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ GFA နှင့် ရတနာပုံ၊ ပုသိမ်ကွင်း၌ ရောဝတီနှင့် Southern၊ ပဲခူးကွင်း၌ ဟံသာဝတီနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

ဆေးလိပ်၊ ကွမ်းယာအန္တရာယ် သတိပေးနှိုးဆော်ချက်

ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါသောကွမ်းစားခြင်းတို့ကြောင့် -

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး၊
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊
- အဆုတ်ပွရောဂါ၊ ပြင်းထန်သည့်သွေးတိုးရောဂါ၊
- ခြေပုပ်လက်ပုပ်ရောဂါ၊
- ပန်းသေပန်းညှိုးရောဂါစသည်တို့ ဖြစ်ပွားနိုင်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်များတွင်-

- ကိုယ်ဝန်ပျက်ခြင်း၊
- ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သောကလေး မွေးဖွားခြင်း၊
- မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသည့်ကလေး မွေးဖွားခြင်း၊
- မွေးစကလေး ရုတ်တရက်သေဆုံးခြင်းများ ဖြစ်ပွားနိုင်ပါသည်။

ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သဖြင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို အစမပြုမိစေရန်နှင့် သုံးစွဲနေပါကလည်း ဖြတ်နိုင်ရန်ကြိုးစားပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၂၅-၉-၂၀၁၇ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လှုငယ်အစီအစဉ်
၁၃း၀၀ - တစ်ခါက အနုပညာမှတ်တမ်းများ
ပြည်သူချစ်သောအနုပညာရှင် ဝင်းဦး (အပိုင်း-၁)

ညနေပိုင်း

၁၅း၁၅ - **Myanmar National League MNL MAX CEMENT 2017**
ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
(Hantharwady United FC နှင့် Magwe FC)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- မျက်မှောက်ရေးရာသုံးသပ်စရာ **ရခိုင်ပြည်နယ်ရေးကိစ္စ** (အပိုင်း-၂)
- နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါချောင်းအန်း** (အပိုင်း-၁၄)

ကရင်ပြည်နယ်နေ့ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

ဘားအံ စက်တင်ဘာ ၂၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်တိုင်းရင်းသားတို့၏ ပွဲတော်တစ်ခုဖြစ်သည့် (၆၂) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ရိုးရာမပျက်၊ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ စနစ်တကျကျင်းပနိုင်ရေးအတွက် ဆိုင်ခန်းများနေရာချထားရေးနှင့် ရန်ပုံငွေရှာဖွေရေးအထောက်အကူပြုလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးရုံးခန်း၌ ပြုလုပ်ခဲ့သည်။

ယခုနှစ်ကျင်းပမည့် ကရင်ပြည်နယ်နေ့ပွဲတော်တွင် ယခင်နှစ်များကဲ့သို့ ဈေးဆိုင်ခန်းများအား လေလံစနစ်ဖြင့် နေရာချထားပေးတော့မည်မဟုတ်ဘဲ ပွဲတော်လာပြည်သူများအတွက် ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ဝန်ထုပ်ဝန်ပိုး မဖြစ်ပေါ်စေရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆိုင်ခန်းနေရာချထားပေးသွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်(ကုန်စည်ပြပွဲ)နှင့် ဈေးဆိုင်ခန်းများအတွက် လုပ်ငန်းရှင်တစ်ဦးတည်းကိုသာ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လုပ်ငန်းနှစ်ခုစလုံးအတွက် အဆိုပြုဈေးတင်သွင်းရာတွင် ပွဲတော်အထောက်အကူဖြစ်စေရေး ဆောင်ရွက်ပေးမည့်အစီအစဉ်အား တင်ပြရမည်ဖြစ်ကြောင်း၊ တင်ဒါချထားပေးရာတွင် ဒေသတွင်းနေထိုင်သူ၊ အတွေ့အကြုံရှိသူ (လုပ်ကိုင်ခွင့်ရပြီး ကိုယ်တိုင်လုပ်ကိုင်ခြင်းမရှိဘဲ ပြန်လည်လွှဲပြောင်းပေးခဲ့သူမဖြစ်စေရ) အား ဦးစားပေးမည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

တင်ဒါလျှောက်ထားလိုသူများအနေဖြင့် စက်တင်ဘာ ၃၀ ရက်အထိ ကရင်ပြည်နယ်နေ့ပွဲတော် ကျင်းပရေးကော်မတီအတွင်းရေးမှူး၊ ပြည်နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး ဘားအံမြို့တွင် လျှောက်လွှာများ လာရောက်ထုတ်ယူနိုင်ကြပြီး အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဆိုင်ခန်းနေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်း ဆောင်ရွက်ပေးမည်

နေပြည်တော် စက်တင်ဘာ ၂၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိ ဆောင်ရွက်နိုင်ပါရန် အသိပေးကြော်ငြာအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁။	နေပြည်တော်	လယ်ဝေး
၂။	ကချင်ပြည်နယ်	တနိုင်း၊ မိုးကောင်း
၃။	ကယားပြည်နယ်	ဘော်လခဲ၊ ဖားဆောင်း
၄။	ကရင်ပြည်နယ်	ကြာအင်းဆိပ်ကြီး၊ ခလယ်တံခွန်တိုင်
၅။	စစ်ကိုင်းတိုင်းဒေသကြီး	ပုလဲ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ကန့်ဘလူ
၆။	တနင်္သာရီတိုင်းဒေသကြီး	ဘုတ်ပြင်း
၇။	မကွေးတိုင်းဒေသကြီး	တောင်တွင်းကြီး၊ မြိုင်၊ ပေါက်၊ ငဖဲ၊ အောင်လံ
၈။	မန္တလေးတိုင်းဒေသကြီး	စဉ့်ကူး၊ မလှိုင်
၉။	မွန်ပြည်နယ်	ရေး၊ ကျိုက်ထို
၁၀။	ရခိုင်ပြည်နယ်	သံတွဲ၊ တောင်ကုတ်၊ ဂွ
၁၁။	ရန်ကုန်တိုင်းဒေသကြီး	မှော်ဘီ၊ ခရမ်း
၁၂။	ရှမ်းပြည်နယ်	ဖယ်ခုံ၊ နမ့်ဆန်၊ မိုင်းခတ်၊ မိုင်းယန်း၊ ကျိုင်းလပ်
၁၃။	ဧရာဝတီတိုင်းဒေသကြီး	ကျုံပျော်၊ ရေကြည်၊ နေဖြူ၊ လေးမျက်နှာ၊ ဒေးဒရဲ

(မြန်မာ့အလင်း)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူ

စစ်တွေ စက်တင်ဘာ ၂၄

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၈ နာရီတွင် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ကြည်လွင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုကြပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်ကြသည်။

ယနေ့ သွေးလှူဒါန်းကြသော ရဲတပ်ဖွဲ့ဝင်များအား စစ်တွေ သွေးလှူဘဏ်မှ ဝန်ထမ်းများက အားဆေးနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ကြကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးနိုင်ရေး စစ်တွေမြို့၌ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒဖော်ထုတ်

စစ်တွေ စက်တင်ဘာ ၂၄

ရခိုင်ပြည်နယ်အတွင်း၌ ဖြစ်ပေါ်နေသော ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်ထောင်စုအစိုးရမှ တရားဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရခိုင်အလင်းတံခါးစာကြည့်တိုက် ဥက္ကဋ္ဌ ဒေါ်မကျော့စိန် ဦးဆောင်ကာ ခွင့်ပြုချက်ရယူ၍ စစ်တွေမြို့ပေါ်၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ကြသည်။ **(ယာပုံ)**

ထိုသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ကြရာတွင် စစ်တွေမြို့ ကျောင်းတက်လမ်း၊ ဦးဥတ္တမလမ်း၊ လမ်းမကြီး၊ နာရီစင်အဝိုင်း၊ ကုန်သည်လမ်း၊ စက်ရုံစုလမ်းအတိုင်း လှည့်လည်၍ ဆန္ဒဖော်ထုတ်ခဲ့ကြပြီး အကြမ်းဖက်လုပ်ရပ်များအပေါ် ဆန့်ကျင်ရှုတ်ချသည့်စာသားပါ ဗီနိုင်း၊ ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ကြပြီး မွန်းလွဲ ၂ နာရီခွဲခန့်တွင် စစ်တွေမြို့ဝက်ပါကွင်းစုရပ်သို့ ပြန်လည်ရောက်ရှိကာ လူစုခွဲခဲ့ကြကြောင်း သိရသည်။

ဝင်းမင်းစိုး (ပြန်/ဆက်)

တင်းမေကျေးရွာ၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိသိမ်းဆည်း၊ ဒီလ်ပါရာကျေးရွာ၌ နေအိမ်များမီးလောင်မှုဖြစ်

နေပြည်တော် စက်တင်ဘာ ၂၄

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တင်းမေကျေးရွာအုပ်စုအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် တိုင်ကြားချက်အရ တင်းမေကျေးရွာ ရပ်ကွက် ၂ ရှိ အဘူကာလောင် ၄၅ နှစ် (ဘ)မာမတ်တာမိန် နေထိုင်သည့်(လူမရှိ) နေအိမ်ခြံဝင်းအတွင်း ရှာဖွေစစ်ဆေးခဲ့သည်။

စက်တင်ဘာ ၂၃ ရက်က မောင်တောမြို့နယ် ဒီလ်ပါရာကျေးရွာ ယခင်မီးလောင်ပြင်ဟောင်းတွင် ကျန်ရှိသော လူမနေသည့် အိမ်ငါးလုံး မီးလောင်မှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ

ခြံအတွင်းရှာဖွေစစ်ဆေးခဲ့ရာ နေအိမ်၏တောင်ဘက်ရှိ ငါးကန်ပေါင်ဘေးတွင် ပလတ်စတစ်အဖြူဖြင့် ပတ်လျက် မြေမြှုပ်ထားသည့် အလျား ကိုးလက်မ၊ အချင်း နှစ်လက်မခန့်ရှိ သံပိုက်လုံးဖြင့်ပြုလုပ်ထားသည့် အဝေးထိန်းစနစ်ပါ အသက်သွင်းပြီး လက်လုပ်အဝေးထိန်းမိုင်းတစ်လုံးအား တွေ့ရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းလက်လုပ်အဝေးထိန်းမိုင်းအား သက်မဲ့ပြုလုပ်ခဲ့ပြီး အနီးတစ်ဝိုက် ဆက်လက်ရှင်းလင်းရှာဖွေခဲ့ရာ ထူးခြားမှုမရှိ၍ ပြန်လည်ထွက်ခွာခဲ့သည်။

အဘူကာလောင်နှင့် ပူးပေါင်းပါဝင်သည့် အကြမ်းဖက်များအား အရေးယူနိုင်ရန် တောင်ဘဇာနယ်မြေစခန်း၌ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ -၅၀(ဈ)ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

မောင်တောမြို့နယ် ဒီလ်ပါရာကျေးရွာ ယခင်မီးလောင်ပြင်တွင် ကျန်ရှိနေသည့် လူမနေသည့် နေအိမ်ငါးလုံး စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒီလ်ပါရာကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကျေးရွာအတွင်း မီးလောင်နေမှုအားတွေ့ရှိ၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရသည်။

မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်းသိရပြီး တရားခံဖမ်းဆီးရမိရေး မောင်တောမြို့မစခန်း၌ အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၂၃ ရက်က ဘူးသီးတောင်မြို့နယ် နယ်မြေ(၁၀) တင်းမေကျေးရွာ အဘူကာလောင်၏နေအိမ်တောင်ဘက် ငါးကန်ပေါင်ဘေးမှ လက်လုပ်အဝေးထိန်းမိုင်းတစ်လုံး သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ

၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်း အပြည့်အဝရရှိရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိ

■ သန်းဦး(လေးမျက်နှာ)

မြန်မာနိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားရရှိရေးကို အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အကြီးစား၊ အလတ်စားရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်၍ ရေအားလျှပ်စစ်ထုတ်ယူခြင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပေးခြင်း၊ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားယူခြင်း စသည်တို့အပြင် နိုင်ငံတော် ဓာတ်အားလိုင်း မရောက်ပေါက်နိုင်သည့် ကျေးလက်ဒေသများတွင် တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်ထုတ်လုပ်သုံးစွဲနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိအောင် စီမံဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှ ၂၆၂၀ မဂ္ဂါဝပ်၊ ယူနစ်သန်းပေါင်း ၁၄၇၈ ဒသမ ၇၄၁ ထုတ်လုပ်လျက်ရှိရာမှ ၂၀၁၇ ခုနှစ်တွင် အမြင့်ဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၂၈၉၃ မဂ္ဂါဝပ်၊ ယူနစ်သန်းပေါင်း ၁၆၄၃ ဒသမ ၂၅၈ ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခုနှစ်တွင် ဓာတ်အား ၂၇၃ မဂ္ဂါဝပ်၊ ယူနစ် သန်းပေါင်း ၁၆၄ ဒသမ ၅၁၇ ကို ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

ထိုကဲ့သို့ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်မှုကြောင့် စက်ရုံအလုပ်ရုံများ၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်မီးမရရှိသေးသော ကျေးလက်ဒေသများကို လျှပ်စစ်ဓာတ်အား ပိုမိုပေးနိုင်ခဲ့သည်။ ဒေသတစ်ခုတိုးတက်ဖွံ့ဖြိုးရန်အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိမှုအပေါ် မူတည်နေသဖြင့် နိုင်ငံတော်က ၎င်းကိစ္စအား အထူးစီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထိုကဲ့သို့လုပ်ဆောင်ပေးခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောနယ်စပ်ဒေသများပါမကျန် လျှပ်စစ်မီးရရှိကာ ဒေသဖွံ့ဖြိုးလာမည်ဖြစ်သည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်းအပြည့်အဝရရှိရေးနှင့် နိုင်ငံတော် စီးပွားဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

National Electrification Plan- NEP ပထမ (၅)နှစ် စီမံကိန်းအရ အိမ်ထောင်စု ၁ ဒသမ ၅ သန်းခန့်အား National Grid မှ တစ်ဆင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက် လျက်ရှိပြီး အဆိုပါရည်မှန်းချက်သည် ၂၀၂၀ပြည့်နှစ်တွင် နိုင်ငံ၏အိမ်ထောင်စု ၅၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် အိမ်ထောင်စု ၇၅ ရာခိုင်နှုန်းကို လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် အိမ်ထောင်စု ၁၀၀ ရာခိုင်နှုန်းကို လည်းကောင်း လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိအောင်ဆောင်ရွက်နေကြောင်း လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ အိမ်ထောင်စု ၁၀ ဒသမ ၈ သန်းခန့်ရှိသည့်အနက် ၄ ဒသမ ၁၉ သန်း ရာခိုင်နှုန်းအားဖြင့် ၃၈ ဒသမ ၅ ရာခိုင်နှုန်းကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု ၃ ဒသမ ၆၉ သန်းခန့် လျှပ်စစ်ဓာတ်အားရရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စု ၄ ဒသမ ၁၉ သန်းခန့် ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၌ အိမ်ထောင်စုပေါင်း ၄၉၄၈၇၆ စု အခြေခံနှစ်ထက် ၄ ဒသမ ၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် မေလမှ ၂၀၁၇ ခုနှစ် မေလအထိ တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကနှင့် အခြားကဏ္ဍများ၌ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် စုစုပေါင်း ၂၆၀၇ လုံး၊ ၆၂၈၄၅ ကေဗွီအေ၊ စက်မှုဇုန်များအတွက် ၄၃၀၊ ၁၄၁၁၁၃ ကေဗွီအေ၊ မီးလင်းရေးလုပ်ငန်းများအတွက် ၂၄၀၄ လုံး၊ ၃၈၁၇၄၀ ကေဗွီအေနှင့် ဝန်ကြီးဌာနပိုင် ၆၀၅ လုံး၊ ၁၁၉၁၅၅ ကေဗွီအေတို့ကို ခွင့်ပြုတပ်ဆင်ပေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်ဓာတ်အားလိုင်းမှ တရားမဝင်လျှပ်စစ်သွယ်တန်းအသုံးပြုသူများအား စစ်ဆေး၍ ကျသင့်သောငွေကြေးအား ပေးသွင်းစေခြင်း၊ အချို့လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲသူများအား အရေးယူခြင်း၊ ဝန်နှင့်အားမမျှသော လျှပ်စစ်ကြိုးများ လဲလှယ်ပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးနှင့် ဓာတ်အားအလေအလွင့်မရှိစေရေး ဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

မြို့ ရွာ၊ လူနေရပ်ကွက်အတွင်း လျှပ်စစ်မီးပြတ်တောက်ရခြင်း၏ ၅၀ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်ကြိုးများဆွေးမြည့်၍ ရှော့ခ်ဖြစ်ခြင်း၊ သစ်ပင်၊ သစ်ကိုင်းများ လျှပ်စစ်ဓာတ်အားပေးကြိုးများအပေါ် ထိစပ်နေခြင်း၊ ကြိုးပေါ်သို့လဲကျခြင်းများကြောင့်လည်း လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခြင်း၊ လေလွင့်ဆုံးရှုံးမှုများဖြစ်ပေါ်ရခြင်း ဖြစ်သည်။

သို့ဖြစ်၍ ဤကဲ့သို့သော ဖြစ်ရပ်များအပေါ် သက်ဆိုင်ရာ လျှပ်စစ်ရုံးများနှင့် ရပ်ကွက်နေပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် ထိစပ်နေသည့် သစ်ပင်သစ်ကိုင်းများကို ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သင့်ပေသည်။ သို့မှသာ လျှပ်စစ်ဓာတ်အားအလေအလွင့်များ လျော့နည်းပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားများ ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း-----။ ။

နှစ်စဉ်လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှ ၂၆၂၀ မဂ္ဂါဝပ်၊ ယူနစ် သန်းပေါင်း ၁၄၇၈ ဒသမ ၇၄၁ ထုတ်လုပ်လျက်ရှိရာမှ ၂၀၁၇ ခုနှစ်တွင် အမြင့်ဆုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၂၈၉၃ မဂ္ဂါဝပ်၊ ယူနစ်သန်းပေါင်း ၁၆၄၃ ဒသမ ၂၅၈ ထုတ်လုပ်နိုင်ခဲ့

ကညင်ကိုင်းကျေးရွာတွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးဖွင့်ပွဲကျင်းပ

မြောင်းမြ စက်တင်ဘာ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြောင်းမြမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး (NEP) စီမံကိန်းဖြင့် ကမ္ဘာ့ဘဏ်ချေးငွေနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေး အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြောင်းမြမြို့နယ် ကညင်ကိုင်းကျေးရွာ အိမ်သုံးဆိုလာမီးလင်းရေးဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျေးရွာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ကျေးရွာမီးလင်းရေး ဆောင်ရွက်မှုနှင့်ပတ်သက်၍ ကျေးရွာပြည်သူများထံမှ ဝမ်းမြောက်စကားကို ကြားသိခဲ့ရသည်။ "အတော်ဝမ်းသာပါတယ်။ ကျေးရွာနဲ့ပတ်သက်ပြီး ပညာရေး၊ ကျန်းမာရေး အစစအရာရာ အတော်လေး အဆင်ပြေပါတယ်"ဟု ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့ဝင် မန်းကျော်သန်းက ပြောသည်။

"ကျွန်မတို့ ကျေးရွာမှာ အခုလို လျှပ်စစ်မီးရရှိတဲ့အတွက် ကလေးတွေ စာကျက်ရတာအဆင်ပြေတယ်။ ညဘက် တီဗွီကြည့်ရပြီး သတင်းတွေလည်း ကြည့်လို့ရတယ်။ လာရောက်တပ်ဆင်ပေးကြသူတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ကျေးရွာနေ ကရင်တိုင်းရင်းသူ နန့်အိုင်ခလိန်က ပြောသည်။

"တစ်နိုင်ငံလုံး ကျေးရွာများ လျှပ်စစ်မီးရရှိရေး ရည်ရွယ်ပြီး ကမ္ဘာ့ဘဏ်ရဲ့ ကူညီမှုနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသင်းဦးက ပြောကြားသည်။

အဆိုပါ အိမ်သုံးဆိုလာစနစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦးက အမှာစကားပြောကြားပြီး ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသင်းဦးက NEP စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ Earth Renewable Energy ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကျေးရွာတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး၊ မြောင်းမြမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးခိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇာနည်တင့်၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသင်းဦးတို့က ကျေးရွာမီးလင်းရေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျေးရွာ အလယ်တန်းကျောင်းဆောင်အတွင်း တပ်ဆင်ထားသော ဆိုလာမီးလင်းရေးစနစ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယနေ့ကျင်းပသော မီးလင်းရေးဖွင့်ပွဲတွင် ကညင်ကိုင်းကျေးရွာအတွင်း အိမ်ခြေ (၆၈)အိမ်၊ စာသင်ကျောင်းနှင့် လမ်းမီးတိုင်များကို ဆိုလာမီးများ တပ်ဆင်ပေးခဲ့ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြောင်းမြမြို့နယ်အတွင်း တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၅၉ ရွာ၊ အိမ်ခြေပေါင်း ၁၆၄၇ အိမ်၊ စာသင်ကျောင်းပေါင်း ၄၅ ကျောင်း၊ ကျေးလက်ဆေးပေးခန်း ခုနစ်ခု၊ ဘာသာရေးဆိုင်ရာအဆောက်အအုံ ၃၈ ခု၊ ဆိုလာလမ်းမီးတိုင်ပေါင်း ၂၉၅ တိုင်တို့ကို နိုင်ငံတော်က အကုန်အကျခံ၍ အခမဲ့တပ်ဆင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းစိုးက ပြောကြားသည်။

စိုးမင်းအောင်(ပြန်/ဆက်)

(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၇ နာရီက နေပြည်တော် ခုတင်(၁၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရဲမှူးချုပ် တင်ကိုကိုနှင့်အတူ အမှတ်(၁) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး မျိုးအောင်၊ အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး အောင်ဆန်းဝင်း၊ အမှတ်(၁၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး သန်းဝင်း၊ လုံခြုံရေးရဲတပ်ဖွဲ့ ခွဲမှူးများနှင့် ရဲတပ်ဖွဲ့ဝင်အင်အား ၂၁၅ ဦးတို့က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၄

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်၊ ရဲမေနှင့် မိသားစုဝင်များ၏ သွေးလှူဒါန်းမှုကို စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး၌ အင်အား ၄၇ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ရာ တပ်ဖွဲ့မှူး၊ ဒုတပ်ဖွဲ့မှူးနှင့် ခရိုင်တပ်ဖွဲ့မှူးတို့ ရောက်ရှိအားပေးစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

ရေဦး၌ မိုးသက်လေပြင်းတိုက်ခတ်၍ နေအိမ်များ၊ လျှပ်စစ်မီးတိုင်များနှင့် ဖုန်းတိုင်များ ပျက်စီး

ရေဦး စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့၌ စက်တင်ဘာ ၂၃ ရက် နံနက် ၁ နာရီခန့်က မိုးသက်လေပြင်းကျရောက်ကာ အပင်လိုက်လဲကျခြင်း၊ သစ်ကိုင်းကြီးများ ပဲ့ကျခြင်း၊ လူနေအိမ်ခေါင်မိုးများ ပြုတ်ထွက်ခြင်း၊ သွပ်မိုးလန်ခြင်း၊ လျှပ်စစ်မီးတိုင်များ၊ ဖုန်းတိုင်များ လဲကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ရေဦးကုန်းကျေးရွာရှိ လူနေအိမ်ရှစ်လုံး၊ ဗိုလ်အောင်ဇေယျရပ်ကွက်မှ လူနေအိမ် ၁၀ လုံးတို့ ခေါင်မိုးသွပ်များ လွင့်ထွက်ခြင်း၊ ဒိုင်းများကျွတ်ထွက်ခြင်း၊ သက်တမ်းကြာမန်ကျည်း၊ ကုက္ကိုပင်ကြီးများ လဲကျခြင်း၊ သစ်ကိုင်းကြီးများ ကျိုးကျခြင်းများ ဖြစ်ပေါ်ခဲ့သည်။

သာသနိကအဆောက်အအုံနှင့် စာသင်ကျောင်းများ၊ လူနှင့် တိရစ္ဆာန်များထိခိုက်မှု မရှိခဲ့ကြောင်း သိရသည်။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ကျရောက်ခဲ့မှုကို ဒေသခံများ၏ သတင်းပေးချက်အရ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်၏ စီမံခန့်ခွဲမှုဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အများပြည်သူသွားလာမှု မြန်ဆန်စေရန်အတွက် လမ်းပိတ်ဆို့နေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လူနေအိမ်ပေါ် ကျရောက်နေသည့် သစ်ကိုင်းများ ဖြတ်တောက်ပေးခြင်းတို့ကို ရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

သန်းထိုက်(ရေဦး)

သက်တမ်းနှစ် ၇၀ ခန့်ရှိ ညောင်ပင်လဲကျ၍ နေအိမ်နှစ်လုံးပျက်စီး

ခင်ဦး စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အင်တိုင်းကြီးကျေးရွာအုပ်စု ရွှေကူတဲစုကျေးရွာတွင် စက်တင်ဘာ ၂၃ ရက် နံနက် ၁ နာရီခန့်က မိုးသက်လေပြင်း

တိုက်ခတ်သဖြင့် အထက်တန်းကျောင်းခွဲ၏ အနောက်တောင်ဘက်ရှိ သက်တမ်းနှစ် ၇၀ ခန့်ရှိ ညောင်ပင်လဲကျ၍ နေအိမ်နှစ်လုံးပျက်စီးခဲ့သည်။

ညောင်ပင်လဲကျရာတွင် ဒေါ်ခင်ညိမ်း၏ မြေစိုက်နေအိမ်ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၃၈၀၀၀ ခန့်နှင့် ဦးကျော်မျိုး၏ မြေစိုက်နေအိမ်ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၄၀၀၀၀ ခန့် ပြိုကျပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။

အဆိုပါဖြစ်ပွားသည့်နေရာသို့ စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်စိုးပိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပူးပေါင်းပြီး လဲကျနေသော ညောင်ပင်အား ရှင်းလင်းခဲ့သည်။ **(ဝဲပုံ)**

ပြိုကျပျက်စီးသွားသောနေအိမ်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တစ်အိမ်လျှင် သွပ် ၁၅ ချပ်နှုန်း၊ ဆန် ၁၂ ပြည်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

မြောက်ဥက္ကလာပမြို့နယ်၌ မီးလောင်မှုဖြစ်ပွား၍ နေအိမ်ငါးလုံးဆုံးရှုံး

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် ယုဇန ၁-လမ်း မယ်လမုဘုရားအနီးရှိ နေအိမ်တွင် စက်တင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်ကစ၍ မီးလောင်မှုဖြစ်ပွားရာ နေအိမ်ငါးလုံးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကို Level 2 အဆင့် သတ်မှတ်ထားပြီး အဆိုပါ မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၅၅ ဦးတို့မှ အုပ်ချုပ်မှုယာဉ်လေးစီး၊ မီးသတ်ယာဉ် ၂၅ စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းတည့် ၁၂ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနေအိမ်ငါးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်ရသည့် အကြောင်းရင်းကို မီးသတ်ဦးစီးဌာနမှ စစ်ဆေးလျက်ရှိကာ မြောက်ဥက္ကလာပ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက မီးလောင်ရာနေရာအနီး ပတ်ဝန်းကျင်တွင် လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

(မြန်မာ့အလင်း)၊
ဓာတ်ပုံ - မီးသတ်တပ်ဖွဲ့

တရားစွဲဆိုခြင်းခံနေရသည့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနှင့် ဌာနဆိုင်ရာများကို ထောက်ခံဝန်းရံကြောင်း ဆန္ဒဖော်ထုတ်

ညောင်တုန်း စက်တင်ဘာ ၂၄

ပင်လုံရတနာကုမ္ပဏီမှ နစ်နာကြေး ငွေကျပ် သိန်းနှစ်သောင်းရလိုမှုဖြင့် ရေလုပ်ငန်း၊ လယ်ယာမြေကိစ္စများဖြင့် တရားစွဲဆိုခြင်းခံနေရသည့် ညောင်တုန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနှင့် ဌာနဆိုင်ရာအရာရှိများကို ညောင်တုန်းဒေသခံများက ထောက်ခံဝန်းရံသည့်အနေဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ညောင်တုန်းမြို့တွင်းရှိ ပြည်သူများ၊ ပန်းတနော်၊ ဓနုဖြူမြို့ သာပေါင်းနှင့် ဇလွန်မြို့နယ်များမှ ပြည်သူများအပါအဝင် စုစုပေါင်း ၂၀၀၀၀ ခန့်က စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီမှစတင်၍ မိုးဟုတ်ဘုရားကြီးရှေ့၌ စုဝေးပြီး သဇင်ရေကျော်ကျေးရွာနေ ရေလုပ်သားဦးတင်နွယ်ဦးနှင့် ဦးကျော်စန်းဦးတို့က ဦးဆောင်၍ မြို့တွင်းလမ်းတစ်လျှောက် စီတန်းလှည့်လည်ကာ ပိုစတာများကိုင်ဆောင်၍ ကြွေးကြော်သံများ ကြွေးကြော်ကာ ထောက်ခံဝန်းရံကြောင်း ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြသည်။

အဆိုပါ ပင်လုံရတနာကုမ္ပဏီနှင့် ညောင်တုန်းလွှတ်တော်ကိုယ်စားလှယ်များ အမှုကို ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ စက်တင်ဘာ ၈ ရက်က စတင်ကြားနာခဲ့ပြီး ဒုတိယကြိမ်မြောက် ရုံးချိန်းကို စက်တင်ဘာ ၂၆ ရက်တွင် ထပ်မံကြားနာမည်ဖြစ်ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၅၀ နှင့် တပ်ဖွဲ့ဝင်မိသားစု ၃၅ ဦးတို့သည် အနောက်ပိုင်းရပ်ကွက်ရှိ အမှတ် (၀၂၈)ရှေးဟောင်းသမိုင်းဝင် ကျိုက်ပြာသာဒ်တနော် စေတီတော်ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်

စိုးဝင်း(ကျောက်တန်း)

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်နှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက်က မဟာသကျမုနိဘုရားကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့် ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

လူတိုင်းအစားအစာနှင့် အရာဝတ္ထုများကို မိမိလက်ဖြင့် နေ့စဉ်ကိုင်တွယ်စားသောက် အသုံးပြုသောကြောင့် လူတို့၏လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ နေ့စဉ် ကပ်ငြိနေနိုင်ပါသည်။ ထိုသို့ ရောဂါပိုးများ ကပ်ငြိနေသောကြောင့် အောက်ဖော်ပြပါရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသည်းရောင်အသားဝါရောဂါ။
- ပိုလီယိုရောဂါ၊ သန်ကောင်ကြောင့်ဖြစ်ပွားသောရောဂါများ။
- အရေပြားသန့်ရှင်းမှုမရှိသောကြောင့် ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများဖြစ်ပွားပြီး အခြားသူသို့ ကူးစက်လွယ်ခြင်း၊ ပျောက်ကင်းရန် အချိန်ကြာမြင့်ခြင်း။

ကာကွယ်ရန်နည်းလမ်းများ

၁။ အလွယ်ကူဆုံးနှင့် စရိတ်အသက်သာဆုံး နည်းလမ်းမှာလက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းဖြစ်သည်။

၂။ အစားအစာမကိုင်တွယ်မီ၊ အစာမစားမီ၊ အိမ်သာတက်ပြီးတိုင်း၊ ကလေးအညစ်အကြေးကိုင်တွယ်ပြီးတိုင်း၊ အမှိုက်သရိုက် ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်တိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်များ ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ အသားငါး၊ ဥများကိုင်တွယ်ပြီးတိုင်း၊ လူနာများကို ထိတွေ့ကိုင်တွယ် ပြီးတိုင်း လက်ကိုဆပ်ပြာနှင့် စနစ်တကျ စင်ကြယ်အောင် ဆေးကြောရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ လူတိုင်းမိမိလက်ကို ဆပ်ပြာနှင့်စင်ကြယ်အောင် စနစ်တကျ ဆေးကြောရန်နှင့် သူတစ်ပါးကိုလည်း လက်ကိုစင်ကြယ်အောင် စနစ်တကျ ဆေးကြောကြရန် သတိပေးခြင်းဖြင့် ပြည်သူလူထုအတွင်း ကူးစက်ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဖန်းမောက်မြို့နယ်အတွင်းမှ တရားမဝင် ရွှေတူးဖော်သူများ ဖမ်းဆီးရမိ

ဖန်းမောက် စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် ကျောက်တန်းကျေးရွာအနီး လယ်ကွင်းအတွင်း၌ တရားမဝင် ရွှေတူးဖော်သူအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခန့်က ဖန်းမောက်မြို့နယ် မံစီနယ်မြေရဲကင်းစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များသည် တရားမဝင် ရွှေတူးဖော်နေကြောင်း သတင်းအရ ဖန်းမောက်မြို့နယ် ကျောက်တန်းကျေးရွာအနီး လယ်ကွင်းသို့ သွားရောက်စစ်ဆေးခဲ့ရာ ချစ်ငွေဆိုသူသည် တရားမဝင် ရွှေတူးဖော်နေသည်ကို တွေ့ရှိရပြီး ၎င်းလုပ်ကွက်အား ရှာဖွေစစ်ဆေးရာ ရွှေတူးဖော်ရာတွင် အသုံးပြုသော အင်ဂျင်တစ်လုံး၊ ငါးတန်ရှိ ချိန်းဘလောက် တစ်ခု၊ ပေ ၁၀၀ ခန့်ရှိ ရေစုပ်ပိုက်တစ်ခွေ၊ ၂၅ ကောင်ရှိ ရေပို့အင်ဂျင်တစ်လုံးတို့ကို တွေ့ရှိရသဖြင့် တရားမဝင်ရွှေတူးဖော်သူ ဖန်းမောက်မြို့နယ် ကျောက်တန်းရွာသား ချစ်ငွေအား မံစီကြီးနယ်မြေရဲကင်းစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လှုအောင်(ကသာ)

မိုင်းဆတ်အကျဉ်းထောင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

မိုင်းဆတ် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်အကျဉ်းထောင်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉ ပြားကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက မိုင်းဆတ်အကျဉ်းထောင်မှ လက်ထောက်ကြီးကြပ်ရေးမှူး(၁)၊ ဦးရိုန်သူဟန်သည် တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား ခိုင်ဝင်းရွှေသည် လူပျိုဆောင်အနောက်ဘက် မြက်ခင်းပြင်တွင် အထုပ်တစ်ထုပ် ကောက်ယူနေသည်ကို အကျဉ်းထောင်တပ်သား စည်သူအေးက မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးကြည့်ရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖြစ်နေကြောင်းသိရသဖြင့် တာဝန်မှူးထံ လာရောက်အပ်နှံခဲ့သည်။ ထို့နောက် တာဝန်မှူးက အကျဉ်းသား ခိုင်ဝင်းရွှေအား ခေါ်ယူစစ်ဆေးခဲ့ရာ အဆိုပါ ဆေးပြားများကို အကျဉ်းသား မင်းပိုင်သူ ဆိုသူအား သွားရောက်ယူခိုင်းကြောင်း၊ ဆက်လက်၍ မင်းပိုင်သူအား မေးရာ အကျဉ်းထောင်တပ်သား ဖြိုးကျော်သက်က စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉ ပြားကို သွားရောက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူ အကျဉ်းသား ခိုင်ဝင်းရွှေ (၂၉နှစ်) ရွှေတောင်မြို့နယ် ပဲခူးတိုင်းဒေသကြီး နေသူ၊ မင်းပိုင်သူ (၂၅ နှစ်) ပြင်ဦးလွင်မြို့ နေသူနှင့် အကျဉ်းထောင်တပ်သား ဖြိုးကျော်သက် (၂၄ နှစ်) ရပ်စောက်မြို့ နေသူတို့သုံးဦးအား မိုင်းဆတ်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဟုမ္မလင်းမြို့နယ်၌ မူးယစ်ဆေးဝါးများနှင့်လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၄

ဟုမ္မလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် နံနက် ၄ နာရီက ဟုမ္မလင်းမြို့နယ် ပေကုန်းကျေးရွာရှိ ဦးမောင်တူး၏



နေအိမ်ကိုရှာဖွေရာ နေအိမ်၌ မအိပို့အားတွေ့ရှိရပြီး နေအိမ်မှ ဘိန်းဖြူ ၅ ဂရမ်၊ ဘိန်းစိမ်း ၂ ဂရမ်၊ တူမီးသေနတ်တစ်လက်၊ ဘောစေ့အလုံး ၂၀၊ လေသေနတ်တစ်လက်နှင့် ယင်းကျည်ဆန်အတောင့် ၈၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။**(ယာပုံ)**

အလားတူ စက်တင်ဘာ ၂၂ ရက် ည ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၄၂) ရန်ကုန် (အနောက်)က တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒိုဝင်း တိုက် - D ရှေ့တွင် ကျော်ကိုကိုထွန်း(ခ) ကျော်ကြီးမောင်းနှင်ပြီး ဟိန်းဇော်ဝင်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၄၅၄ ပြား၊ အိုက်စ် ၇ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)၊ မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် ကိုကိုအောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ သိန်းနီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် စိုင်းမြင့်ထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၅ ပြားတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မော်ဟန်ဘူတာနှင့် နန့်စီးအောင်ဘူတာကြား အစုန်ကုန်ရထားအမှတ်(၉၃၈) တွဲချော်မှုဖြစ်ပွား

မိုးညှင်း စက်တင်ဘာ ၂၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ဘူတာနှင့် နန့်စီးအောင်ဘူတာကြားတွင် စက်တင်ဘာ ၂၄ ရက်က အမှတ်(၉၃၈) အစုန်ကုန်ရထား တွဲချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည် ။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က မော်ဟန်ဘူတာမှ ထွက်ခွာလာသော အမှတ် (၉၃၈) မြစ်ကြီးနား-မြို့ဟောင်း အစုန်ကုန်ရထားစက်ခေါင်းအမှတ် DF-1362 စက်ခေါင်းမောင်း ဦးတိုးတိုး၊ တွဲထိန်း ဦးဝင်းဘိုတို့ မောင်းနှင်လာသည့် အဆိုပါ ကုန်တင်(အခွံ)ရထားသည် မော်ဟန်ဘူတာနှင့် တစ်မိုင်ခန့်အကွာ မော်ဟန်-နန့်စီးအောင်ကြား မိုင်တိုင်အမှတ် ၆၁၆/၁၈-၁၉ ကြား ဘရိတ်တွဲနှင့်ကပ်လျက် ကုန်ရထားတွဲအမှတ် (GBHAH-40828) မှာ စတင်တွဲချော်ခဲ့ပြီး မိုင်တိုင်အမှတ် ၆၁၆/၁၈ -၁၇ ကြားတွင် ရပ်တန့်ကာ နောက်ဘီး ဘိုကီတစ်စုံမှာသံလမ်းနှင့် တစ်ပေခန့်အကွာသို့ ပြုတ်ကျခဲ့သဖြင့် ရထားသွားလာမှုကို ခေတ္တယာယီ ရပ်နားထားခဲ့ရကြောင်း သိရသည်။

ဆက်လက်၍ မီးရထားများ အလျင်အမြန်သွားလာနိုင်ရန်အတွက် တိုင်း(၁) တာဝန်ခံ ဦးအေးသိန်း စက်မှု DME(1) ဦးထွန်းရွှေ၊ တိုင်း(၁)အင်ဂျင်နီယာမှူး (မြို့ပြ)ဦးလင်းခိုင်ဌေး၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသန်းစိုး (မိုးညှင်း)၊ အဖွဲ့နှင့် အငယ်တန်း အင်ဂျင်နီယာ (၃) ဦးသောင်းထွန်းအေး (မော်ဟန်) အဖွဲ့၊ ဒုကြီးကြပ်ရေးမှူး သွား/လာ ဦးသူရဇော် (မိုးညှင်း)နှင့်အဖွဲ့တို့က ပြုပြင်ဆောင်ရွက်ခဲ့ရာ အဆိုပါ ညနေ ၃နာရီ ၁၀ မိနစ်တွင် ပြီးစီးကြောင်း၊ ညနေ ၄ နာရီခန့်တွင် ရထားများ ပုံမှန်သွားလာနိုင်ခဲ့ကြောင်း မီးရထားမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

(ဝ၆၇)

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် မူဆယ်သို့သွားမည့် ယာဉ်နှစ်စီးပေါ်မှ အမဲသားခြောက်များဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၂၄

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးစက်တင်ဘာ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၃ စီး၊ သွင်းကုန် ၃၇၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၅၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုကိုးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၈၉၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၈၆၀ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၇၅၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၂ ရက်က သတင်းအရ လားရှိုးနှင့် ရေပူစခန်းကြား၊ ကွတ်ခိုင်နှင့် ရေပူစခန်းကြား၌ ရပ်တန့်ထားသော ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Toyota Wish ယာဉ် နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက် ၁၃၆၆ ပိဿာ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၆၆၀ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မုံရွာ၌ ခန္ဓာကိုယ် အင်္ဂါမပြည့်စုံတော့သည့် ရုပ်အလောင်းတစ်လောင်းတွေ့ရှိ

မုံရွာ စက်တင်ဘာ ၂၄

ဦးခေါင်းမပါရှိတော့ဘဲ ဘောင်းဘီတစ်ထည်နှင့် ခန္ဓာကိုယ် အင်္ဂါမပြည့်စုံတော့သည့် ပျက်စီးနေသော ရုပ်အလောင်းတစ်လောင်း စက်တင်ဘာ ၂၄ ရက် နေ့လယ်ပိုင်းက မုံရွာမြို့ ကန်သာယာအရှေ့မြောက်ထောင့်တွင် တွေ့ရှိခဲ့ကြောင်းသိရသည်။ အလောင်းတွေ့ရှိသည့် ကန်သာယာအရှေ့မြောက်ထောင့်နေရာမှ အပုပ်နံ့များ ထွက်နေသည့်အတွက် ရပ်ကွက်နေဒေသခံများက ရှာဖွေကြရင်း ယခုကဲ့သို့ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အလောင်းက ဘယ်သူဘယ်ဝါလဲ။ ဘာကြောင့် သေဆုံးရသလဲဆိုတာကို ဆက်လက်စစ်ဆေးနေပါတယ်။ အလောင်းက ပျက်စီးနေတော့ ကျား-မခွဲခြားဖို့ လတ်တလောခက်ခဲနေပါတယ်”ဟုမုံရွာမြို့ မြို့မရဲစခန်းမှူး ဒုရဲမှူးကျင်စိန်က ပြောကြားသည်။ လတ်တလောတွင် အလောင်းတွေ့ရှိမှုနှင့်ပတ်သက်၍ မုံရွာမြို့မရဲစခန်းက သေမှုသေခင်းဖွင့်လှစ်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်ကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သံတိုင်ထွန်း

မြစ်ကြီးနားမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၄

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် ညနေ ၄ နာရီခွဲက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် လမ်းသွယ်(၉)ထိပ်ရှိ ကဖေးဆိုင်တွင် သောင်းထိုက်၊ အောင်မြင့်ဦးနှင့် မျိုးထွန်းတို့သုံးဦးအား ရှာဖွေရာ သောင်းထိုက်ထံမှ ဘိန်းဖြူဆပ်ပြာခွက် ၁၀ ခွက် (ဘိန်းဖြူအလေးချိန် ၁၀၀ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ပြား၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် အမှတ်(၃)နယ်မြေ အမှတ်(၁၈၅)နေ မျိုးထွန်း၏ နေအိမ်ကို ရှာဖွေရာ အောက်ရှိထင်းပုံကြားမှ ဘိန်းဖြူဆပ်ပြာခွက် တစ်ခွက် (ဘိန်းဖြူအလေးချိန် ၁၀ ဂရမ်)ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် သောင်းထိုက်(၄၄နှစ်)၊ မျိုးထွန်း(၄၃နှစ်)နှင့် အောင်မြင့်ဦး(၃၃နှစ်)တို့အားဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မော်လိုက်မြို့နယ်၌ ငွေကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မော်လိုက် စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် တွန်းပင်ကျေးရွာ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၁ နာရီခွဲက ငွေကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ပိုင်ရှင်နှင့်အတူဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်လိုက်မြို့မရဲစခန်းမှ ဒုရဲအုပ်မင်းနိုင်ဦးနှင့်အဖွဲ့သည် တွန်းပင်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့်အတူ တွန်းပင်ကျေးရွာနေ ကိုအောင်နိုင်နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၁၅ ပြား ကာလတန်ဖိုးငွေကျပ် ၄၅၇၅၀၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ ကာလတန်ဖိုးငွေကျပ် ၄၀၀၀၀၀၊ ဘိန်းမည်းအလေးချိန် ဂရမ် ၄၀ ကာလတန်ဖိုးငွေကျပ် ၁၂၀၀၀၀၊ မူးယစ်ဆေးဝါး ရောင်းချရငွေဟုယူဆရသော ငွေစက္ကူရောရာ စုစုပေါင်းငွေကျပ် ၁၉၇၄၀၀ နှင့် ဆက်စပ်ပစ္စည်းများကို ကိုအောင်နိုင်နှင့်အတူ ရှာဖွေဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်လိုက်သားလေး

ထားဝယ်-ရန်ကုန် အမြန်လူစီးရထားလမ်းချော်ကျ

မော်လမြိုင် စက်တင်ဘာ ၂၄

ထားဝယ်ဘူတာမှ ရေးဘူတာသို့စက်ခေါင်းမောင်း ဦးစောကွယ်ထူး၊ ရထားထိန်း ဦးထွန်းရီလိုက်ပါ တာဝန်ထမ်းဆောင်သောအမှတ်(၁၇၆)အစုန်ထားဝယ် - ရန်ကုန် အမြန်လူစီးရထားသည် စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေဖြူမြို့နယ်သက်ကယ်ကွက်ဘူတာနှင့် ကလိန်အောင်ဘူတာကြား ရထားလမ်း မိုင်တိုင်အမှတ် (၃၄၅/၇-၈) တွင် စက်ခေါင်းနှင့် ကပ်လျက်ရှိသော BDTS-60318 ရိုးရိုးတန်းလူစီးတွဲသည် ရထားဘီးအမှတ်(၁)ရထားသံလမ်းအတွင်းသို့လည်းကောင်း၊ ရထားဘီးအမှတ်(၈)မှာ ရထားသံလမ်းအပြင်သို့လည်းကောင်း လမ်းချော်ကျသွားကြောင်း သိရသည်။

ရထားလမ်းချော်မှုကြောင့် ရထားစီးခရီးသည်နှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းသိရပြီး ရထားလမ်းချော်ကျမှုဖြစ်ပွားသည့်နေရာသို့ ရေးဘူတာမှ ဒုကြီးကြပ်ရေးမှူး (သွားလာ) ဦးဇော်ဦးနှင့် တွဲပြင်လုပ်သားများ၊ လမ်းဗိုလ်ကြီးနှင့် သံလမ်းပြင်လုပ်သားများက လမ်းချော်ကျသည့်တွဲကို မတင်ခဲ့ပြီး (၁၇၆) အစုန်အမြန်လူစီးရထားမှာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ရေးဘူတာဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

တင်ထွဋ် (မော်လမြိုင်)

(၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲ

မြန်မာအားကစားသမားများ ရွှေ ၁၁၊ ငွေ ၁၅၊ ကြေး ၁၇ခု ဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စက်တင်ဘာ ၁၇ရက်မှ ၂၃ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်သည့် မြန်မာ့လက်ရွေးစင်မသန်စွမ်းသူများ အားကစားအသင်းအဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး(ညွှန်ကြားရေးမှူး) ဗိုလ်ချုပ် စိုးဝင်းနှင့် အားကစားအသင်းများမှ အားကစားသမား စုစုပေါင်း ၉၈ ဦးတို့သည် ယနေ့နံနက်ပိုင်းက မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်စန်းနိုင်၊ ရေဝတီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် နေဝင်း၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် အောင်ဆန်းဝင်းနှင့် အရာရှိစစ်သည်များ၊ တပ်မတော်မိသားစုဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာမသန်စွမ်းအားကစားနည်းမှ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေသုံးခု၊ ငွေခြောက်ခု၊ ကြေးလေးခု၊ ရေကူးပြိုင်ပွဲတွင် ရွှေခုနစ်ခု၊ ငွေခုနစ်ခု၊ ကြေးခြောက်ခု၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ကြေးတစ်ခု၊ ထိုင်လျက်ဘော်လီဘော ပြိုင်ပွဲတွင် ရွှေတစ်ခု၊ စစ်တုရင်ပြိုင်ပွဲတွင် ငွေတစ်ခု၊ ကြေးခြောက်ခု၊ အလေးမပြိုင်ပွဲတွင် ငွေတစ်ခုဖြင့် စုစုပေါင်း ရွှေ ၁၁ ခု၊ ငွေ ၁၅ ခု၊ ကြေး ၁၇ ခု ဆုတံဆိပ်ပေါင်း ၄၃ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၆)တွင် ရပ်တည်ခဲ့သည်။

ဆက်လက်၍ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့် ခေါင်းဆောင်သော အောင်ပွဲရ မြန်မာမသန်စွမ်းအားကစားအဖွဲ့ ၉၄ ဦးတို့သည် ယနေ့ညနေပိုင်းတွင် ဆက်လက်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ သပြေညို(မြန်မာ)နှင့် နာရှတို(ထိုင်း)တို့ သရေရလဒ်ထွက်ပေါ်

မန္တလေး စက်တင်ဘာ ၂၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Morden Myanmar Symergy Company Limited နှင့် H & S Group တို့ပူးပေါင်းကျင်းပပြီး Red Bull က အဓိကကူညီပံ့ပိုးသည့် Lethwei Nation Fight မြန်မာ့ရိုးရာ လေးနိုင်ငံစိန်ခေါ်ပွဲကြီးကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ၇၈ လမ်းရှိ ဒိုင်းမွန်းပလာဇာငါးလွှာ၌ ကျင်းပခဲ့သည်။

သုံးချီစိန်ခေါ်ပွဲတွင် သက်ကို(မြွေပွေး)က ကျော်စိုး(ဗမာ့သွေး)ကို ဒုတိယအချီတွင် အနိုင်ရရှိသည်။ လေးချီစိန်ခေါ်ပွဲတွင် အံဘွား(ကျားဖြူ)နှင့် အောက်ချင်းလေး (တောင်ဇလပ်)တို့ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ပြီး ဗျူ့ဌ(ကျားဖြူ)နှင့် စောဇွဲအောင် (Adventure)တို့ပွဲမှာ ပူးတွဲသရေကျခဲ့သည်။

ငါးချီစိန်ခေါ်ပွဲများတွင် ကရင်လေး(ခ) ဖဒါဝယ်(မြန်မာ)နှင့် ကွန်ကရိုင်(ထိုင်း) တို့ တွဲဆိုင်းသရေဖြစ်ပေါ်ခဲ့ကာ စောဖိုးခွား(မြန်မာ)က ချန်ပိုလစ်(ထိုင်း)ကို တတိယအချီတွင် အနိုင်ရရှိသည်။ သွေးသစ်အောင်(သွေးပန်းဖြူ/မြန်မာ)က ကိုမက်ဒီဆေးဗား (ဘရာဇီး)ကို ပထမအချီတွင် အနိုင်ရသည်။

သပြေညို (Adventure-မြန်မာ)နှင့် နာရှတို(ထိုင်း)တို့ ပူးတွဲသရေရလဒ် ထွက်ပေါ်သည်။ ကလေးပွဲနှစ်ချီပွဲတွင် အောင်စနေသိန်း(သရဖူ)နှင့် သူရဆင်(ဗမာ့သွေး)၊ အာရှနဂါး(ကျည်ဆန်နဂါး)နှင့် မင်းခန့်(ကျားဖြူ)တို့ တွဲဆိုင်းများ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

လေးချီစိန်ခေါ်ပွဲဖြစ်သည့် ကျော်ကြား(တောင်ကလေး)နှင့် စောဇာနည် (Adventure)တို့ပွဲမှာ ပူးတွဲသရေကျသည်။

ယနေ့ပွဲတွင် ရဲသွေးနီ(တောင်ကလေးမြန်မာ)နှင့် လိုင်ဖေ့စ်(ကမ္ဘောဒီးယား)တို့ ပွဲပျက်ခဲ့သည်။

ခင်ခင်ဝင်း(ပညာရေး)၊ဓာတ်ပုံ-တင်မောင်

အီတလီစီးရီးအေပွဲစဉ် (၆) တွင် လာဇီယိုတို့ အဝေးကွင်း၌ ဂိုးပြတ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၄

အီတလီစီးရီးအေပွဲစဉ် (၆) ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်က ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ဗီရိုနာနှင့် လာဇီယိုပွဲတွင် လာဇီယိုအသင်းအဝေးကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဗီရိုနာက ၄-၃-၃ ပုံစံဖြင့်လည်းကောင်း၊ လာဇီယိုက ၃-၅-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်း ပွဲချိန် ၂၄ မိနစ်တွင် လာဇီယိုအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး တိုက်စစ်မှူးအင်မိုဘိုင်းက အဖွင့်ဂိုးအဖြစ် သွင်းယူခဲ့သည်။ ပွဲချိန် ၄၁ မိနစ်တွင် အင်မိုဘိုင်းက လာဇီယိုအတွက် ဒုတိယဂိုးထပ်မံသွင်းယူနိုင်ခဲ့ပြီး မိနစ် ၆၀ တွင် ကွင်းလယ်ကစားသမား မာရူဆစ်က တတိယဂိုးသွင်းယူခဲ့သည်။

ပွဲစဉ် (၆) အပြီးတွင် လာဇီယိုသည် ရမှတ် ၁၃ မှတ် ရရှိထားပြီး ဇယားထိပ်တွင် အမှတ်တူရပ်တည်နေသော နာပိုလီ၊ ဂျူဗင်တပ်တို့နှင့် ရမှတ်ငါးမှတ် ကွာခြားနေသည်။ ဗီရိုနာသည် နိုင်ပွဲမရှိသေးဘဲ ရမှတ်နှစ်မှတ်ဖြင့် အဆင့် ၁၉ တွင် ရပ်တည်နေသည်။

အခြားပွဲစဉ်များအဖြစ် ဆမ်ဒိုးရီးယားက အေစီမီလန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချီယေဗိုက ကက်ဂလီယာရီကို နှစ်ဂိုး-ဂိုးမရှိ၊ ခရိုတုန်းက ဘန်နီဗန်တိုကို နှစ်ဂိုး-ဂိုးမရှိ၊ အင်တာက ဂျီနိုအာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

သီဟ

ပုံနှိပ်လုပ်ငန်းရှင်များအတွက်

Myanmar Printing Industry Development Forum, 2017

၁။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင်ပထမဆုံးကျင်းပပြုလုပ်သည့် Myanmar Printing Industry Development Forum, 2017 ကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်၊(စနေနေ့)တွင် ရန်ကုန်မြို့၊ ဆီဒိုးနားဟော်တယ်၊ Grand Ballroom တွင် နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ ကျင်းပပြုလုပ်သွားပါမည်။

၂။ ယင်းအခမ်းအနားတွင် Mordern Printing Technology, Digital Printing, Graphic Technology, Printing Business Development, Printing Industry Trend စသည့် Seminar များကို နံနက်ပိုင်းတွင်၎င်း၊ Printing Business Opportunities Development, Printing Technology Development စသည့် Panel Discussion များကို နေ့လည်ပိုင်းတွင်၎င်း အတွေ့အကြုံများစွာရှိသော ပညာရှင်နှင့် လုပ်ငန်းရှင်(၁၅)ဦးတို့မှ ကျယ်ပြန့်စွာ ဆွေးနွေးတင်ပြသွားပါမည်။

၃။ အခမ်းအနားသို့ တက်ရောက်လိုသော ပုံနှိပ်လုပ်ငန်းရှင်များအားလုံး ဖုန်းနံပါတ် (၂၃၀၀၁၉၇၊ ၂၃၀၀၁၉၈၊ ၀၉၄၄၂၃၀၄၃၇၅၊ ၀၉၉၇၄၁၉၅၈၃၁၊ ၀၉၇၃၂၄၆၇၉၄) သို့ အကြောင်းကြားစာရင်းပေးသွင်းရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ အခမ်းအနားတွင် ပုံနှိပ်လုပ်ငန်းရှင်များအား ကံစမ်းမဲများ မဲဖောက်ကံစမ်းပေးသွားမည်ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လိုက်မြို့နယ်၊ ကြာအင်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(A)မှ မောင်လွမ်းခွန်ထိန်၏ ဖခင် ဦးတင်အေးနှင့် ဦးထိန်ဝင်း ၅/မလန(နိုင်)၀၁၆၉၀၇နှင့် မိခင်ဒေါ်ခင်ထွားနှင့် ဒေါ်ထွား ၅/မလန(နိုင်)၀၂၂၂၉၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ ပညာလင်းထက်ကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်း (A)မှ မောင်စိုင်းခမ်းဝေ၏ ဖခင်အမည်မှန်မှာ ဦးထွန်းမင်း ၅/တဆန(နိုင်)၀၇၈၆၂၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စဉ့်ကူးမြို့နယ်၊နွယ်ရုံကျေးရွာ ပညာသရဖူ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်မောင်နိုင် ၁၄/အမန(နိုင်)၀၉၀၈၄၂ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကိုဝင်းကိုကို (ဘ)ဦးမောင်မောင်ညွှန့် ၁၄/ဒဒရ(နိုင်)၁၂၂၁၈၂၏ နိုင်ငံကူးလက်မှတ်အမှတ် (A-273836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၆၆၁၁၇၉

တစ်ဦးတည်းဖြစ်ပါကြောင်း

ဒီပဲယင်းမြို့၊ နဂါးတွင်းကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးထက်ကျော်၏ဖခင် ဦးဘိုဝင်းနှင့် ဦးဆွေသိန်း ၅/ဒပယ(နိုင်)၀၃၃၅၃၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ ပညာလင်းထက်ကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်း (B)မှ မောင်မိုးမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးကြည်မင်း ၅/တဆန(နိုင်)၀၇၂၁၇၅ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးနိုင်၏ ဖခင်ဦးဖိုးလုံးနှင့် ဦးဇော်မင်းဦး ၅/ကလတ(နိုင်)၀၇၀၆၆၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကဝမြို့နယ်၊ ဝဲပတန် အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်မိုးယံဦး၏ ဖခင်အမည်မှန်မှာ ဦးအေးချမ်းဦး၇/ပခန(နိုင်)၁၇၆၉၈၀ ဖြစ်ပါသည်။

ဦးအေးချမ်းဦး

ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ နဂါးတွင်းကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဖိုးလပြည့်၏ ဖခင်အမည်မှန်မှာ ဦးမြမင်း ၅/ဒပယ(နိုင်)၀၈၁၉၉၉ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရေစကြိုမြို့၊ အထက(စိတ္တသုခ)၊ တက္ကသိုလ်ဝင်တန်း(C)မှ မဝေဝေ၏ ဖခင် ဦးစန်းလွင်(ခ) ဦးလက်တောက်(ခ) ဦးသန်းလွင် YSO ၁၅၈၁၁၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်အထက တက္ကသိုလ်ဝင်တန်း(C)မှ မကေသွယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၅/ဒပယ(နိုင်)၀၇၁၅၆၅ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ရေတာရှည်မြို့၊ ဗိုလ်တဲရပ်ကွက်၊ အမှတ် ၃နေ ဦးအေးမင်းဇော် ၇/တငန(နိုင်)၁၃၈၇၅၉ (ဟိန်း-လိုင်စင်ဆိုင်ကယ်အမျိုးမျိုး ရောင်းဝယ်ရေး)သည် 105 မိုင် အကောက်ခွန်ဦးစီးဌာနတွင် အခွန်ထမ်းဆောင်ထားသောID နံပါတ် 152395 နှင့် 152396 စာရွက်စာတမ်းပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ ပညာလင်းထက်ကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်း (C)မှ မောင်ရန်နောင်စိုး၏ ဖခင်အမည်မှန်မှာ ဦးဖိုးပွဲ ၅/တဆန(နိုင်)၀၄၂၇၁၁ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရေစကြိုမြို့၊ အထက(စိတ္တသုခ)၊ တက္ကသိုလ်ဝင်တန်း(C)မှ မသီဂီမြင့်၏ ဖခင် ဦးစန်းလွင်နှင့် ဦးဖိုးဆန်း ၈/ရစက(နိုင်)၀၀၄၀၈၂မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ မဉ္ဇူလမ်း၊ အမှတ် (၂၅၃/က)၊ ပေ(၂၀×၆၀)အကျယ်ရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက် ဦးကျော်တင့် ၁၂/ပဇတ(နိုင်)၀၂၆၂၁၀ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ဇင်လတ် ၁၂/ဒဂတ(နိုင်)၀၆၉၁၉၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သူဇာဝင်း ၉/လဝန(နိုင်)၁၄၆၂၂၃က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား စာရွက်စာတမ်းမူရင်းနိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်လျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၈)
ရုံး-တိုက်(၉/၁၁)၊ အခန်းအမှတ်(005-B)၊
၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၇၆၆၀၇

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ ပညာလင်းထက်ကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်ဇော်မျိုး၏ ဖခင်အမည်မှန်မှာ ဦးသောင်းငွေ ၅/တဆန(နိုင်)၀၉၃၇၄၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ရွာကုန်းကြီး၊ တက္ကသိုလ်ဝင်တန်းမှ မအိအိဇင်၏ ဖခင်အမည်မှန်မှာ ဦးစိန်အောင် ၅/ကလန(နိုင်)၀၁၈၁၆၄ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဘုတလင်မြို့၊ မိုး ပညာရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ထက်ထက်အောင်အား မောင်ထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဘုတလင်မြို့၊ မိုး ပညာရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်နန်းရအောင်အား မောင်ကောင်းမင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ဘုတလင်မြို့၊ မိုး ပညာရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွန်း ၅/ဘတလ(နိုင်)၀၃၂၁၇၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ ပညာလင်းထက်ကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်း(C)မှ မနှင်းနုခိုင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်ရွှေ ၅/တဆန(နိုင်)၀၂၂၆၉၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ၊ နဝမတန်း(B)မှ မောင်ရှိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးနွယ် ၅/ကဘလ(နိုင်)၀၃၂၅၂၉ ဖြစ်ပါကြောင်း။

အကြမ်းဖက်မှုနှင့်ပတ်သက်၍ ကုလအထွေထွေညီလာခံ၌ ပါကစ္စတန်နှင့် အိန္ဒိယတို့အပြန်အလှန်စွပ်စွဲ

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆပ်ဆမာဆွာရာ့ချ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားစဉ်

နယူးယောက် စက်တင်ဘာ ၂၄

နယူးယောက်၌ ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပါကစ္စတန်နှင့် အိန္ဒိယတို့သည် အကြမ်းဖက်မှုများကို နိုင်ငံအတွင်း စပွန်ဆာပေးနေသည်ဟု ဆိုကာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စွပ်စွဲပြောဆိုခဲ့ကြကြောင်း သိရသည်။

ကုလသမဂ္ဂ၌ မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယက ပါကစ္စတန်သည်အကြမ်းဖက်လုပ်ရပ်များကို ကူညီအားပေးနေသည်ဟု စွပ်စွဲပြောကြားခဲ့ရာ ပါကစ္စတန်က အိန္ဒိယ၏ပြောဆိုမှုကို ဒေါသတကြီး တုံ့ပြန်ခဲ့ပြီး အိန္ဒိယနိုင်ငံကိုယ်တိုင်သည်လည်း တောင်အာရှဒေသတွင် အကြမ်းဖက်မှုအပေါင်းတို့၏ မိခင်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

စက်တင်ဘာ ၂၃ ရက်ကပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆပ်ဆမာဆွာရာ့ချ်က ပါကစ္စတန်သည် အကြမ်းဖက်လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံဖြစ်သည်ဟု စွပ်စွဲလိုက်ကာ ပါကစ္စတန်၏အမည်ကို ထယ်ရိုရစ်စတန် (Terroristan)ဟု အမည်ပေးလိုက်ပြီးနောက်တွင် ကုလသမဂ္ဂဆိုင်ရာ ပါကစ္စတန်သံအမတ် မာလီဟာလော့ဒီကတုံ့ပြန်စွပ်စွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက ပါကစ္စတန်သည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများကို လေ့ကျင့်ပေးရုံမက လက်နက်များ ထောက်ပံ့ပေးလျက်ရှိပြီး အိန္ဒိယလုံခြုံရေးအင်အားစုများကို တိုက်ခိုက်မှုများ လုပ်ဆောင်ရန်အတွက် ပါကစ္စတန်နယ်နိမိတ်အနီးရှိ အိန္ဒိယကစီမံအုပ်ချုပ်နေသည့် ကက်ရှ်မီးယားဒေသကို စိမ့်ဝင်ထိုးဖောက် ဝင်ရောက်လာနေကြောင်းကိုလည်း စွပ်စွဲပြောဆိုလိုက်သည်။

သို့သော်ပါကစ္စတန်က အိန္ဒိယ၏ စွပ်စွဲမှုများမှားယွင်းနေကြောင်း ငြင်းဆန်ထားသည်။

ထို့အပြင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးသည် ကမ္ဘာတစ်ဝန်းက ပါကစ္စတန်ကို အကြမ်းဖက်မှုများ ဆောင်ရွက်သည့် စက်ရုံတစ်ခုအဖြစ် သတ်မှတ်ခံထားရချိန်တွင် အိန္ဒိယနိုင်ငံမှာမူ သတင်းအချက်အလက်နည်းပညာဆိုင်ရာ စူပါစွမ်းအင်နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခံနေရကြောင်း အဆိုပါနေ့အစောပိုင်းက ကုလသမဂ္ဂအထွေထွေညီလာခံသို့ ပြောကြားခဲ့ကြောင်း သိရသည်။ **(အေပီ)**

ဂျာမနီ၌ ရွေးကောက်ပွဲအတွက်မဲပေးမှုစတင်

မြူးနစ်ချ် စက်တင်ဘာ ၂၄

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ် လေးကြိမ်မြောက်ဂျာမနီဝန်ကြီးချုပ်အဖြစ် ဆက်လက်ဆောင်ရွက်နိုင်ခွင့်ရှိမရှိကို အဆုံးအဖြတ်ပေးမည့် ပါလီမန်ရွေးကောက်ပွဲတွင် ဂျာမနီပြည်သူများ စတင်မဲပေးနေကြပြီဖြစ်ကြောင်း သိရသည်။

မဲရုံများကို တနင်္ဂနွေနေ့နံနက် ၆ နာရီတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဆန္ဒမဲရလဒ်များက မာကယ်၏ကွန်ဆာဗေးတစ်ပါတီဖြစ်သည့် CDU ပါတီသည်ထောက်ခံမှု ၃၆ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေပြီး ယှဉ်ပြိုင်ဘက်ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို ထောက်ခံသူ ၂၂ ရာခိုင်နှုန်း ရှိသည်။

ကွန်ဆာဗေးတစ်အစိုးရအဖွဲ့က အနိုင်ရရှိခဲ့လျှင် ဂျာမနီ၏စီးပွားရေးအင်အားကိုတောင့်တင်းခိုင်မာစေပြီး မာကယ်ဦးဆောင်ခဲ့သည့် သက်တမ်း ၁၂ နှစ်ကျော်လွန်သည့်အထိ အလုပ်လက်မဲ့ရာခိုင်နှုန်းကိုလျော့ကျစေမည်ဟု ထင်မှတ်ဖွယ်ရှိသည်။

ဒုက္ခသည်များအား လက်ခံမှုကိုမလိုလားသည့် လက်ယာယိမ်း Alternative for Germany ပါတီသည်ပါလီမန်လွှတ်တော်၌ ပထမဆုံးအကြိမ် နေရာတစ်ခုရရှိနိုင်ဖွယ်ရှိသည်။ အချို့ကမူ ယင်းပါတီသည် သုံးခုမြောက်နေရာကိုရရှိနိုင်သည်ဟု ခန့်မှန်းခဲ့ကြသည်။ **(အင်န်အိတ်ချ်ကေ)**

ဆူဒန်အစိုးရ၏ လက်နက်သိမ်းဆည်းရေးကနဦးဆောင်ရွက်ချက်များ အောင်မြင်

ညာလာ စက်တင်ဘာ ၂၄

ဆူဒန်အစိုးရသည် ဒါဖာရှိ လက်နက်ကိုင် အုပ်စုများနှင့်ဒေသခံပြည်သူများထံမှ လက်နက်များကို စုဆောင်းသိမ်းဆည်းမည့်အစီအစဉ် ဆောင်ရွက်ခဲ့ရာ ကနဦး လုပ်ဆောင်ချက်များ အောင်မြင်မှုရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဩဂုတ်လကတည်းကချမှတ်ခဲ့သည့်အဆိုပါအစီအစဉ်ကို စစ်ဘေးသင့်ခဲ့သည့် ဒေသအတွင်း၌ ဖြစ်ပွားနေသည့် မတည်ငြိမ်မှုများကိုဖြစ်ပွားစေသည့် အကြောင်းများအနက် တစ်ခုကိုဖယ်ရှားပစ်ရန် ရေးဆွဲခဲ့ကြောင်း သိရသည်။

ဆူဒန်အစိုးရ၏ လက်နက်စုဆောင်းသိမ်းဆည်းမှုကို အပိုင်းနှစ်ပိုင်းခွဲထားသည်။ ပထမတစ်ပိုင်းမှာ မိမိသဘောဆန္ဒအလျောက် လက်နက်ချသည့် အရပ်သားများ၊လက်နက်ကိုင်အုပ်စုများနှင့် ပုံမှန်မဟုတ်သော စစ်သွေးကြွအုပ်စုများစသည့် အုပ်စုတိုင်းကို ငွေကြေးအရနစ်နာကြေးပေးအပ်သွားရန်ဖြစ်ပြီး ဒုတိယအစီအစဉ်မှာ အမိန့်နာခံမှုမရှိသူများကို ပြစ်ဒဏ်ပေးအပ်ခြင်းအပါအဝင် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်သည်။

သို့သော် အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတားအဆီးများစွာ ရှိနေဆဲဖြစ်သည်။ လက်နက်ပိုင်ဆိုင်ခွင့်ရရှိထားမှုသည် ဒါဖာဒေသရှိ ပြည်သူများ၏ ထုံးစံများအနက် တစ်ခုဖြစ်ပြီး လက်နက်ကိုင်အုပ်စုများနှင့် ပုံမှန်မဟုတ်သော တပ်ဖွဲ့ဝင်အင်အားစုများသည် လက်နက်ချလိုသောဆန္ဒမရှိပေ။

စိုးရိမ်ဖွယ်ကောင်းသည့် အချက်မှာ အဆိုပါအစီအစဉ်သည် လက်နက်ကိုင်အုပ်စုများနှင့် အစိုးရအင်အားစုများအကြား ပြင်းထန်သည့်တိုက်ပွဲများ ဖြစ်ပေါ်လာစေနိုင်သည့် အချက်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဒါဖာဒေသရှိ ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားရာတွင် လက်နက်သိမ်းဆည်းရေးနှင့်ပတ်သက်၍ ကနဦးဆောင်ရွက်ချက်များက ဒေသခံများအနေဖြင့် ယင်းအစီအစဉ်အပေါ်တွင် ကောင်းသောတုံ့ပြန်မှုများကို ပြသနေသည်ဟု သိရသည်။
(ဆင်ဟွာ)

မြောက်ကိုရီးယားအရှေ့ပိုင်းရှိ ပင်လယ်ပြင်ပေါ် အမေရိကန်ဗုံးကြဲလေယာဉ်များပျံသန်း

ဝါရှင်တန် စက်တင်ဘာ ၂၄

အမေရိကန်ဗုံးကြဲလေယာဉ်များသည် နိုင်ငံ၏စစ်အင်အားကိုပြသသည့်အနေဖြင့် မြောက်ကိုရီးယားအရှေ့ဘက် ပင်လယ်ပြင်ပေါ်ပျံသန်းခဲ့ကြကြောင်း အမေရိကန်ကာကွယ်ရေးဌာနကပြောကြားခဲ့သည်။

စနေနေ့ကထုတ်ပြန်ခဲ့သည့် ဖော်ပြချက်တွင် ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဒါနာဝိုက်က ဂူအမ်မှထွက်ခွာလာသည့် B-1B လန်ဆာဗုံးကြဲလေယာဉ်များသည် ဂျပန်နိုင်ငံ အိုကီနာဝါမှ F-15C Eagle တိုက်ခိုက်ရေးဂျက်လေယာဉ်တို့လိုက်ပါလျက် နိုင်ငံတကာလေပိုင်နက်ကို ဖြတ်ကျော်ပျံသန်းပြခဲ့ကြောင်း ပြောကြားခဲ့သည်။

၂၁ ရာစု၌ အမေရိကန်တိုက်ခိုက်ရေးလေယာဉ်တိုင်းက ပျံသန်းခဲ့သည့် စစ်မဲ့ဇုန်၏မြောက်ဘက်အဝေးကွာဆုံးအထိ ဗုံးကြဲလေယာဉ်များပျံသန်းမှုပြုလုပ်ခဲ့ကြောင်း ဝိုက်က ဖြည့်စွက်ပြောကြားခဲ့သည်။

အဆိုပါပျံသန်းမှုမစ်ရှင်သည် အမေရိကန်သို့ကျရောက်လာမည့် မည်သည့်ခြိမ်းခြောက်မှုမျိုးကိုမဆို ဖြိုခွင်းရန်အမေရိကန်၌ စစ်ရေးဆိုင်ရာဆောင်ရွက်နိုင်မည့်နည်းလမ်းများစွာရှိကြောင်း၊ အမေရိကန်က ပြတ်သားရှင်းလင်းသည့် မက်ဆေ့ချ်တစ်ခုကိုပေးလိုသည့် မစ်ရှင်တစ်ခုဖြစ်ကြောင်း ဝိုက်ကဖော်ပြခဲ့သည်။

သမ္မတထရန့်နှင့် ၎င်း၏အစိုးရအဖွဲ့မှ အကြီးတန်းအာဏာပိုင်များက အမေရိကန်သည် မြောက်ကိုရီးယားအရေးတွင် သံတမန်နည်းအရဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါက စစ်ရေးအရဆောင်ရွက်သည့်နည်းကိုအသုံးပြုသွားမည်ဖြစ်ကြောင်း ထပ်ကာတလဲလဲပြောကြားခဲ့သည်။ မြောက်ကိုရီးယား၏နျူကလီးယားနှင့်ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက်ငွေကြေးဖြတ်တောက်မည့် ပိတ်ဆို့မှုအသစ်များကို မကြာသေးမီကချမှတ်ခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

B-1B လန်ဆာဗုံးကြဲလေယာဉ်ပျံသန်းနေမှုကို တွေ့ရစဉ်

လန်ဒန်၌ အက်စစ်ဖြင့်ပက်၍ တိုက်ခိုက်မှုကြောင့် လူခြောက်ဦးထိခိုက်

လန်ဒန် စက်တင်ဘာ ၂၄

လန်ဒန်အရှေ့ပိုင်းရှိ ဈေးဝယ်စင်တာတစ်ခုအနီးတွင် စနေနေ့က လူငယ်အဖွဲ့တစ်ဖွဲ့သည် အက်စစ်ဖြင့်ပက်ကာ တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ရာ လူခြောက်ဦးခန့် ထိခိုက်ဒဏ်ရာများ ရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို အကြမ်းဖက်မှုနှင့် ပတ်သက်ဆက်နွှယ်နေသည်ဟု အတည်မပြုနိုင်သေးကြောင်း ရဲတပ်ဖွဲ့ပြောဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ တိုက်ခိုက်မှုသည် စထရက်ဖို့ရှိ စထရက်ဖို့ဈေးဝယ်စင်တာအနီးတွင် ဖြစ်ပွားခဲ့သည်။ နေရာအသီးသီးရှိလူများမှာ အက်စစ်ဖြင့်ပက်ကာ လိုက်လံတိုက်ခိုက်မှုကြောင့် ဒဏ်ရာများရရှိခဲ့ကြကြောင်း၊ အမျိုးသားတစ်ဦးကို လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအား အကြီးအကျယ်ထိခိုက်စေမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း ဖော်ပြခဲ့သည်။ တိုက်ခိုက်မှုသည် ဒေသစံတော်ချိန်နံနက် ၈ နာရီလောက်တွင် ဖြစ်ပွားခဲ့သည်။
(ရိုက်တာ)

နိုင်ငံတကာ သတင်းတိုထွာ

တရုတ်နှင့် ကျူးဘားနှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်

ဂျီနီဗာ စက်တင်ဘာ ၂၄

တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ရိသည် သောကြာနေ့က ကျူးဘားနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေးမြှင့်တင်နိုင်ရေးဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးက ဟာရီကိန်းမုန်တိုင်း Irma ကြောင့် ကျူးဘားနိုင်ငံ၌ ပျက်စီးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံအစိုးရ၏ ဦးဆောင်မှုဖြင့် အမြန်ဆုံးထူထောင်လာနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံခြားရေးဝန်ကြီးကလည်း ဟာရီကိန်းမုန်တိုင်းဒဏ်ခံရမှုတွင် တရုတ်နိုင်ငံ၏ကူညီမှုများကိုကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့နောက် နှစ်နိုင်ငံဝန်ကြီးများသည် ဗင်နီဇွဲလားနိုင်ငံနှင့်ပတ်သက်သည့်အမြင်များကို ဖလှယ်ခဲ့ကြသည်။

ဗင်နီဇွဲလားနိုင်ငံ၌ လတ်တလောဖြစ်ပေါ်နေသော အရေးကိစ္စများကို တရားဥပဒေဘောင်အတွင်းမှသာ ဗင်နီဇွဲလားအစိုးရနှင့် ပြည်သူများ ညှိနှိုင်းအဖြေရှာသင့်သည်ဟု ယူဆကြောင်း ဆွေးနွေးခဲ့ကြသည်။

(ဆင်ဟွာ)

အိန္ဒိယတွင် ၂၀၂၂ ခုနှစ်၌ ဆင်းရဲသားတိုင်း အိမ်ပိုင်ဖြစ်ရမည်ဟု မိုဒီပြော

အိန္ဒိယ စက်တင်ဘာ ၂၄

အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် လာမည့်နောက်ငါးနှစ်တွင် အိန္ဒိယရှိ ဆင်းရဲသားတိုင်းအိမ်ပိုင်ရမည်ဟု စနေနေ့က ပြောခဲ့သည်။

၂၀၂၂ခုနှစ်တွင် မြို့ပြနှင့် ကျေးလက်ဒေသရှိ ဆင်းရဲသားတိုင်းအိမ်ပိုင်ရရှိစေရမည်။ အိမ်များသန်းနှင့်ချီ၍ဆောက်လုပ်ခြင်းဖြင့် အလုပ်နေရာများနှင့် ဝင်ငွေများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

မိုဒီက ၎င်းတို့အစိုးရ၏ အဓိကရည်မှန်းချက်မှာ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရရှိစေရေးအတွက် ရည်ရွယ်ပြောဆိုနေခြင်း မဟုတ်ကြောင်း၊ တိုင်းပြည်ကြွယ်ဝချမ်းသာစေရေးကို အမှန်ပင်အလေးထားကြောင်း ပြောဆိုခဲ့သည်။

ဗာရာဏသီသို့ နှစ်ရက်ကြာ ခရီးထွက်နေသော မိုဒီသည် အခြေခံအဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းများသို့ သွားရောက်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှုသည် ပြဿနာအားလုံး၏ အဖြေပင်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မိုဒီက ၎င်း၏အိပ်မက်မှာ အိန္ဒိယ၌ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးပင်ဖြစ်သည်။

၎င်းတို့အစိုးရအဖွဲ့သည် ဆင်းရဲသားများ၏ဘဝပြောင်းလဲစေရေးအတွက် အခွင့်အလမ်းများစွာဖန်တီးပေးနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း ပြောခဲ့သည်။

(ဆင်ဟွာ)

ထရန့်ရဲ့ဒေသတွင်းဆက်ဆံရေးမှာ ဖြေလျှော့မှုတွေလိုအပ်လာ

ကလျာမိုးမြင့်

အီရန်ကိုဆန့်ကျင်နေတဲ့ ထရန့်ရဲ့ စိတ်ခံစားချက်က အလားတူ ပူးပေါင်းဆောင်ရွက်သွားမယ့် အလားအလာမျိုးကို မတွေ့ရပါဘူး။ ဒါပေမယ့် အီရန်က သူ့ရဲ့အိမ်နီးချင်းနိုင်ငံနဲ့ ပတ်သက်ပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်နေတာတွေကို အမေရိကန်ကလျစ်လျူရှုမထားနိုင်တဲ့အပြင် အလယ်ပိုင်းနဲ့ တောင်အာရှဒေသမှာ ရုရှားရဲ့ မဟာဗျူဟာကျတဲ့အရေးပါ အရာရောက်မှုကိုလည်း မေ့ထားလို့မရဘူးဆိုတာကိုတော့ အမေရိကန်က နားလည်သဘောပေါက်ဖို့လိုအပ်

ပြီးခဲ့တဲ့ အင်္ဂါနေ့က သမ္မတထရန့်ဟာ ကုလသမဂ္ဂကိုပြောကြားတဲ့ မိန့်ခွန်းအတွင်းမှာ အာဖဂန်နစ္စတန်ကိုရည်ရွယ်ပြီးပြောဆိုခဲ့တာရှိပါတယ်။ အာဖဂန်မှာ အောင်ပွဲရရှိစေမယ့် ၎င်းရဲ့နည်းဗျူဟာက ရှုံးနိမ့်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေကို ချေမှုန်းဖို့နဲ့ ပြည်သူတွေအားလုံးကိုတိုက်ခိုက်ဖျက်ဆီးရာမှာ အကြမ်းဖက်အဖွဲ့တွေအသုံးပြုနေတဲ့ ဘေးကင်းတဲ့နေရာတွေကို နောက်ထပ်ရှိမလာအောင် အကူအညီပေးနိုင်မှာဖြစ်တယ်လို့ ထရန့်က ပြောကြားခဲ့ပါတယ်။

ထရန့်ဟာအဲဒီနည်းဗျူဟာသစ်ကို ဩဂုတ်လ ၂၁ ရက်မှာအစီအစဉ်လျာထားချက်ရေးဆွဲခဲ့တာဖြစ်ပြီး အဲဒီနည်းဗျူဟာလျာထားချက်ဟာ မရေမရာမှုတွေနဲ့ တိကျသေချာမှုတွေ ရောရောနှောနှောဖြစ်နေပါတယ်။ Fort Myer မှာ မိန့်ခွန်းပြောဆိုခဲ့တဲ့အချိန်မှာ သမ္မတထရန့်က အမေရိကန်တပ်ဖွဲ့ဝင်တွေထပ်မံချထားမယ့်အစီအစဉ်ကို ထုတ်ဖော်ကြေညာခဲ့တယ်။ ဒါပေမယ့်အရေအတွက် ဘယ်လောက်ချထားမယ်ဆိုတာကိုတော့ အသေးစိတ်မပြောခဲ့ဘူး။ မူဝါဒဆိုင်ရာအသေးစိတ်အချက်အလက်တွေကိုရော ထွက်ခွာမှုနည်းဗျူဟာတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုပါ အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိပါဘူး။

ပြီးတော့ထရန့်ဟာ အမေရိကန်က တိုက်ခိုက်ချေမှုန်းနေတဲ့အကြမ်းဖက်အဖွဲ့အစည်းတွေကို အိမ်ရှင်အဖြစ်လက်ခံပေးနေတဲ့အတွက် ပါကစ္စတန်ကို ၁၂ကြိမ်တိတိဝေဖန်ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် ဒေသအတွင်းမှာအမေရိကန်ရဲ့ရပ်တည်ချက်နဲ့ပတ်သက်ပြီး မကြည်မလင်ဖြစ်နေတဲ့ ရုရှားနဲ့တရုတ်နှစ်နိုင်ငံနဲ့ ပတ်သက်ပြီး သီးခြားရည်ရွယ်ပြောဆိုခဲ့တာမျိုးတော့ မတွေ့ရပါဘူး။ ဒါဟာထရန့်ဘက်က တော်တော်လေးထိမ်ချန်ထားတဲ့အပိုင်းပါပဲ။

ဒေသတွင်းမှာ အမေရိကန်ရဲ့ ရပ်တည်ချက်နဲ့ပတ်သက်ပြီး ခုခံရာမှာ အီရန်နဲ့ရုရှားဟာရန်လိုတဲ့ဘက်ကနေ ပါဝင်နေကြတယ်ဆိုတဲ့ အထောက်အထားကို အမေရိကန်က အကြောင်းရင်းမပြသနိုင်သရွေ့ အာဖဂန်နဲ့ ပတ်သက်တဲ့ အမေရိကန်ရဲ့ ဘယ်အစီအစဉ်ကမှ အောင်မြင်ပြီးမြောက်နိုင်မှာ မဟုတ်ပါဘူး။ အယ်လ်ခိုင်ဒါနဲ့ တာလီဘန်လိုစစ်သွေးကြွအုပ်စုတွေကို ချေမှုန်းတဲ့ အသေးငယ်ဆုံးရည်ရွယ်ချက်ကိုတောင် ဖြစ်မြောက်အောင်လုပ်ဆောင်နိုင်မှာမဟုတ်ပါဘူး။

အာဖဂန်အမျိုးသားတပ်မတော်က စစ်ဦးစီးချုပ် ရှာရစ်ဖ်ရတ်ဖ်တာလီကအီရန်ဟာ အာဖဂန်အနောက်ပိုင်းမှာရှိနေတဲ့တာလီဘန်စစ်သွေးကြွတွေကို စစ်လက်နက်ကိရိယာတွေထောက်ပံ့ပေးနေတယ်ဆိုတာကို ပြသနိုင်တဲ့သက်သေအထောက်အထား အာဖဂန်မှာရှိတယ်လို့ စက်တင်ဘာ ၆ ရက်က ဘီဘီစီသတင်းဌာနနဲ့ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။ ပြီးတော့ အာဖဂန်လုံခြုံရေးအင်အားစုတွေဟာ တာလီဘန်တွေကို ရုရှားက ကူညီထောက်ပံ့ပေးတယ်ဆိုတဲ့ အထောက်အထားမျိုးကို ခုချိန်ထိ မတွေ့ရှိသေးဘူးဆိုတဲ့အချက်ကို ရတ်ဖ်တာလီက အသိအမှတ်ပြုခဲ့ပါတယ်။

တခြားသူတွေယုံကြည်ထားကြတဲ့ အချက်က အီရန်ဟာ ရုရှားနဲ့အာဖဂန်စစ်သွေးကြွတွေကို ကြားဝင်စေ့စပ်ညှိနှိုင်းမှုတွေပြုလုပ်ပေးပြီး ၎င်းရဲ့တောင်အာရှမိတ်ဖက်နိုင်ငံနဲ့ရုရှားကို ပြန်လည်ပေါင်းစည်းညီညွတ်အောင်လုပ်ဆောင်ပေးနေတယ်ဆိုတဲ့ အချက်ပါ။ ဒေသတွင်းနိုင်ငံရေးအခြေအနေတွေဟာ တစ်မျိုးတစ်ဖုံပြောင်းလဲကုန်ပြီ။ ဒီမှာရှိနေကြတဲ့ အင်အားအကြီးထွားဆုံး တာလီဘန်တွေဟာ အီရန်နိုင်ငံသားတာလီဘန်တွေဖြစ်တယ်လို့ အာဖဂန်အကြီးတန်းစစ်ရေးထောက်လှမ်းမှုအဖွဲ့အာဏာပိုင် အာရစ်ဖ်ရှာဂျီဟန်က အီရန်နဲ့ဘေးချင်းကပ်မှာရှိနေတဲ့ ဖာရာပြည်နယ်အုပ်ချုပ်ရေးမှူးကို မကြာသေးခင်ကပဲ ထောက်ပြခဲ့တယ်လို့ ဩဂုတ်လအတွင်းမှာ နယူးယောက်တိုင်းမ်သတင်းစာထဲမှာ ဖော်ပြခဲ့ပါတယ်။

အီရန်ဟာ တာလီဘန်တွေကိုစစ်လက်နက်ပစ္စည်းမျိုးစုံ ထောက်ပံ့တဲ့နေရာမှာ ရုရှားကိုအကူအညီပေးနေတယ်လို့ ဟယ်လ်မန်ပြည်နယ်အုပ်ချုပ်ရေးမှူး ဟာရာတူလာဟာရတ်က ဝါရှင်တန်ပို့စ်သတင်းစာကို ပြောခဲ့ပါတယ်။ ပို့ဆောင်ခဲ့တဲ့လက်နက်တွေထဲမှာ ဒုံးပျံလောင်စာစွမ်းအင်ရှိတဲ့ လက်ပစ်ဗုံးတွေ၊ မြေမြှုပ်မိုင်းတွေ၊ စနိုက်ပါရိုင်ဖယ် သေနတ်တွေနဲ့ ၈၂ မီလီမီတာမော်တာ ကျည်တွေ ပါဝင်ပါတယ်။

အီရန်နဲ့တာလီဘန်တွေပူးပေါင်းလိုက်တယ်လို့ ပြောစမှတ်ဖြစ်စေခဲ့တဲ့ ၂၀၁၆ခုနှစ်မေလတုန်းက အမေရိကန်ဒရုန်းယာဉ်တစ်စင်းဟာ ပါကစ္စတန်တောင်ပိုင်းဘာလိုချီစတန်ပြည်နယ်အတွင်းက သဲကန္တာရလမ်းကြောင်းတစ်ခုပေါ်မှာရှိနေတဲ့ယာဉ်တစ်စီးကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပြီး ယာဉ်မောင်းသူနဲ့ တစ်ဦးတည်းသောခရီးသည်သေဆုံးသွားခဲ့ပါတယ်။ ခရီးသည်ရဲ့နိုင်ငံကူး လက်မှတ်မှာ ၎င်းရဲ့အမည်ကို ဝါလီမိုဟာမက်ဆိုပြီး ဖော်ပြထားပါတယ်။ အမေရိကန်နဲ့ အာဖဂန်အာဏာပိုင်တွေက သေဆုံးသူဟာ တာလီဘန်ခေါင်းဆောင် မူလာအက်ခတာမန်ဆောအစစ်ပဲလို့ အခိုင်အမာပြောဆိုခဲ့ကြပါတယ်။

စိတ်ဝင်စားဖို့ကောင်းတဲ့အချက်က ဆန်းကြယ်တဲ့ အဲဒီသေဆုံးသူခရီးသည်ဟာ အီရန်ကနေပြန်လာနေခဲ့တာဖြစ်ပြီး ပတ်စ်ပို့မှာဖော်ပြနေတာက အဲဒီခရီးစဉ်ဟာ အဲဒီနှစ်အတွင်းမှာ အိမ်နီးချင်းအစ္စလာမ္မစ်နိုင်ငံသို့ ဒုတိယအကြိမ်ခရီးသွားရောက်မှုဖြစ်ပါတယ်။ ခုချိန်ထိ တိုးတက်လာခြင်းမရှိသေးတဲ့ ရှီးယိုက်အီရန်နိုင်ငံသားတွေနဲ့ ဆွန်နီအစ္စလာမ်ဘာသာဝင် တာလီဘန်တွေရဲ့ဆက်ဆံရေးက အာဖဂန်ရဲ့ဒေသအများစုတွေမှာ ရှီးယိုက်အိုင်အက်စ်အစွန်းရောက်အဖွဲ့ကိုဆန့်ကျင်တဲ့ စစ်သွေးကြွတွေကိုပေါ်ပေါက်လာစေခဲ့ပါတယ်။ အီရန်အတွက်ကတော့ တာလီဘန်တွေဟာ အီရန်ကိုဆန့်ကျင်တဲ့ အင်အားစုတွေ နိုင်ငံအရှေ့ပိုင်းဆီပျံ့နှံ့လာတာကို ခံတပ်တစ်ခုလိုတားဆီးပေးနိုင်တဲ့ မကောင်းဆိုးဝါးအဖြစ်လည်း ရှိနေပါတယ်။

နယူးယောက်နဲ့ဝါရှင်တန်မှာဖြစ်ပွားခဲ့တဲ့ ၉/၁၁ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်က အာဖဂန်ကို ကျူးကျော်ခဲ့ချိန်ကစပြီး ဒေသတွင်းဆိုင်ရာ စိတ်ဝင်စားမှုနဲ့ ပူးပေါင်းမှုတွေမှာ သိမ်မွေ့နက်နဲတဲ့ အပြောင်းအလဲတွေရှိလာတာကို ထရန့်အနေနဲ့အသိအမှတ်ပြုဖို့လိုအပ်ပါတယ်။ ၂၀၀၁ ခုနှစ်ကို ပြန်သွားကြည့်ရင် အီရန်ဟာ လွန်ခဲ့တဲ့သုံးနှစ်အကြာက အီရန်ကောင်စစ်ဝန်ရုံးရှေ့မှာ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေပေါ်ပေါက်ခဲ့စဉ်အတွင်း အီရန်သံတမန်တွေကိုသတ်ဖြတ်လိုက်တာတွေနဲ့ပတ်သက်ပြီး တာလီဘန်တွေကိုအမြစ်ဖြတ်ဖို့ အမေရိကန်ဦးဆောင်တဲ့မဟာမိတ်အဖွဲ့ကို အကူအညီပေးခဲ့ပါတယ်။ အီရန်က အကူအညီပေးအပ်ခဲ့တဲ့ စစ်ရေးထောက်လှမ်းမှုအဖွဲ့နဲ့ စစ်ရေးအရကူညီထောက်ပံ့မှုတွေအပြင် ရုရှားနဲ့ အိန္ဒိယရဲ့ ကူညီထောက်ပံ့မှုကို ရယူထားတဲ့ အီရန်မြောက်ပိုင်းက အာဖဂန်မဟာမိတ်တွေဟာ အမေရိကန်မစ်ရှင်အဖွဲ့အတွက် မရှိမဖြစ်အရေးပါလာပါတယ်။

အီရန်ကိုဆန့်ကျင်နေတဲ့ ထရန့်ရဲ့ စိတ်ခံစားချက်က အလားတူပူးပေါင်းဆောင်ရွက်သွားမယ့် အလားအလာမျိုးကိုမတွေ့ရပါဘူး။ ဒါပေမယ့် အီရန်က သူ့ရဲ့အိမ်နီးချင်းနိုင်ငံနဲ့ ပတ်သက်ပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်နေတာတွေကို အမေရိကန်ကလျစ်လျူရှုမထားနိုင်တဲ့အပြင် အလယ်ပိုင်းနဲ့ တောင်အာရှဒေသမှာ ရုရှားရဲ့ မဟာဗျူဟာကျတဲ့ အရေးပါအရာရောက်မှုကိုလည်း မေ့ထားလို့မရဘူးဆိုတာကိုတော့ အမေရိကန်က နားလည်သဘောပေါက်ဖို့လိုအပ်ပါတယ်။

ထရန့်ဟာ ဘယ်သောအခါမှ ရုရှားနဲ့အီရန်အတွက် အကောင်းဆုံးမိတ်ဆွေဖြစ်လာမှာမဟုတ်ဘူး။ ဒါပေမယ့် ထရန့်အနေနဲ့ အီရန်ကိုအကြမ်းဖက်မှုတွေမှာ စပွန်ဆာပေးနေတဲ့သူအဖြစ် စာရင်းသွင်းမှုကနေ ပယ်ဖျက်ဖို့အတွက် ထည့်သွင်းစဉ်းစားသင့်သလို အာဖဂန်မှာရှိနေတဲ့ အမေရိကန်ကိုဆန့်ကျင်တဲ့အင်အားစုတွေ၊ အီရန်နဲ့ရုရှားက ပေးထားတဲ့ အကူအညီတွေကို ရုပ်သိမ်းလိုက်တဲ့အတွက် အပြန်အလှန်အနေနဲ့ အီရန်နဲ့ ရုရှားအပေါ်မှာချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးဖို့ကိုပါ စဉ်းစားသင့်ပါတယ်။

ဒီလိုဆောင်ရွက်လိုက်ခြင်းအားဖြင့် အာဖဂန်အတွင်းမှာဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကို အဆုံးသတ်သွားစေမှာတော့မဟုတ်ဘူး။ ဒါပေမယ့် ထရန့်အတွက်ကတော့ အမေရိကန်တပ်ဖွဲ့ဝင်တွေအတွက်ထွက်ခွာမှုနည်းဗျူဟာသစ်ကို ဆောင်ရွက်နိုင်စေဖို့ စစ်မက်ဖြစ်ပွားမှုကို လုံလောက်တဲ့အတိုင်းအတာအထိ လျှော့ချပေးနိုင်လိမ့်မယ်လို့ ခြုံငုံမိပါကြောင်း။ ။

(ရိုက်တာ)

ပြောင်းစိုက်တောင်သူများ အဆင်ပြေစေရန် ပြောင်းခြွေစက်များဖြင့် လိုက်လံဝန်ဆောင်မှုပေးမည်

ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ-ဇေမိုး

နေပြည်တော်ကောင်စီနယ်မြေ၌ ပြောင်းများစတင်ထွက်ရှိနေပြီဖြစ်၍ ခြောက်သွေ့စွာသိုလှောင်ထားနိုင်ရန်အတွက် ခြွေလှေ့စက်များဖြင့် လိုက်လံဝန်ဆောင်မှုပေး မည်ဖြစ်ကြောင်း တပ်ကုန်းမြို့နယ် ညောင်ငါးပင်ကျေးရွာရှိ တောင်သူအစုအဖွဲ့မှ သိရသည်။

စက်တင်ဘာလ ပထမပတ်မှစ၍ ပြောင်းသစ်များ ထွက်ရှိနေပြီး ပြောင်းဆန်ဈေးနှုန်းမှာ တစ်အိတ်လျှင်ငွေကျပ် ၂၄၀၀ ကျော် ကျဆင်းနေကြောင်း၊ ထွက်ရှိထားသည့် ပြောင်းစံများတွင် မှိုကပ်စွဲမှုများနှင့် အရောင်အသွေးမလှမှုများ ဖြစ်ပေါ်နေကြောင်း၊ စိုက်ပျိုးတောင်သူများမှ ခြွေလှေ့စက် အသုံးမပြုဘဲ လက်လုပ်ပစ္စည်းများဖြင့်သာ ခြွေနေခြင်းကြောင့် ပုံမှန်ထက် ကျိုးကြေမှုများ ဖြစ်ပေါ်နေကြောင်း ယင်းအစုအဖွဲ့မှ တောင်သူဦးအေးသောင်က ပြောသည်။

"ပြောင်းတစ်တင်းစက်နဲ့ ခြွေလှေ့ရင် ငွေကျပ် ၃၀၀ ကျော် ကောက်ပါတယ်။ တောင်သူအချင်းချင်း ကူညီတဲ့အနေနဲ့ တစ်တင်းကို ငွေကျပ် ၂၀၀ နှုန်းပဲ ကောက်ပါတော့မယ်။ ကျေးရွာအထိ အရောက်သွားပြီးတော့ လုပ်ပေးမှာပါ။ ကျွန်တော်တို့ အဖွဲ့မှာ ခြွေလှေ့စက် လေးခုရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

နေပြည်တော်ကောင်စီဒေသမှ ထွက်ရှိသော ပြောင်းဆန်များကို တရုတ်နိုင်ငံသို့ အဓိက တင်ပို့ရောင်းချနေခြင်းဖြစ်ပြီး ယခုနှစ် စက်တင်ဘာလမှ စတင်ကာ ပြည်တွင်းပြောင်းကုန်သည်များက ဆက်လက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"ဈေးမကောင်းတော့ ကျွန်တော်တို့လည်း အဆင်မပြေဘူး။ တောင်သူတွေနဲ့ ပျဉ်းမနားက အဝယ်ဒိုင်တွေ မိတ်မပျက်အောင်လို့သာ တောင်သူတွေလည်ပတ်နိုင်အောင် ဝယ်ပေးနေတာ။ တကယ်တော့ ကျွန်တော်တို့လည်း အရှုံးပေါ်နေပါတယ်" ဟု တပ်ကုန်းမြို့နယ်ရှိ အဝယ်ပင်မဒိုင်မှ ဦးအောင်ဝင်းက ပြောသည်။

ပြောင်းစိုက်ပျိုးသော ရာသီမှာ ဩဂုတ်လ ပထမပတ်တွင် စတင်စိုက်ပျိုးလေ့ရှိသည်။

လက်ရှိ ဘဏ္ဍာနှစ် ငါးလကျော်အတွင်း ပြည်ပကုန်သွယ်မှု ယခင်နှစ် ကာလတူထက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ ရရှိထား

ဇာလင်းသူ (AMIA)

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ငါးလကျော်အတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံရရှိထားပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"ဆန်က ပြည်ပပို့တာ တန်ချိန် ၈ သိန်းကျော် ပို့ထားနိုင်သလို ပဲကလည်း တန်ချိန် ၉ သောင်းကျော် ပိုပြီးတင်ပို့ထားနိုင်တယ်။ဒါပေမယ့် တန်ဖိုးငွေကတော့ ဈေးကျခဲ့လို့ ကန်ဒေါ်လာ သန်း ၂၅၀ နီးပါး လျော့နည်းရရှိခဲ့တယ်။ ပို့ကုန်ကနေ ကန်ဒေါ်လာသန်း ၆၀၀ ကျော် ပိုရခဲ့တယ်။ သွင်းကုန်ကနေ ကန်ဒေါ်လာ သန်း ၁၂၀၀ လောက် ပိုပြီး တင်သွင်းခဲ့တယ်" ဟု ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောကြားသည်။

လယ်ယာထွက်ကုန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိထားပြီး စုစုပေါင်း ပို့ကုန်တန်ဖိုး၏ ၂၅ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ထိုသို့တင်ပို့ရာတွင် အများဆုံး တင်ပို့နိုင်ခဲ့သည့် လယ်ယာထွက်ကုန်များမှာ ဆန်၊ ပဲ၊ ပြောင်းနှင့်ရော်ဘာ၊ ရေထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းများ၊ သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်တို့ ဖြစ်သည်။

လက်ရှိဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏသည် ပို့ကုန်ကဏ္ဍမှ ၁၄ ဘီလီယံ၊ သွင်းကုန်ကဏ္ဍမှ ၁၅ ဘီလီယံရရှိရန် လျာထားသည်။ ယခင် ဘဏ္ဍာနှစ်က ၃၁ ဘီလီယံ လျာထားရာမှ ၂၉ ဘီလီယံကျော် ရရှိခဲ့သည်။

ရေစကြိုမြို့နယ် ကျေးရွာများရှိ စိုက်ခင်းများ၌ တတိယအကြိမ် ရေဝင်

ရေစကြို စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ စက်တင်ဘာ ၁၉ ရက်မှ ၂၂ ရက်အတွင်း ရောဝတီ မြစ်ရေနှင့် ချင်းတွင်းမြစ်ရေ တတိယအကြိမ်ထပ်မံဝင်ရောက်မှုကြောင့် စပါးစိုက်ခင်းများ၊ ပဲခင်းများ ထပ်မံရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာအထက်ပိုင်းရှိ ကျေးရွာများဖြစ်သော ရေယှားကျေးရွာ၊ ငတမျှော်ကျေးရွာ၊ လှေခုတ်ကျေးရွာ၊ ဆင်တဲကျေးရွာစသည့် ကျေးရွာများ၌ ရေများဝင်ရောက်မှုကြောင့် စပါးစိုက်ခင်း၊ ပဲပိစပ်နှင့် ပဲပုပ်စိုက်ခင်းများ ရေနစ်မြုပ်ခဲ့ရပြီး ရေယှားကျေးရွာတစ်ရွာတည်းတွင် ဧက ၁၀၀ နီးပါးခန့် ထပ်မံနစ်မြုပ်ခဲ့သည်။

"ကျွန်တော်တို့ ရေယှားကျေးရွာမှာဆို အခုရေထပ်ဝင်လို့ စပါးအစေ့ စိုက်ခင်းဧက ၅၀လောက်၊ ပျိုးစိုက်ခင်း သုံးဧက၊ ပဲပိစပ်က ဧက ၂၀လောက်နဲ့ ပဲပုပ်ဧက ၂၀ လောက် ရေနစ်ကုန်ပါပြီ။ အရင်ရေဝင်တုန်းကလည်း စပါးပျိုးခင်း ဧက ၁၄၀၀ ကျော် ၁၅၀၀ နီးပါး နစ်မြုပ်ခဲ့ရပါတယ်။ ရေကတော့ အခုပြန်ကျသွားပါပြီ။ နောက်ထပ်ပြန်ကြဲရမှာဆိုတော့ ပဲမျိုးတွေ ထပ်ကုန်ရပါတယ်။ တချို့တောင်သူတွေဆို ရေနှစ်ခါနစ်တော့ ပြန်စိုက်စရာမျိုးအတွက် အခက်တွေဖြစ်နေကြရပါတယ်"ဟု ရေယှားကျေးရွာမှ တောင်သူဦးမောင်က ပြောသည်။

ရေစကြိုမြို့နယ်အတွင်းရှိ အထက်ပါ ကျေးရွာများ၌ မြစ်ရေများ အကြိမ်ကြိမ်ဝင်ရောက်မှုကြောင့် တောင်သူများမှာ စပါးမျိုးစေ့များနှင့် ပဲမျိုးစေ့များ အတော်များများ ဆုံးရှုံးကြရသည့်အပြင် စိုက်ပျိုးစရိတ်များပါ ဆုံးရှုံးကြရ၍ နောက်တစ်ကြိမ်စိုက်ပျိုးရန်အတွက် စိုက်ပျိုးစရိတ်များ အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာများရှိ စိုက်ခင်းများသည် ဩဂုတ်လ တတိယပတ်တွင်လည်း မိုးများ၍နစ်မြုပ်ခဲ့ရပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက်ထပ်မံ နစ်မြုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မေမိုးသဲ

တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

ကေဇူး (AMIA)၊ ဓာတ်ပုံ - မေမိုးသဲ

ဒီတစ်ပတ်မှာတော့ ပြည်ပတင်ပို့တဲ့ ၂၅ မတ်တန် ဆန်ကြမ်းဈေးတွေတက်လာပါတယ်။ ပဲတီစိမ်းဈေးတွေ တက်လာပြီး မတ်ပဲကတော့ ဈေးငြိမ်နေပါတယ်။

တရုတ်ကြက်သွန်အချို့အနည်းငယ်ဝင်လာပေမယ့် ပြည်တွင်း ကြက်သွန်နီဈေးကတော့ အတက်ဈေးနဲ့ဆက်ရှိနေပါတယ်။

မတ်ပဲ (FAQ/RC) အကျဈေးနဲ့ ဈေးငြိမ်

မတ်ပဲက ပြီးခဲ့တဲ့ အပတ်ကပဲ အကျဘက်ကို ဦးတည်ခဲ့ပြီး ဒီတစ်ပတ်မှာလည်း အကျဈေးနဲ့ ငြိမ်နေပါတယ်။

တစ်တန်ကို ငွေကျပ် ၅၆၀၀၀၀ ဝန်းကျင်မှာ ဈေးငြိမ်နေတာဖြစ်ပါတယ်။ တစ်ပတ်အတွင်း တချို့ရက်တွေမှာ ထောင်ဂဏန်းလောက် တက်လာပြီး တချို့ရက်တွေမှာ ထောင်ဂဏန်း ဝန်းကျင် ဈေးကျသွားတာကို တွေ့ရပါတယ်။

လက်ရှိ မတ်ပဲပေါက်ဈေးကတော့ ငွေကျပ် ၅၆၀၀၀၀ ဝန်းကျင်မှာသာ အပြောင်းအလဲဖြစ်နေပါတယ်။

ပဲတီစိမ်း ဈေးတက်လာ

ပဲတီစိမ်း ဈေးနှုန်းတွေကတော့ တစ်ပိဿာကို ငွေကျပ် ၁၅၈၀ မှ ၂၃၃၅ အထိပေါက်ဈေးရှိခဲ့ပြီး ပြီးခဲ့တဲ့အပတ်ကထက် တစ်ပိဿာကို ငွေကျပ် ၁၅၀ ခန့် ဈေးတက်လာတာကို တွေ့ရပါတယ်။

ဒီလအစပိုင်းက အိန္ဒိယနိုင်ငံကို တင်ပို့နေတဲ့ မတ်ပဲနဲ့ ပဲစင်းငုံနီကလွဲရင် ပဲမျိုးစုံဈေးတွေက အတက်ဘက်မှာပဲ ရှိနေတာကို တွေ့ရပါတယ်။

စီပီပြောင်းဈေးဆက်ကျ

တရုတ်နိုင်ငံကို အဓိကထားတင်ပို့နေတဲ့ စီပီပြောင်းက ဈေးပြန်ကျသွားပါတယ်။ တစ်ပိဿာကို ငွေကျပ် ၄၂၀ ကနေ ၅၂၀လောက်ပဲ ပေါက်ဈေးဖြစ်ခဲ့ပြီး ပြီးခဲ့တဲ့အပတ်ရဲ့အနိမ့်ဆုံးဈေး လောက်သာ ရှိပါတယ်။

တရုတ်နိုင်ငံက အဝယ်သွက်နေတဲ့အတွက်ဈေးက မြင့်တက်နေတာလည်း ဖြစ်ပါတယ်။ပုံမှန် မူဆယ်ကနေတစ်ဆင့် တရုတ်နိုင်ငံကို ပြောင်း ကားအစီးရေ ၄၀၀ နီးပါး နေ့စဉ်ဝင်ရောက်နေပြီး ပြီးခဲ့တဲ့တစ်လလုံး ပြောင်းတန်ချိန်လေးသောင်းကျော် တင်ပို့ခဲ့ပြီးဖြစ်တယ်လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ သိရပါတယ်။

ကုလားပဲဈေးဆက်မြင့်

ကုလားပဲမျိုးဝယ်ယူမှုများနေတဲ့အတွက် ကုလားပဲဈေးကတော့ ဆက်ပြီး မြင့်နေပါတယ်။ လက်ရှိမှာ ပြည်တွင်းက ဝယ်ယူမှုများနေပြီး ပဲခွဲစက်တွေကလည်း ပုံမှန်ဝယ်ယူနေတဲ့အတွက် ဈေးကအတက်ဈေးနဲ့ ရှိနေပါတယ်။

လက်ရှိကုလားပဲဈေးက တစ်တင်းကို ငွေကျပ် ၄၅၀၀၀ခန့် ဈေးရရှိနေပြီး မျိုးပဲကတော့ တစ်တင်းကို ငွေကျပ် ၄၆၀၀၀ခန့် ပေါက်ဈေးရှိနေပါတယ်။

နှမ်းညိုဈေး တက်ရိပ်ပြန်ပြလာ

ပြည်တွင်းဈေးကွက်အတွင်း နှမ်းအဝင်အထွက်မရှိသလို ဝယ်လက်နည်းနေပေမယ့် နှမ်းညိုဈေးကတော့ တက်ရိပ်ပြန်ပြလာပါတယ်။

လက်တလောပေါက်ဈေးကတော့ တစ်အိတ်ကို ငွေကျပ် ၉၀၀၀၀ ခန့် ပေါက်ဈေးရှိပြီး ၂၀၀၀ ခန့် ဈေးတက်လာပါတယ်။

ညှော့မထမိုးဆန်နဲ့ မြီးတုံးဆန် ဈေးတက်

ပြည်တွင်းဈေးကွက်ကို ဆန်ကြမ်းအဝင်နည်းတာရယ် ပြည်ပပို့ကုန်များနေတဲ့အတွက်ကြောင့် ဆန်ကြမ်းဈေးတွေက ဆက်ပြီး ဈေးတက်နေပါတယ်။

ညှော့မထဆန်ကတော့ တစ်အိတ်ကို ငွေကျပ် ၈၀၀ ခန့် ဈေးတက်လာပြီးတော့ မြီးတုံးဆန်ကတော့ တစ်အိတ်ကို ၁၀၀၀ ခန့် ဈေးတက်လာပါတယ်။

လက်ရှိပေါက်ဈေးက ညှော့မထ ဆန်တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၂၂၀၀၀ ရှိပြီး မြီးတုံးဆန်ကတော့ အမြင့်ဆုံးဈေးငွေကျပ် ၂၇၀၀၀ ပေါက်ဈေးရှိနေပါတယ်။

ကြက်သွန်နီ

ကြက်သွန်နီ အသစ်ပေါ်ဖို့ တစ်လအလိုမှာ ပြည်တွင်း ကြက်သွန်နီဈေးတွေ ငွေကျပ် ၂၀၀၀ ကျော်နဲ့ အထက်ဈေးတက်လာခဲ့ပြီး ပြည်တွင်းကြက်သွန်နီဈေးကွက်ကို ထိန်းချုပ်ဖို့ တရုတ်နိုင်ငံက ကြက်သွန်အချို့ တင်သွင်းရောင်းချတာတွေ ရှိနေပါတယ်။

ကြက်သွန် လက်ကျန်အများစုက တောင်သူတွေ လက်ထဲမှာ ပဲရှိနေပြီး ဒီနှစ်ကတော့ တောင်သူတွေကိုယ်တိုင် ကြက်သွန်လှောင်တဲ့နှစ် ဖြစ်တယ်လို့ ဒေသဆိုင်ရာ ကြက်သွန်ဈေးကွက်မှာ တာဝန်ရှိသူတွေက သုံးသပ်ထားပါတယ်။

ကြက်သွန်အသစ်တွေဟာ အစောဆုံး အောက်တိုဘာလကုန်မှာ ပေါ်နိုင်မှာဖြစ်တဲ့အတွက် ဒီတစ်လအတွင်းမှာတော့ ကြက်သွန်နီက အတက်ဈေးနဲ့ရှိနေဦးမှာ ဖြစ်ပါတယ်။

သီးနှံများစိုက်ပျိုးရေးဆိုင်ရာ နှိုးဆော်

မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးအား နှစ်စဉ်စိုက်ဧကစုစုပေါင်း ၁၁ ဒသမ ၄၅ သန်းခန့်စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း၊ ကုလားပဲ ၈ ရာခိုင်နှုန်းစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပဲစင်းငုံသီးနှံအား စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရှမ်းပြည်နယ်တို့တွင် မိုးရာသီ၌လည်းကောင်း၊ ပဲတီစိမ်းသီးနှံအား မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးကြို (သို့မဟုတ်) ဆောင်းသီးနှံအဖြစ် လည်းကောင်း၊ မတ်ပဲသီးနှံအား ပဲခူး၊ ဧရာဝတီ၊ စစ်ကိုင်း၊ နေပြည်တော်တို့တွင် မိုး၊ ဆောင်းသီးနှံအဖြစ် လည်းကောင်း အဓိကထားစိုက်ပျိုးလျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်အနှံ့အပြားတွင် စိုက်ပျိုးနိုင်သည့်သီးနှံများ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပဲမျိုးစုံသီးနှံအများဆုံးဝယ်ယူလျက်ရှိသည့် အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများအား ကန့်သတ်ကုန်စည် အမျိုးအစားအဖြစ် သတ်မှတ်ကာ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ရေမြေဒေသရာသီဥတုနှင့်ကိုက်ညီပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ရှိသည့် ဆောင်းသီးနှံများအနေဖြင့် ကုလားပဲ၊ ပဲလွမ်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ ပဲနီလေး၊ တရုတ်ပဲဝါလေး၊ စားတော်ပဲ၊ နှမ်း၊ မြေပဲနှင့် နေကြာတို့ဖြစ်ကြောင်း တွေ့ရသည်။ ထို့အပြင်မြန်မာနိုင်ငံသည် နှစ်စဉ်ဆန်တင်ပို့လျက်ရှိရာ ယခုနှစ် ဆန်တန်ချိန် နှစ်သန်းတင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းမှလည်း သိရသည်။ စပါးသီးနှံအနေဖြင့် ရေရရှိနိုင်သောဒေသများတွင် နွေစပါးသီးနှံအနေဖြင့်လည်း စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် စိုက်ပျိုးမည့်သီးနှံများအား ဓာတုဆေး ဓာတ်ကြွင်းမပါဝင်စေဘဲ အစားအစာလုံခြုံစိတ်ချရမှုရှိမှသာ နိုင်ငံတကာဈေးကွက်ဝင် သီးနှံများအဖြစ် စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်နိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (GAP) စနစ်အသုံးပြုစိုက်ပျိုးရန် လိုအပ်မည်ဖြစ်သည်။ သို့ပါ၍ မျိုးနှင့် နည်းပညာအကူအညီများရယူလိုပါက နီးစပ်ရာစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံးများ၊ ခြံစိုက်ကွင်းများတွင် လေ့လာ၊ ဆွေးနွေး၊ အကူအညီရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ပြည်တွင်း၌ ကျွဲ၊ နွားများကို လွတ်လပ်စွာ သယ်ယူရောင်းဝယ်ခွင့်ရှိရန် လိုအပ်နေ

မန္တလေး စက်တင်ဘာ ၂၄

ပြည်တွင်း၌ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များကို လွတ်လပ်စွာ သယ်ယူရောင်းချခြင်း မပြုလုပ်နိုင်ရန်အတွက် ကန့်သတ်ထားသည့် ၂၀၁၂ ခုနှစ် အရေးကြီးကုန်စည်ဥပဒေပါ ပြဋ္ဌာန်းထားချက်များကို ပယ်ဖျက်ပေးမှသာ အဆိုပါ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၂၁ ရက်က မန္တလေးမြို့ Perfect ဟိုတယ်၌ ပြုလုပ်ခဲ့သည့် ပြည်တွင်း ကျွဲ၊ နွား၊သိုး၊ဆိတ် မွေးမြူရေးနှင့် အသားကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်း ဖြစ်သည်။ "ပြည်တွင်း မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်က ဈေးကွက်ရှိဖို့ လိုအပ်တယ်။ အခုက ဈေးကွက်ကို ပိတ်ဆို့နေတဲ့အချက်နှစ်ချက်ရှိတယ်။ ၂၀၁၂ ခုနှစ် အရေးကြီးကုန်စည်မှာ ကျွဲ၊ နွားတွေကိုကန့်သတ်ထားတဲ့အတွက် တောင်သူတွေက မွေးမြူထားတဲ့ ကျွဲ၊ နွားတွေကို သယ်ယူရောင်းချခွင့်မရှိဘူး။ မှောင်ခိုအနေနဲ့ပဲ ဈေးနှိမ်ဝယ်ယူတာ ခံနေရတယ်။ နောက်တစ်ချက်က သားသတ်လိုင်စင်ကိစ္စကို တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ပယ်ဖျက်ပေးပြီး တခြားနည်းလမ်းတစ်ခုနဲ့ အစားထိုးပေးဖို့လိုအပ်တယ်"ဟု ဒေါက်တာကျော်ထင်က ပြောသည်။

ယင်းကဲ့သို့ ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့နိုင်ရန်နှင့် ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြောင်းလဲပြင်ဆင်ရေးဆွဲလျက်ရှိရာ လိုအပ်ချက်များကို တင်ပြနိုင်ရန်အတွက် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်းလည်း ၎င်းကဆက်ပြောသည်။

"ကျွန်တော် ဒီဥပဒေကို သေသေချာချာ လေ့လာသုံးသပ်ကြည့်တဲ့အခါမှာ ကန့်သတ်ချက်တွေ အရမ်းများနေတယ်။ အကန့်အသတ်နဲ့ မလိုလားအပ်တဲ့အချက်အလက်တွေ ဥပဒေထဲမှာ ထည့်သွင်းထားတာ တွေ့ရပါတယ်။ ဒီဥပဒေတွေကို ပြင်ဆင်ဖြည့်စွက်တာက ပြည်ထောင်စုလွှတ်တော်ကနေ လုပ်ရမှာဖြစ်တယ်။ ဒါမှ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်မှာဖြစ်တယ်"ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကော်မတီဝင် ဦးရဲမင်းဦးက ပြောသည်။

၂၀၁၂ ခုနှစ် အရေးကြီးကုန်စည်ဥပဒေအရ တောင်သူများအနေဖြင့် ကျွဲ၊ နွားများကို လွတ်လပ်စွာ သယ်ယူရောင်းချခွင့်မရှိသော်လည်း မှောင်ခိုသမားများက ဈေးနှိမ်ဝယ်ယူနေသည့်အတွက် တောင်သူများပင် နစ်နာနေရပြီး ဒဏ်ရာအနာတရဖြစ်သည့် ကျွဲ၊ နွားများကိုလည်း သားသတ်လိုင်စင်(စီ)အရ သားသတ်လိုင်စင်ရရှိထားသူများထံသို့သာ ဈေးအနှိမ်ခံကာ ရောင်းချနေရကြောင်းလည်း ဒေါက်တာကျော်ထင်က ပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်း၌ ကျွဲ၊ နွားများကို သယ်ယူရောင်းချခွင့် ကန့်သတ်ထားသော်လည်း နယ်စပ်မှောင်ခိုလမ်းကြောင်းများမှတစ်ဆင့် အိမ်နီးချင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ နေ့စဉ်အကောင်ရေ သိန်းချီပြီး တရားမဝင် မှောင်ခိုရောင်းချမှုများရှိနေသည့်အတွက် သင့်တော်သည့် အခွန်နှုန်းထားသတ်မှတ်ကာ တရားဝင် တင်ပို့ရောင်းချခွင့်ပေးလိုက်ပါက တိုင်းပြည်ဝင်ငွေလည်း တိုးလာနိုင်ကြောင်း မြဝတီနယ်စပ် ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုထားသည်။

ထက်အောင်(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)

အင်းစိန်နို့ဈေးကွက်မှ နွားနို့အရည်အသွေးကို နယူးဇီလန်အဖွဲ့ လာရောက်လေ့လာ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်မြို့အတွက် နွားနို့ဖြန့်ဖြူးရာ အဓိကဈေးကွက်တစ်ခုဖြစ်သော အင်းစိန်ဘူတာလမ်းဆုံ မီးပွိုင့်အနီးရှိ နွားနို့ဈေးကွက်သို့ မြန်မာ-နယူးဇီလန် ကောင်းမွန်သော နို့စားနွားမွေးမြူရေးအဖွဲ့က စက်တင်ဘာ ၂၁ ရက်တွင် လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် နယူးဇီလန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ-နယူးဇီလန် ကောင်းမွန်သောနို့စားနွားမွေးမြူရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ နယူးဇီလန်အဖွဲ့က လာရောက်လေ့လာခြင်းဖြစ်သည်။

"အခုလိုအပူချိန်နဲ့ သယ်ယူပို့ဆောင်တဲ့အခါမှာ အပူချိန်တွေဟာ ဘက်တီးရီးယားပိုး ပွားနိုင်တယ်။ နွားနို့သယ်ဆောင်တဲ့ပုံးတွေလည်း သန့်ဖို့လိုတယ်။ နယူးဇီလန်မှာ နို့ကို စက်ပစ္စည်းနဲ့ ထုတ်ယူသိမ်းဆည်းတယ်။ ထုတ်ယူပြီးပြီးချင်း လေးဒီဂရီဆဲလ်ဆီးရပ် အအေးခန်း နို့ထွက်ပစ္စည်းထုတ်လုပ်မယ့် စက်ရုံကို တိုက်ရိုက်ပို့ဆောင်တယ်။ လူကိုင်တွယ်မှုမရှိတဲ့အတွက် ပိုးပေါက်ပွားမှုကိုလည်း ထိန်းချုပ်နိုင်တယ်။ မြန်မာပြည်မှာ နွားနို့အရည်အသွေးကို ထိန်းချုပ်နိုင်မယ်၊ အရည်အသွေးမြင့်တဲ့ နို့နဲ့ နို့ထွက်ပစ္စည်းတွေကို ထုတ်လုပ်နိုင်မယ်ဆိုရင် နို့ဈေးကွက် ခိုင်မာလာမယ်။ မွေးမြူရေးတောင်သူတွေအတွက်လည်း ထုတ်လုပ်ရေးကုန်ကျစရိတ်တွေ လျှော့ချနိုင်မယ်ဆိုရင် နို့စားနွားမွေးမြူရေး တိုးတက်လာမှာပါ"ဟု နယူးဇီလန်အဖွဲ့မှ မွေးမြူရေး၊ နို့နှင့်နို့ထွက်ပစ္စည်း အရည်အသွေးမြှင့်တင်ရေးပညာရှင် မစ္စတာ ကန့်ဝစ်စတန် အာနိုးက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာအောင်မျိုးသန့်က "နို့နဲ့နို့ထွက်ပစ္စည်း အရည်အသွေးမြင့်ပြီး ပိုပြီး သန့်ရှင်းအောင် စစ်ဆေးပေးနေပါတယ်။ မွေးမြူရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲနိုင်အောင်လည်း ဆောင်ရွက်ပေးပါတယ်။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမှာ နို့စားနွားမွေးမြူရေးတောင်သူတွေကို သင်တန်းပေးဆောင်ရွက်သလို စစ်ကိုင်းနဲ့ ရှမ်းပြည်နယ်ကိုလည်း ဆက်လက်ဆောင်ရွက်မှာပါ။ မြန်မာပြည်မှာရှိတဲ့ နို့စားနွားတွေ နို့ထွက်နှုန်းအရည်အသွေးမြင့်မားပြီး နို့ထွက်ပစ္စည်းလုပ်ငန်း ပိုမိုတိုးတက်အောင်ဆောင်ရွက်နေတာပါ။ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ နို့နဲ့ နို့ထွက်ပစ္စည်း ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကဆောင်ရွက်တာပါ။ စစ်ကိုင်း၊ မန္တလေးမှာလည်း ဆောင်ရွက်နေသလို ရန်ကုန်မှာလည်း နို့စားနွားမွေးမြူရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို မြို့နယ်အလိုက် ဆောင်ရွက်နေပါတယ်။ မြန်မာ-နယူးဇီလန် ကောင်းမွန်သော နို့စားနွားမွေးမြူရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေတာပါ"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် နို့စားနွားကောင်ရေ နှစ်သောင်းခန့်ရှိပြီး ရန်ကုန်မြို့အတွက် နွားနို့လိုအပ်ချက်ကို အင်းစိန်နှင့် တာမွေမြို့နယ်တို့ရှိ နွားနို့ဈေးကွက်များက အဓိက ဖြန့်ဖြူးပေးလျက်ရှိသည်။ နို့စားနွားမွေးမြူရေးလုပ်ငန်းမှာ လက်ရှိအချိန်တွင် ဈေးကွက်မတည်ငြိမ်ခြင်း၊ စားကျက်မြေပျောက်ကွယ်လာခြင်း၊ စက်ရုံမှထုတ်လုပ်သော ပဲဖတ်များကိုသာ အားပြု ကျွေးမွေးရသည့်အတွက် နို့စားနွားများ၏ ကျန်းမာရေးထိခိုက်မှုရှိလာခြင်း၊ ကောင်းမွန်သော နွားနို့အရည်အသွေးရရှိမှုကို ထိန်းချုပ်နိုင်မှုအားနည်းခြင်းစသည့် အားနည်းချက်များ ရှိနေသောကြောင့် ရန်ကုန်တိုင်းဒေသကြီးရှိ နို့စားနွားမွေးမြူသူများအနေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ခြင်းထက် လက်ရှိ နွားနို့ပိုမိုထွက်ရှိရေးကိုသာ အာရုံစိုက်နေကြရကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး

သီးနှံဈေးကွက်နှင့် စိုက်ပျိုးရေး တောင်သူပညာပေးဆွေးနွေး

နတ်တလင်း စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့မှ တောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ ပညာပေးဆွေးနွေးပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တိလောကမာရဇိန် ရွှေသာလျောင်းဘုရားကြီးဝင်းအတွင်း၌ စက်တင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဝင်းကျော်ထွန်းက အိန္ဒိယနိုင်ငံမှမတ်ပဲဝယ်ယူမှု ကန့်သတ်လိုက်သောကြောင့် မတ်ပဲဈေးနှုန်းကျဆင်းသည့် ဈေးကွက်အခြေအနေနှင့် ဆက်လက်စိုက်ပျိုးပါက တောင်သူများ ဆုံးရှုံးမှုရှိနိုင်ခြင်းကြောင့် ဆောင်းသီးနှံစိုက်ရာတွင် မတ်ပဲအစား ကုလားပဲ၊ ပဲတီစိမ်းစသည့် အခြား အကျိုးရှိနိုင်သည့် သီးနှံများကို မိမိတို့လယ်မြေအနေအထား၊ ရေရရှိမှု စသည်တို့အပေါ် မူတည်၍ စိုက်ပျိုးသင့်ကြောင်း၊ တောင်သူများအနေဖြင့် အခြားစိုက်ပျိုးမည့်သီးနှံများအတွက် မျိုးမရှိပါက မျိုးကောင်းမျိုးသန့်ရရှိရေးကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးသူကလည်း သီးနှံများတွင် ဓာတုဆေးဝါးများ သုံးစွဲမှုများသည့်အတွက် စားသုံးသူများ ကျန်းမာရေးချို့တဲ့လာမှုလည်း များပြားလာကြောင်း၊ ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအတိုင်း မည်သည့်သီးနှံကိုစိုက်စိုက် စတင်စိုက်ပျိုးသည်မှ ထုတ်လုပ်မှုအဆင့်တိုင်းတွင် စားသုံးသူများ၏ လက်ဝယ်ရောက်ရှိသည်အထိ ဘေးအန္တရာယ်မဖြစ်စေရန်အတွက် ဓာတုဆေးသုံးစွဲခြင်းကို လျှော့ချရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးရာတွင် မြေထုရေထုမညစ်ညမ်းစေရန်လည်း ဂရုပြုရမည်ဖြစ်ကြောင်း၊ ကုလားပဲ၊ ပဲတီစိမ်း၊ နှမ်းစပါး စသည်ဖြင့် မည်သည့်သီးနှံမျိုးကို စိုက်သည်ဖြစ်စေ တောင်သူများကိုယ်တိုင် စဉ်စားဆုံးဖြတ်ရွေးချယ်စိုက်ပျိုးကြရန်နှင့် အပင်အရွက်အပွင့် အနေအထားများကို ကြည့်ရှု၍ လိုအပ်မှသာ ဆေးသုံးစွဲကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများကပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါ တောင်သူပညာပေး ဆွေးနွေးပွဲသို့ တာပွန်မြို့ရပ်ကွက်သုံးခုရှိ တောင်သူများ၊ သခွတ်တန်း၊ ကုလားတက်ထွန်းနှင့် ဇီးပင်ကွေ့ကျေးရွာအုပ်စုတို့မှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

တင်မြင့်(နတ်တလင်း)

ရော်ဘာအစေးလှီးခြင်းနှင့် အဆင့်မြင့်ရော်ဘာပြားပြုလုပ်ခြင်း သင်တန်းဖွင့်

မိုးကောင်း စက်တင်ဘာ ၂၄

မိုးကောင်းမြို့နယ် ဆီးဒင်ယံကျေးရွာအုပ်စု နန္ဒမ်ကျေးရွာ၌ ရော်ဘာအစေးလှီးခြင်းနှင့် အဆင့်မြင့်ရော်ဘာပြားပြုလုပ်ခြင်း သင်တန်းကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ထိုကျေးရွာရှိ ရော်ဘာလုပ်ငန်းရှင် ဦးဂေါ့လုနော်ဂျာ၏ ရော်ဘာခြံ၌ စက်တင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မျိုးဦးနှင့် မိုးကောင်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြတ်သူအောင်တို့က အမှာစကားပြောကြားပြီး ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ လုပ်ငန်းရှင်များအတွက် လုပ်သားအခက်အခဲ ပြေလည်စေရန်၊ ရော်ဘာအပင်ပြုစုထိန်းသိမ်းခြင်းနှင့် အစေးလှီးခြင်းဆိုင်ရာ နည်းပညာများကို သိရှိစေရန်နှင့် ဈေးကွက်ဝင် အဆင့်မြင့်ရော်ဘာပြားများ ထုတ်လုပ်နိုင်စေရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ထိုနည်းပညာများကို အသုံးပြု၍ ရော်ဘာလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကြောင်း သိရသည်။ ထို့နောက် သင်တန်းကို ဆက်လက်ဖွင့်လှစ်ပြီး မိုးကောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်လွင်နှင့် ရော်ဘာကျွမ်းကျင်ပညာရှင် ဒေါ်စန်းစန်းနွယ်တို့က အစေးလှီးရာတွင် အစေးပိုမိုထွက်စေသော နည်းလမ်းများကို သင်တန်းသားများအား အသေးစိတ် ရှင်းလင်းပို့ချခဲ့သည်။

ဝင်းနိုင်(ကချင်မြေ)

မိုးမရွာသဖြင့် နှမ်းကြီးစိုက်တောင်သူများ စိုက်ချိန်နောက်ကျ

ရန်ကုန် စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ယခုနှစ်မှ စတင်စိုက်ပျိုးသော စမုံနက်နှမ်းခေါ် နှမ်းကြီးမျိုးကို မိုးနောက်ကျသဖြင့် စက်တင်ဘာ ၁၀ ရက်၊ ၁၅ ရက် နောက်ပိုင်းမှ စိုက်ခဲ့ရပြီး အချို့နေရာများတွင် စက်တင်ဘာ ၂၀ ရက်ကျော်မှ စိုက်ခဲ့ကြရကာ စိုက်ချိန်နောက်ကျခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က ဒီနှစ်မှစပြီး စမုံနက်မျိုးနှမ်းကိုစိုက်တာပါ။ အရင်က မစိုက်ခဲ့ဖူးသေးပါဘူး။ စမုံနက်နှမ်းက ဝယ်သူပေါတယ်ပြောလို့ စိုက်ခဲ့တာပါ။ ဟိုမကွေးတိုင်းဘက်က တောင်သူတွေဆိုရင် စိုက်နေတာကြာပြီ။ ဈေးကောင်း လည်းရတယ်။ အထွက်နှုန်းလည်းကောင်းတယ်။ ကျွန်တော်တို့ ဒီမန္တလေးတိုင်းဘက်က ရာသီဥတုနဲ့လည်း အဆင်ပြေနိုင်တယ်ပြောလို့ စိုက်လိုက်တာပါ။ နောက်ကျခဲ့တာပေါ့"ဟု အောက်ညဥ့်ရွာမှ နှမ်းစိုက်နေသည့် တောင်သူတစ်ဦးက ပြောသည်။

မိုးနောက်ကျသဖြင့် စမုံနက်နှမ်းစိုက်ပျိုးရာတွင် ထွန်ရေးပြင်ချိန်မရှိဘဲ ရှေ့က နှမ်းကြဲကာ နောက်မှ ထွန်စက်နှင့်ထွန်လိုက်ပြီး စိုက်ပျိုးကြရကြောင်း၊ ထိုသို့စိုက်ပျိုးရသဖြင့် အထွက်ကောင်းမည် မကောင်းမည်ကို မခန့်မှန်းနိုင်ဘဲ ကံကိုအားကိုး၍သာ စိုက်နေရခြင်းဖြစ်ကြောင်းလည်း တောင်သူတစ်ဦးက ပြောသည်။

ကျော်ငွေး(ညောင်ဦး)

နိုင်ငံတကာ ဈေးကွက်သုံးသပ်ချက်

(စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ)

သိုလှောင်ထားမှုများပြားခြင်း၊ ကမ္ဘာ့ဈေးကွက်အခြေအနေ ကောင်းမွန်နေခြင်းတို့ကြောင့် ယခုနှစ် ပွဲတော်ရာသီတွင် စားသောက်ကုန်တော်တော်များများ၏ ဈေးနှုန်းများ ငြိမ်နေဖွယ်ရှိနေပြီး သကြားဈေးကတော့ ယခင်လကအတိုင်းပင် ဈေးမာနေဖွယ်ရှိကြောင်း ကုန်သည်များထံမှ သိရသည်။

အိန္ဒိယနိုင်ငံ၏ လက်ကားဈေးကွက်တွင် ကုန်ဈေးနှုန်းကို ပြီးခဲ့သည့်လက ၃ ဒသမ ၂၄ ရာခိုင်နှုန်းအထိ တက်စေခဲ့သည့် ကြက်သွန်နီနှင့် ခရမ်းချဉ်သီးဈေးကတော့ ပြီးခဲ့သည့်အပတ်များတွင် ဈေးကျလာခဲ့သည်။

ကုန်ဈေးနှုန်းစာရင်းတွင် အမြင့်ဆုံးဖြစ်နေသော နံ့စားသီးနှံဈေးတွေကတော့ လက်ရှိအတိုင်းပင် ဈေးငြိမ်နေဖွယ်ရှိကြောင်း ကုန်သွယ်မှုလေ့လာသုံးသပ်သူများက ပြောသည်။

ဂျုံနှင့် ဆန်တို့မှာ ဈေးငြိမ်နေပြီး အဓိကပဲများနှင့် ဆီထွက်သီးနှံများကတော့ အနိမ့်ဆုံးဈေးအောက် ရောက်နေသည်။ ရေရှည်တွင် ဈေးနှုန်းရိုက်ခတ်မှုရှိလာနိုင်သည်။ ယခုနှစ် ရာသီတွင် ပဲအမျိုးမျိုးနှင့် နံ့စားသီးနှံများကဲ့သို့သော အဓိကစားသုံးကုန်များ အထွက်ပိုလာနိုင်သည်ဟု အစိုးရက ခန့်မှန်းထားသော်လည်း ကုန်သည်များနှင့် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသူများကတော့ အထွက်လျော့နိုင်သည်ဟု ခန့်မှန်းထားကြသည်။ သို့သော် ယခုလောလောဆယ်တွင်တော့ ကုန်ပစ္စည်းလက်ကျန်လုံလောက်စွာရှိနေခြင်း၊ နိုင်ငံတကာဈေးကွက်တွင်လည်း ဝယ်ယူလို့ရနေခြင်းကြောင့် အခြေအနေက သိပ်တော့မဆိုးသေးပေ။

ပြီးခဲ့သည့်အပတ်က အိန္ဒိယနိုင်ငံ မဟာရာရှတြပြည်နယ် နာဆစ်ခရိုင်တွင် ကြက်သွန်ကုန်သည်များအား ဝင်ငွေခွန်ကြပ်မတ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ကြက်သွန်ဈေးမှာ လက်ကားဈေးကွက်တွင် တစ်ကီလိုဂရမ်လျှင် ၁၃ ရူပီးနှုန်းအထိ ကျဆင်းသွားပြီး လာမည့် အောက်တိုဘာလလယ်အထိ တစ်ကီလိုဂရမ်လျှင် ၁၈ ရူပီးအထိ တက်လာနိုင်ဖွယ်မရှိကြောင်း ကုန်သည်များကဆိုသည်။ လက်လီဈေးကွက်တွင်တော့ တစ်ကီလိုဂရမ်လျှင် ရူပီး ၂၀ မှ ၃၀ အထိ ဆက်ရှိနေဦးမည်ဖြစ်ကြောင်း သုံးသပ်ကြသည်။ “ကုန်သည်တွေကြားမှာ စိုးရိမ်မှုတွေရှိနေတဲ့အတွက် ကြက်သွန်ဈေးက လောလောဆယ်တော့ ဈေးတက်ဦးမှာ မဟုတ်ဘူး”ဟု ကုန်သည်တစ်ဦးက ပြောသည်။

ခရမ်းချဉ်သီးဈေးမှာလည်း အိန္ဒိယ လက်ကားဈေးကွက်တွင် တစ်ကီလိုဂရမ်လျှင် ၅ ရူပီးမှ ၁၅ ရူပီးအထိရှိနေပြီး လက်လီဈေးကွက်တွင် တစ်ကီလိုဂရမ်လျှင် ၃၀ ရူပီး ဈေးရှိသည်။ ပြီးခဲ့သည့်နှစ်က တွက်ခြေမကိုက်သောဈေးကြောင့် နာဆစ်ဒေသတွင် ခရမ်းချဉ်စိုက်ပျိုးမှုမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့သော်လည်း ပါကစ္စတန်သို့ ခရမ်းချဉ်သီးတင်ပို့မှုပိတ်လိုက်သောကြောင့် ဈေးတက်လာဖွယ်မရှိပေ။ “၂၀ ကီလိုဂရမ်ဝင်တဲ့ ခရမ်းချဉ်သီးသေတ္တာပေါင်း နှစ်သိန်းလောက် နေ့စဉ်ဝင်နေတယ်။ ဈေးကတော့ တစ်ကီလိုဂရမ်ကို ၆ ရူပီးကနေ ၁၅ ရူပီးပါ။ ပါကစ္စတန်ကို ခရမ်းချဉ်းသီးတင်ပို့ခွင့် မဖွင့်ဘူးဆိုရင် ခရမ်းချဉ်ဈေးကတော့ ခုအတိုင်းရှိနေဦးမှာပါ”ဟု အိန္ဒိယနိုင်ငံ APMC ဥက္ကဋ္ဌ ဒီလစ်ဘန်ကာက ပြောသည်။

သကြားဈေးကတော့ တစ်ကီလိုဂရမ်လျှင် ၄၀ ရူပီး ဈေးပေါက်ကာ ဈေးမာနေပြီး ဒေဝါလီပွဲတော်အပြီး သကြားထွက်သည့်ရာသီရောက်သည့်တိုင် ဈေးမာနေဖွယ်ရှိကြောင်း ကုန်သည်များက ခန့်မှန်းထားကြသည်။ “ကုန်ပစ္စည်းနည်းတာရယ်၊ ပွဲတော်ရက်တွေမှာ ဝယ်လိုအားများလာတာရယ်ကြောင့် လာမယ့် နိုဝင်ဘာလလယ်လောက်အထိ သကြားဈေးကတော့ ကျဦးမှာ မဟုတ်ဘူးလို့ ကျွန်တော်တို့ မှန်းထားတယ်”ဟု Phillip Capital မှ အကြီးတန်း သုတေသနပညာရှင် အက်ရှ်ဝီနီဘန်ဆွတ်က ပြောသည်။

မိုးကြီးမှုအပေါ် စိုးရိမ်နေကြ

သကြားဈေးမှာ စိုးရိမ်ဖွယ်ရှိနေပြီး ကုန်ပစ္စည်းရှိနေသည့်ပမာဏနှင့် ဝယ်လိုအားအချိုးမှာ အန္တရာယ်ရှိနေကြောင်း ကုန်သွယ်ရေးဆိုင်ရာကျွမ်းကျင်ပညာရှင် တန်ဂျင်ဒါနရမ်က ပြောသည်။

အဆိုပါအချိုးမှာ ကုန်စည်သိုလှောင်မှုလက်ကျန်နှင့် စားသုံးမှုရာခိုင်နှုန်းကို ပြန်နေသည်။ ယခုနှစ်ကုန်ခန့်တွင် ဂျုံဈေးနှုန်းလည်း အတက်အကျရှိလိမ့်မည်ဟု ၎င်းက ခန့်မှန်းသည်။ “ဂျုံဈေးက ပုံမှန်ဆိုရင် ဒီဇင်ဘာလောက်ကစပြီး အလှုပ်အခတ်လေးတွေရှိလာတတ်တယ်”ဟု နရမ်က ပြောသည်။

အနောက်ဘင်္ဂလားတစ်ခွင်တွင် ဆန်ဈေးမှာ တည်ငြိမ်နေလိမ့်မည်ဟု ခန့်မှန်းထားကြပြီး ရိတ်သိမ်းရာသီ စသည်နှင့် ဈေးကျသွားနိုင်သော်လည်း မိုးကြီးမည်ကို စိုးရိမ်နေကြသည်။ မထင်မှတ်ဘဲ ရွာသွန်းတတ်သော မုတ်သုံမိုးများကြောင့် ကြီးမားသော အကျိုးဆက်များ ခံစားရမည်ကို ကျွမ်းကျင်သူများက စိုးရိမ်နေကြသည်။ မဟာရာရှတြတွင် စိုက်ပျိုးပြီးသွားပြီဖြစ်သော ပဲတီစိမ်းဆိုလျှင် အထွက်နှုန်း ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ လျော့ကျနိုင်ကြောင်း ကုန်သည်များက ခန့်မှန်းထားကြသည်။ မတ်ပဲအထွက်နှုန်းလည်း ကျသွားနိုင်သည်ဟု ခန့်မှန်းထားကြသည်။

ပဲအထွက်နှုန်း

ပဲအထွက်နှုန်းမှာ အစိုးရခန့်မှန်းထားသည်ထက် ပို၍လျော့နိုင်ကြောင်း PhilipCapital မှ ဘန်ဆွတ်က ပြောသည်။ “ပဲစင်းငုံစိုက်ဧကက ဒီနှစ် လျော့တယ်။ ဇူလိုင်လတုန်းက မိုးခေါင်းတဲ့အတွက်လည်း ပဲစင်းငုံခင်းတွေ ပျက်နိုင်တယ်။ မိုးရာသီတုန်းက မိုးခေါင်းတဲ့ဒဏ်က မတ်ပဲ၊ ပဲတီစိမ်းလို သက်ငယ်သီးနှံတွေအပေါ် တော်တော် ဆိုးဆိုးရွားရွား သက်ရောက်မှုရှိလိမ့်မယ်”ဟု ၎င်းက ပြောသည်။

“ဒါပေမယ့် ကုန်သည်တွေလက်ထဲမှာရော အစိုးရဆီမှာရော ကုန်ပစ္စည်းတွေရှိနေတဲ့အတွက် ရေတိုမှာတော့ ဈေးနှုန်းအပြောင်းအလဲ မရှိနိုင်ဘူး”ဟု ဘန်ဆွတ်က ပြောသည်။ ဈေးနှုန်းများက ပုံမှန်ထက်လျော့နေသောကြောင့် အစိုးရက ဈေးတက်စေလိုနေကြောင်း သုံးသပ်သူများက ဆိုသည်။ “အစိုးရက ဈေးတက်စေချင်တဲ့အတွက် ပဲစင်းငုံနဲ့ တခြားပဲတွေ တင်သွင်းခွင့်ကို ကန့်သတ်လိုက်တယ်”ဟု ကုန်သွယ်ရေးသုံးသပ်သူ နရမ်က ပြောသည်။ ဥတ္တာပရာဒက်ရှ်၊ မက်ယာပရာဒက်ရှ်၊ ရာဂျသန်တို့ကဲ့သို့သော ပြည်နယ်များတွင် မိုးနည်းခြင်းကလည်း ကုလားပဲနှင့် ဂျုံကဲ့သို့သော သီးနှံများအပေါ် ကြီးမားစွာ သက်ရောက်မှုရှိနိုင်သည်။

မင်းသူအောင် ၊ ဓာတ်ပုံ- ကိုတင့်

Source: The Economic Times

ပဲမျိုးစုံတင်ပို့မှုနှင့် စိုက်ပျိုးရေးအခြေအနေ ရှင်းလင်းတင်ပြ

ဖြူး စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုဈေးကွက်ဈေးနှုန်းအခြေအနေနှင့် ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအထူးလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုအခြေအနေအား ပြန်လည်ရှင်းလင်းမှု စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တောင်ငူခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးက ပဲမျိုးစုံတင်ပို့မှုအား တောင်သူများသို့ ပြန်လည်ရှင်းလင်းတင်ပြပြီး ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိ ဦးဆန်းထွန်းဝင်းက တောင်သူများ ပဲမျိုးစုံစိုက်ပျိုးရေးအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။ ညှိနှိုင်းအစည်းအဝေးသို့ ပဲစိုက်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ဆောမြို့တွင် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ဆွေးနွေး

ဆော စက်တင်ဘာ ၂၄

ဂန့်ဂေါခရိုင် ဆောမြို့၌ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် စိုက်ထူထားရှိဖြစ်မြောက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်က ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရန်ပုံငွေရရှိရေးအပါအဝင် လုပ်ငန်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးကြကာ နာယကအဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင် ပါဝင်သည့် ၂၃ ဦးပါ ဆောမြို့နယ် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီဝင်ကို ဖွဲ့စည်းခဲ့ကြသည်။

“ဗိုလ်ချုပ်ကြေးရုပ်ကို ကုန်ကျငွေ ကျပ်သိန်း ၂၅၀ ခန့်မှန်း ဆောင်ရွက်ပါမယ်။ အောက်ခံကျောက်ခုံအဝိုင်း အမြင့် ၆ ပေ၊ လေးထောင့်အုတ်ခုံ အမြင့် ၄ ပေ ပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် အမြင့် ၆ ပေကို လေးစားဂုဏ်ပြုသော အားဖြင့် စိုက်ထူမှာဖြစ်ပါတယ်”ဟု အဆိုပါအဖွဲ့ သတင်းပြန်ကြားရေးကော်မတီဝင် ဦးထွန်းထွန်းဝင်းက ပြောကြားသည်။ **(၁၀၁)**

(၅၃) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ခေတ္တကျောင်းအုပ်ကြီး ယာယီဒုတိယရဲမှူးကြီး သန့်ဇင်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၃ ရက်က အမှတ် (၄၄) အခြေခံပညာ မူလတန်းကျောင်း၌ ချုံနွယ်ပေါင်း မြက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းရှင်းလင်းခြင်းများ ဆောင်ရွက်စဉ်
မောင်လွင်(တပ်ကုန်း)

ပြည်သူ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်

မော်လမြိုင် စက်တင်ဘာ ၂၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့တာ ဘုန်းကြီးကျောင်းတိုက်၌ စက်တင်ဘာ ၂၀ရက် နံနက် ၈ နာရီက အမှတ်(၁၅) လုံခြုံရေးတပ်ဖွဲ့ခွဲ၊ ဌာနချုပ်တပ်ခွဲမှူးရဲမှူးငြိမ်းချမ်း ဦးစီးတပ်ဖွဲ့ဝင် ၃၄ ဦး၊ တပ်ဖွဲ့ဝင်မိသားစု ၂၅ ဦး စုစုပေါင်း ၅၉ ဦးတို့သည် ကျိုက်မရောမြို့နယ်ရှိ ကော့တာဘုန်းကြီး ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ၊ မြက်များ၊ အမှိုက်များ၊ ရေနုတ်မြောင်းများအား ရှင်းလင်းခဲ့သည်။

(၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့် အမှတ်(၁၅) လုံခြုံရေးတပ်ဖွဲ့ခွဲဌာနချုပ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ဘုန်းကြီးကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းများကို အားလပ်ချိန်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုရဲ

အချုပ်ခံရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ ဥပဒေပါအခွင့်အရေးများရရှိရန် ညှိနှိုင်းဆောင်ရွက်ပေး

သာယာဝတီ စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမောင်မောင်အေးသည် တိုင်းတရားရေးဦးစီးမှူး ဦးမြင့်သန်း၊ သာယာဝတီ ခရိုင်တရားသူကြီး ဦးစောကော်နေမှူး၊ မြို့နယ်တရားသူကြီး ဦးမင်းတင်တို့နှင့်အတူ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက သာယာဝတီဗဟိုအကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့သည်။ ထောင်အရာရှိရုံးခန်းမ၌ ထောင်တာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းခိုင်က ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများ အမှုစစ်ဆေးဆဲ အချုပ်ခံရသူများ၏ အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နေရာထိုင်ခင်းနှင့် စားသောက်မှု၊ ရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် အချုပ်ခံရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အဆောင်များ၊ စားဖိုဆောင်၊ သောက်သုံးရေကန်တို့ကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးဝါးကုသနိုင်ရန် အခွင့်အရေးရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု၊ မတရားပြုမှု ရှိ မရှိ၊ ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ မရှိ၊ ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ တရားဆောင်ရွက်မှု ရှိမရှိတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီးမှ တောင်သူများ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ လာရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ လောကအလင်း ရေငန်ဒေသပြန်လည်ထူထောင်ရေး (NG) မှ ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ကျေးရွာပေါင်း ၄၃ ရွာမှ မျိုးသန့်မျိုးစေ့ထုတ် တောင်သူများပါဝင်သည့် လေ့လာရေးအဖွဲ့များသည် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်က လေ့လာရေးလာရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့လာရေးအဖွဲ့များသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ပဲမျိုးစုံသုတေသနဌာနစုကွင်းတွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးလျက်ရှိသော ပဲမျိုးများအကြောင်းနှင့် အဝါရောင် မှုစေ့ဗိုင်းရပ်စ် ရောဂါဒဏ်ခံနိုင်ရည်ရှိသော မတ်ပဲမျိုးရေဆင်း(၇)၏ မျိုးစေ့ထုတ် ပြကွက်နှင့် ပဲပုပ် သုတေသနစမ်းသပ်ကွက်များကိုလည်းကောင်း၊ စပါးသီးနှံသုတေသနဌာနစုကွင်းတွင် မိဘမျိုးစေ့မထုတ်မီတစ်ဆင့်ဖြစ်သည့် အမြုတေမျိုးသန့် ထိန်းသိမ်းခြင်း သုတေသနလုပ်ငန်းနှင့် မြန်မာနိုင်ငံ၌ အကျယ်အပြန့် စိုက်ပျိုးလျက်ရှိသော စပါးမျိုးများကို မိဘမျိုးစေ့ပွားများခြင်း သုတေသနကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်သုတေသနဌာနစုကွင်းမှလည်း အဝါရောင်ရွက်တွန့် ဗိုင်းရပ်စ်ရောဂါဒဏ်ခံနိုင်ရည်ရှိသော ခရမ်းချဉ်မျိုးများ ရရှိရန်အတွက် စမ်းသပ်ထားသည့် သုတေသန၊ ဥကန်စွန်းမျိုးထိန်းသိမ်းခြင်းသုတေသန၊ မြေလွှာမဲ့စနစ်ဖြင့် စိုက်ပျိုးထားသည့် မုန်ညင်းနှင့်အပင်ဦးရေ စိုက်နည်းစနစ်စမ်းသပ်ထားသည့် နဂါးမောက်သီးနှံ သုတေသနကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ တောင်သူများက လေ့လာကြည့်ရှုမေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မျိုးစေ့ဘဏ်အစည်းအဝေးခန်းမ၌ ဆွေးနွေးပွဲတစ်ရပ်ကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနပြုဆောင်ရွက်နေသော သီးနှံများနှင့် စိုက်နည်းစနစ်များ၊ သုတေသနရလဒ်များ၊ နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးသုတေသနခြံများ၊ နိုင်ငံတကာနှင့်ချိတ်ဆက်၍ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ အကြောင်းအရာများပါဝင်သည့် မှတ်တမ်းဗီဒီယိုကို ပြသ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း စပါးသီးနှံပေါ်တွင် အများဆုံးကျရောက်သည့် ရောဂါနှင့်ပိုးမွှားများအကြောင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် သင့်တော်သည့် ဆားငန်ခံ ဆင်းသွယ်လတ်နှင့် ပြည်မြန်မာစိန်စပါးမျိုးများအကြောင်းကို လည်းကောင်း၊ သီးနှံပုံစံများနှင့် စပါးမျိုးသန့်မျိုးစေ့စိုက်နည်းစနစ်များကိုလည်းကောင်း၊ မြေနမူနာကောက်ယူနည်းများကို လည်းကောင်း သက်ဆိုင်ရာအလိုက် တာဝန်ရှိသူများက ဆွေးနွေးပြောကြားခဲ့ပြီး တောင်သူများက သိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ကြသည်။

စက်တင်ဘာ ၂၁ ရက်တွင် လေ့လာရေးအဖွဲ့ဝင်များသည် သီးနှံစိုက်ပျိုးရေးစနစ်သုတေသနဌာနစုကွင်းသို့ သွားရောက်လေ့လာခဲ့ရာ ကုန်ကျစရိတ်သက်သာပြီး အချိန်မီစိုက်ပျိုးနိုင်သည့် ကောက်စိုက်စက်အကြောင်းနှင့် အသုံးပြုပုံများကိုလည်းကောင်း၊ စိုက်ပျိုးရေးအင်ဂျင်နီယာသုတေသနဌာနစုမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော အသေးစားလယ်ယာသုံး စက်ကိရိယာများအကြောင်းကို လည်းကောင်း၊ မျိုးစေ့ဘဏ်ပြခန်း (၁)နှင့် (၂)တို့တွင် သီးနှံနှင့် နည်းပညာသုတေသနဌာနစုအသီးသီးမှ ပြသထားသည့် စပါး၊ ပြောင်းနှင့် နံ့စားသီးနှံ၊ ပဲမျိုးစုံ၊ သီးနှံစိုက်ပျိုးနည်းစနစ်၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ သီးနှံစိုက်ပျိုးနည်းစနစ်၊ မြေဆီလွှာ၊ ထိန်းသိမ်းသိုလှောင်ထားသော သီးနှံမျိုးစေ့များ၊ ရေအသုံးချရေး၊ ပိုးမွှား၊ ရောဂါ၊ ဇီဝနည်းပညာ စသည့် သုတေသနပြကွက်များကို လည်းကောင်း လေ့လာကြည့်ရှုခဲ့ကြပြီး သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကျွန်တော်နဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

လက်ရှိအခြေအနေဟာ ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ ကာလတစ်ခုဖြစ်တယ်။ ပြည်သူတွေစိတ်ကြိုက်ရွေးချယ်ခဲ့တဲ့ အစိုးရသစ်အတွက် စိန်ခေါ်မှုတွေကအပြည့်။ အဘက်ဘက်မှ ဖိအားပေးမှုတွေကို ခံစားနေရတယ်။ အစစအရာရာကို အထူးဂရုစိုက်ရတာ။ ထိလွယ် ရှလွယ်တယ်။ အခုလိုအခြေအနေမျိုးမှာ အခွင့်အရေးယူချင်တဲ့သူတွေကအပြည့်။ ပွဲလန့်တုန်းဖျာခင်းကြတဲ့သူတွေကလည်း ဘက်ပေါင်းစုံက။ ပိုဆိုးတာ စည်းမဲ့၊ ကမ်းမဲ့နဲ့ လူမှုရေးမီဒီယာကို အသုံးချနေကြတာ။ ရေးချင်တာ၊ ပြောချင်တာကို မဆင်မခြင်မျှဝေနေကြတာ။ နာမည်ကြီးချင်လို့ ရတဲ့အခွင့်အရေးကို ယူကြပြီး ပုံကြီးချဲ့အမုန်းတရားတွေ ဖြန့်ဝေနေကြပြန်တယ်။ လူမှုရေးမီဒီယာကို ခပ်လွယ်လွယ်အလွဲသုံးစားလုပ်ကြတာ။ တချို့ကလည်း ဆရာကြီးလုပ်ချင်ပြီး လူနားမလည်တဲ့ စကားလုံးအကြီးတွေကို တွင်တွင်သုံးနေကြတော့တာပဲ။

ပစ္စုပ္ပန်ကာလမှာ ဖြေရှင်းရတဲ့ ကိစ္စတွေက မျိုးစုံ။ တစ်နေ့က နိုင်ငံ့ခေါင်းဆောင်ပြောကြားသွားတဲ့ မိန့်ခွန်းကြောင့် ပြဿနာတွေအတော်လေးလျော့ကျခဲ့တယ်။ သူ့ရဲ့သြဇာကို အန်တုနိုင်စွမ်းမရှိကြပါဘူး။ မြန်မာပြည်ရဲ့ ရပ်တည်ချက်ကို နိုင်ငံတကာနားလည်နိုင်အောင် သိမ်မွေ့စွာ ဖော်ထုတ်နိုင်ခဲ့တယ်။ ဝေဖန်ဖို့ စောင့်စားနေကြသူတွေ ဘာမှမလုပ်နိုင်တော့ဘဲ အောင့်သက်သက်နဲ့ ထောက်ခံခဲ့ကြတယ်။ ရခိုင်အရေးဟာ လွယ်ကူတဲ့အဖြေရဖို့ ခက်ခဲတဲ့ပြဿနာဖြစ်တယ်။ မြင်ချင်တာကိုသာကြည့်တတ်ကြတာမို့ ပိုပြီးခက်ခဲသွားတာ။ တစ်ဖက်ကလည်း နှစ်ပေါင်းများစွာ မျှော်လင့်တဲ့ ငြိမ်းချမ်းရေးခြေလှမ်းတွေကိုလည်း ခက်ခက်ခဲခဲရင်ဆိုင်နေရတာ။ ပျက်ပြားခဲ့တဲ့ ယုံကြည်မှုတွေကို ပြန်လည်တည်ဆောက်ရတာဟာ လွယ်လှတဲ့ ကိစ္စတစ်ခုတော့ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ ယဉ်ပါးနေတဲ့ အလေ့အကျင့်၊ ယဉ်ကျေးမှု၊ စဉ်းစားချက်တွေကို နေ့ချင်းညချင်းပြောင်းဖို့က လွယ်လှတဲ့ ကိစ္စတစ်ခုတော့မဟုတ်ဘူး။ ဒါပေမယ့် ငြိမ်းချမ်းရေးကို လူတိုင်းကလိုချင်တယ်၊ တမ်းတတယ်၊ မရရအောင်လုပ်ရမှာ၊ လက်လျှော့လို့မရတဲ့ကိစ္စဖြစ်တယ်။

နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနေရသလို စီးပွားရေးနဲ့ပတ်သက်ပြီး စိတ်ပူစရာတွေက ရှိနေပြန်တယ်။ စီးပွားရေးနဲ့ပတ်သက်ပြီး ကိန်းဂဏန်းတွေက ကောင်းနေတယ်လို့ ရည်ညွှန်းနေပေမယ့် လက်တွေ့မှာတော့ အခြေအနေတွေက တစ်မျိုးဖြစ်နေတာ။ အစကတည်းက လူတွေရဲ့ မျှော်လင့်ချက်တွေ အဆမတန်မြင့်မားခဲ့တာလည်း အကြောင်းအချက်တစ်ခုဖြစ်တယ်။ မျှော်လင့်ချက်က ကြီးလွန်းတာမို့ လိုက်နိုင်အောင် အတော်ကြိုးစားရမှာ။ တစ်ဖက်က နိုင်ငံရဲ့အေးချမ်းတည်ငြိမ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကလည်း ဆက်စပ်နေတာ။ စီးပွားရေးရဲ့ အခြေခံကတည်ငြိမ်မှုဖြစ်တယ်။ တည်ငြိမ်မှုရှိတဲ့ ပတ်ဝန်းကျင်ကို စီးပွားရေးလုပ်တဲ့သူ၊ ရင်းနှီးမြှုပ်နှံချင်တဲ့သူက လိုလားတယ်။ တမ်းတတယ်။ မျှော်လင့်တယ်။ ကျွန်တော်မကြာခဏပြောနေတဲ့ နိုင်ငံရေးဘောဂဗေဒသာဖြစ်တယ်။

မြန်မာပြည်ရဲ့ မဟာဗျူဟာကျလှတဲ့ ပထဝီအနေအထားကို အသုံးချနိုင်ဖို့ လိုအပ်တယ်။ အခုလို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားနေကြတဲ့အချိန်မှာ အရာရာကို ကန့်ကွက်ချင်တဲ့သူတွေကလည်း ရှိနေတာ။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုကို ထိပ်တန်းတင်ပြီး လုပ်သမျှကို မျက်စိမှိတ်ပြီး ကန့်ကွက်နေတော့တာပဲ။ ပြောသင့်တာတွေ ပြောခွင့်ရှိပေမယ့် ကျန်တာကို မျက်စိမှိတ်ပြီး မိမိရဲ့အလိုတစ်ခုတည်းကိုတော့ ရှေ့တန်းမတင်သင့်ဘူး။ အခုဆို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်။ ရှေ့ခြေလှမ်းတွေ တိုးဖို့စဉ်းစားတိုင်း နောက်ပြန်ဆွဲနေတာတွေကမျိုးစုံ။ ပြောပြန်ရင်လည်း ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်ပတ်သက်မှုစတဲ့ အသုံးအနှုန်းတွေကို တွင်တွင်သုံးကြတာ။ တကယ်တော့ အားလုံးအတွက် အကောင်းဆုံးဖြစ်မယ့်အဖြေကို ရှာဖို့သာအရေးကြီးတာ။

စီးပွားရေးနဲ့ပတ်သက်လာရင် အကြီးအကျယ်ဦးစီးဆောင်ရွက်နေသူတွေ လက်ချိုးရေတွက်လို့ ရပါတယ်။ ရာဂဏန်းလောက်သာရှိတာ။ သူတို့ရဲ့အားကို ဘယ်လိုယူနိုင်မလဲဆိုတာက အရေးကြီးတဲ့မေးခွန်းတစ်ရပ်ဖြစ်တယ်။ မယုံကြည်တဲ့မျက်လုံးနဲ့ ကြည့်နေသရွေ့ အလုပ်လုပ်လို့ရမှာမဟုတ်ဘူး။ သူတို့ရဲ့ အောင်မြင်မှုတွေဟာ အဆက်အသွယ်တစ်ခုကြောင့် ဦးစားပေးခြင်းခံခဲ့ရတာလို့ ပြောလို့ မဖြစ်ပါဘူး။ သူတို့ရဲ့ စွန့်ဦးတီထွင်မှုကြောင့်လည်းဖြစ်တယ်။ သူတို့ကို ထိထိရောက်ရောက် စည်းရုံးနိုင်စွမ်းရှိပြီး တာဝန်ကျေပွန်တဲ့သူတွေဖြစ်လာအောင် သိမ်းသွင်းရမှာပါပဲ။

ကျွန်တော့်စိတ်ထဲမှာတော့ ပစ္စုပ္ပန်ကာလနဲ့ပတ်သက်ပြီး အမုန်းတရားတွေ လွှမ်းမိုးနေတာကို ဝမ်းနည်းမိတယ်။ ကိုယ်နဲ့မတူရင် ရန်သူလို့ ယူဆပြီး ပုတ်ခတ်တာ၊ ရှုတ်ချတာတွေဟာ မဖြစ်သင့်တဲ့အရာတွေဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ပိုပြီးတာဝန်ရှိတယ်လို့ မြင်မိတယ်။ မေတ္တာ၊ ကရုဏာကို ရှေ့တန်းတင်တဲ့သူတွေ ပြန်ပြီးဆင်ခြင်သင့်တယ်လို့ မြင်မိတယ်။ အမုန်းတရားကို ဖြန့်ရတာလွယ်ပါတယ်။ ခက်တာက မေတ္တာတရား။ မိမိတို့ရဲ့ယုံကြည်ကိုးကွယ်မှုတွေကို ပြန်သုံးသပ်သင့်တယ်။ ဗုဒ္ဓမြတ်စွာဘုရားရဲ့တရားတွေကို လက်တွေ့ကျကျကျင့်သုံးဖို့ လိုအပ်ပါတယ်။ နေ့စဉ်လုပ်ရှားမှုတွေမှာ ကျင့်သုံးရမှာသာဖြစ်တယ်။

ပစ္စုပ္ပန်ဖြစ်ရပ်တွေဟာ အတိတ်ရဲ့ပုံရိပ်တွေဖြစ်တယ်ဆိုတာကိုတော့ ငြင်းပယ်လို့ မရပါဘူး။ လွတ်လပ်ရေးမရခင်ကတည်းက ရခဲ့တဲ့အတွေ့အကြုံတွေဟာ မျက်မှောက်ခေတ်ကို လွှမ်းမိုးဆဲဖြစ်တယ်။ အချုပ်အခြာအာဏာအပြည့်ရှိခဲ့တဲ့နိုင်ငံဟာ ပြင်ပနိုင်ငံရဲ့ သိမ်းပိုက်မှုကိုခံခဲ့ရပြီး ကိုလိုနီဘဝရောက်ခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာလည်း နိုင်ငံရဲ့အခြေခံအဆောက်အအုံတွေ၊ စီးပွားရေးအခြေခံတွေ ဖျက်ဆီးခံခဲ့ရတယ်။ လွတ်လပ်ရေးရအောင် ကြိုးပမ်းနေတဲ့ ထူးချွန်လှတဲ့ ခေါင်းဆောင်တွေ လုပ်ကြံခံခဲ့ရတယ်။ လွတ်လပ်ရေး ရပြီးပြီးချင်း ပြန်လည်တည်ထောင်မှု လုပ်ငန်းတွေကို စနေစဉ်မှာ ပြည်တွင်းစစ်နဲ့ ကြုံတွေ့ရပြန်တယ်။ နိုင်ငံရေး၊ လူမျိုးရေးပဋိပက္ခတွေဟာ ယနေ့အထိ ရှိနေဆဲဖြစ်တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံအများစုဟာ ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးပြီး အာရှကျား၊ အာရှနဂါးတွေဖြစ်ခဲ့တယ်။ ကျွန်တော်တို့နိုင်ငံကတော့ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့တယ်။ တိုင်းရင်းသားအရင်းရှင်တွေကို သုတ်သင်ခဲ့တယ်။ ဒါကြောင့်လည်း ၁၉၈၇ ခုနှစ်မှာ ဆင်းရဲနွမ်းပါးတဲ့ စာရင်းဝင်နိုင်ငံဖြစ်ခဲ့တယ်။ ၁၉၈၈ ခုနှစ်မှာ တပ်မတော်က အာဏာသိမ်းခဲ့တယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ခဲ့တယ်။ ဒီမိုကရေစီတိုက်ပွဲတွေကို နှစ်ပေါင်း ၂၀ ကျော်ကျော် ဆင်နွှဲခဲ့တယ်။ ရုန်းကန်ခဲ့တယ်။ ခါးသီးလှတဲ့ အတွေ့အကြုံတွေမျိုးစုံ၊ လူငယ် လူလတ်တွေရဲ့ဘဝတွေပျက်စီးခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့ ထူးခြားချက်တစ်ခုက မထင်မှတ်တဲ့၊ ထူးခြားလှတဲ့ အံ့သြဖွယ်ရာတစ်ခုဖြစ်တဲ့ နိုင်ငံရေးပြောင်းလဲမှုဖြစ်ခဲ့ပြီး ဒီမိုကရေစီအစိုးရကို ရွေးချယ်တင်မြှောက်နိုင်ခဲ့တာ။ ပစ္စုပ္ပန်စိန်ခေါ်မှုတွေ၊ အတိတ်ကခံစားချက်တွေဟာ အရေးပါသလို အရေးအကြီးဆုံးက အနာဂတ်ဖြစ်တယ်။ ကျွန်တော်က အနာဂတ်ကို ပိုစဉ်းစားတယ်။ အတိတ်ကို ပြင်လို့မရဘူး။ ပြန်စဉ်းစားပြီး အာရုံထားနေရင်လည်း အကျိုးရှိလာမှာ မဟုတ်ဘူး။ ပစ္စုပ္ပန်ကိုသာ အာရုံပြုလို့လည်း မဖြစ်သေးဘူး။ ပြဿနာဆိုတာက ရှိနေမှာပဲ။ အခက်အခဲဆိုတာကိုတော့ ရင်ဆိုင်ရမှာပဲ။ အနာဂတ်ကို စဉ်းစားရင် ကျွန်တော်က စာဖတ်သူအားလုံးကို နှစ် ၃၀ ကျော်ပြီး သုံးသပ်စေချင်တယ်။

ကျွန်တော်ဟာ အသက် ၇၀ ကျော်။ နောင်အနှစ် ၃၀ ဆိုရင် ရှိမှာမဟုတ်တော့ဘူး။ ဒါကြောင့် အသက် ၆၀၊ ၇၀ တန်းတွေအားလုံး တစ်ယောက်မှရှိတော့မှာမဟုတ်ဘူး။ ၂၀၁၇ မှာ မွေးဖွားတဲ့ကလေးဟာ နောင်အနှစ် ၃၀ မှာ လူလားမြောက်ပြီး ပညာရေးခရီးပြီးဆုံးကာ အလုပ်တွေလုပ်နေကြတော့မှာ။ ခုချိန်မှာ ၁၀ နှစ်သား ကလေးတွေဟာ နောင်အနှစ် ၃၀ မှာ လူလတ်၊ လူကြီးတွေဖြစ်နေပြီ။ အသက် ၂၀ ရှိတဲ့ သူတွေကတော့ အိမ်ထောင်တွေကျပြီး သားသမီးတွေနဲ့။ အခုလို အနာဂတ် နှစ်ပေါင်း ၃၀ ကို လှမ်းစဉ်းစားလိုက်ရင် အခုချိန်မှာ အသက်ရှင်နေကြတဲ့သူတွေရဲ့ တာဝန်က ကြီးလှပါတယ်။ နောင်အနှစ် ၃၀ မှာ မြန်မာပြည်ဟာ ဘယ်လိုရပ်တည်မလဲ။ ကျွန်တော့်ရဲ့ အိပ်မက်ကတော့ စီးပွားရေးအရ၊ လူမှုရေးအရ အတွေးအခေါ်အရ တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံတစ်ခု။ ဒီမိုကရေစီအပြည့်ရှိတဲ့နိုင်ငံ။ အမှန်တော့ စီးပွားရေးပညာမှာ အနာဂတ်ရှာဖွေမှုဆိုတာကို ကျင့်သုံးလေ့ရှိတယ်။ အနာဂတ်မှာ ဖြစ်ချင်တဲ့ဆန္ဒတွေကို စုပေါင်းဖော်ထုတ်ပြီး မိမိရဲ့အိပ်မက်တွေ ပြည့်မီအောင် အခုချိန်မှာ ဘာတွေလုပ်သင့်သလဲဆိုတာကို သုံးသပ်နိုင်မှာ ဖြစ်တယ်။ ကျွန်တော့်အနေနဲ့ကတော့ နောင်အနှစ် ၃၀ မှာ ကျွန်တော်မရှိတော့ပေမယ့် အဲဒီအချိန်မှာ ကျွန်တော်တို့ရဲ့ သမီးလေးဟာ အနှစ် ၅၀။ အိမ်ထောင်ပြုခဲ့ရင် ကလေးတွေနဲ့ ပျော်ပျော်ပါးပါး ပေါ့။

အခုလို အနာဂတ်ကို အာရုံထားရင် ပစ္စုပ္ပန်မှာဖြစ်နေတဲ့ ပဋိပက္ခတွေ၊ မုန်းတီးမှုတွေဟာ အသေးအမွှားဖြစ်သွားမှာဖြစ်တယ်။ ကျွန်တော်ယုံကြည်တာက နောင်အနှစ် ၃၀ မှာ ကျွန်တော်တို့နိုင်ငံဟာ ငြိမ်းချမ်းရေးအပြည့်အဝရမယ်လို့ ယုံကြည်တယ်။ တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေဟာ ချစ်ချစ်ခင်ခင်နဲ့ နေထိုင်ကြမှာ။ ပြဿနာတွေကို လက်နက်နဲ့ ဖြေရှင်းတဲ့ပုံစံမျိုးမဟုတ်ဘဲ ဆွေးနွေးမှု၊ ညှိနှိုင်းမှုတွေနဲ့ ရင်ဆိုင်သွားမှာ။ တပ်မတော်ဟာလည်း ပြည်ပအန္တရာယ်တွေကို ကာကွယ်စောင့်ရှောက်တဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်လာမှာ။ မြန်မာနိုင်ငံဟာ ပညာကိုဗဟိုပြုတဲ့ လူ့အဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး လူမျိုးဘာသာမခွဲခြားဘဲ အေးချမ်းစွာနေထိုင်ကြမှာ သေချာလှပါတယ်။ ။

> **ကိုယ်နဲ့မတူရင် ရန်သူလို့ယူဆပြီး ပုတ်ခတ်တာ၊ ရှုတ်ချတာတွေဟာ မဖြစ်သင့်တဲ့အရာတွေဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ပိုပြီးတာဝန်ရှိတယ်လို့ မြင်မိတယ်။ မေတ္တာ၊ ကရုဏာကို ရှေ့တန်းတင်တဲ့သူတွေ ပြန်ပြီးဆင်ခြင်သင့်တယ်လို့ မြင်မိတယ်။ အမုန်းတရားကို ဖြန့်ရတာလွယ်ပါတယ်။ ခက်တာက မေတ္တာတရား။ မိမိတို့ရဲ့ယုံကြည်ကိုးကွယ်မှုတွေကို ပြန်သုံးသပ်သင့်တယ်။ ဗုဒ္ဓမြတ်စွာဘုရားရဲ့တရားတွေကို လက်တွေ့ကျကျ ကျင့်သုံးဖို့ လိုအပ်ပါတယ်**

တောရိုင်းတိရစ္ဆာန် တရားမဝင်ကူးသန်းမှုကို မန္တလေး-မူဆယ်ကားလမ်းတွင် ကြပ်မတ်ဆောင်ရွက်လျက်ရှိ

မန္တလေး စက်တင်ဘာ ၂၄

မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်မှုများအနက် တရားမဝင်ရောင်းဝယ်သူများ အသုံးအများဆုံးနှင့် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်မှု အများဆုံးဖြစ်သည့် မန္တလေး-မူဆယ် ကားလမ်းကြောင်းကို ဦးစားပေးနေရာအဖြစ် ရွေးချယ်၍ ကြပ်မတ်စစ်ဆေး ပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက "မန္တလေး-မူဆယ် ကားလမ်းကြောင်းကို ရွေးချယ်ပြီး တရားမဝင်ကူးသန်းရောင်းဝယ်တဲ့အခြေအနေတွေကို လေ့လာဆန်းစစ်ပြီး နယ်မြေအလိုက် ပညာပေးလှုံ့ဆော်စည်းရုံးမှု လုပ်နေပါတယ်။ စစ်ဆေးရေးဂိတ်တွေမှာ တာဝန်ကျတဲ့ သက်ဆိုင်ရာ အရာထမ်း အမှုထမ်းတွေဟာ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေ တရားမဝင်ကူးသန်းရောင်းဝယ်မှုဆိုင်ရာကိစ္စတွေကို သင်တန်းပို့ချတာနဲ့ ပူးပေါင်းရှာဖွေဖမ်းဆီးရေးတွေကို စီမံချက်ချပြီး စီမံကိန်းအသွင်နဲ့ စတင်ဆောင်ရွက်နေပါပြီ။ စီမံကိန်းက ပြည်ထောင်စုအစိုးရအဖွဲ့ကနေ ဖွဲ့စည်းပေးထားတဲ့ နိုင်ငံအဆင့် တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ တရားမဝင် ကူးသန်းရောင်းဝယ်မှုများအား ဥပဒေအရ ထိရောက်စွာတားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့ (National Wildlife Law Enforcement Task Force) ရဲ့ လုပ်ငန်းတာဝန်တွေနဲ့အညီ စီမံချက်တွေရေးဆွဲပြီး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေတာပါ" ဟု ပြောကြားသည်။

တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကို တရားမဝင် ကူးသန်းရောင်းဝယ်မှုမှ ထိရောက်စွာ တားဆီးနှိမ်နင်းရန် ပြည်ထောင်စုအဆင့်က ဖွဲ့စည်းထားသည့်အဖွဲ့တွင် သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်ပြီး ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင်လည်း သက်ဆိုင်ရာဒေသလွှတ်တော်များ၊ အစိုးရအဖွဲ့များနှင့်တကွ စီမံအုပ်ချုပ်နေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ် အထိအတွင်း တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်မှုကို ဖမ်းဆီးရမိမှု ၂၉ မှုရှိခဲ့ကာ မန္တလေးတိုင်းဒေသကြီးသည် ရှမ်းပြည်နယ်ပြီးလျှင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင် ကူးသန်းရောင်းဝယ်မှု ဒုတိယအများဆုံး ဖြစ်ပွားနေကြောင်းလည်း တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက အတည်ပြုပြောကြားသည်။

သံတိုင်ထွန်း

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့နှင့် မြန်မာ

ဝင်းသိန်း(ဟိုတယ်/ခရီး)

ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအပေါ် စီးပွားရေးအကျိုးသက်ရောက်မှု များစွာဖြစ်စေပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံခြားဝင်ငွေရရှိစေသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်စေခြင်း၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်စေခြင်းတို့ကြောင့် ဦးစားပေး တိုးမြှင့်လုပ်ကိုင်ရမည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ သဘာဝအရင်းအမြစ်၊ ယဉ်ကျေးမှု၊ လူမှုဘဝ ဓလေ့ထုံးတမ်းများအပေါ် အခြေခံသော ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိစေသည့်အပြင် သဘာဝသယံဇာတများကို ထိန်းသိမ်းကာ နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေသော လုပ်ငန်းတစ်ခုလည်းဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းတို့အပြင် ကမ္ဘာ့နိုင်ငံများ စုပေါင်းဖွဲ့စည်း၍လည်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပူးပေါင်းဖွဲ့စည်းဆောင်ရွက်မှုများမှာ နိုင်ငံအလိုက်၊ ဒေသအလိုက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အစိုးရ၊ ပုဂ္ဂလိက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ခရီးသွားလုပ်ငန်းနယ်ပယ်မှ မိတ်ဖက်အသင်း ၁၁ သင်းကို အခြေပြုကာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (Myanmar Tourism Federation)ကို ဖွဲ့စည်း၍ အနာဂတ်ခရီးသွားလုပ်ငန်း အလားအလာကောင်းများကို ဖန်တီးဖော်ဆောင်လျက်ရှိသည်။

၁၉၇၉ ခုနှစ် စက်တင်ဘာလက စပိန်နိုင်ငံ တိုရေမိုလီနို့(စ်)မြို့၌ ကျင်းပခဲ့သော United Nation World Tourism Organization (UNWTO) အထွေထွေညီလာခံက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို စတင်ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ခရီးသွားလုပ်ငန်းကို အဓိက စီးပွားရေးမောင်းနှင်အားတစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(UNWTO)ကို စတင်တည်ထောင်ခဲ့သော ၁၉၇၀ ခုနှစ် စက်တင်ဘာ ၂၇ ရက်ကို အမှတ်တရဖြစ်စေရန် ရည်ရွယ်၍ ၁၉၈၀ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှ စတင်ကာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၃၈)ကြိမ်မြောက်ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခဲ့သည့် ၂၀၁၂ ခုနှစ်မှစတင်ကာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ထိုနေ့တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဓာတ်ပုံပြပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အထိမ်းအမှတ်ပွဲ အမျိုးမျိုးတို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများမှ အကောင်းဆုံး ဟိုတယ်ဆုများနှင့် အကောင်းဆုံးခရီးသွားကုမ္ပဏီဆုများကိုလည်း ရွေးချယ်ဆုချီးမြှင့်ကာ ပြည်တွင်းခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်မှုကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကျင်းပခြင်းအားဖြင့် နိုင်ငံတော်၏ ဝင်ငွေအများအပြား ရှာဖွေပေးနိုင်သော ခရီးသွားလုပ်ငန်းကို ပိုမိုစိတ်ဝင်စားမှုဖြစ်ပေါ်စေပြီး စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတများကို အများပြည်သူတို့ သိရှိနားလည်မှု တိုးပွားလာစေရုံသာမက ရင်းနှီးမြှုပ်နှံမှုများကြောင့် နိုင်ငံအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေသည့် ခရီးသွားလုပ်ငန်းကို အသိအမှတ်ပြုလာသည့် အကျိုးရလဒ်များလည်း ရရှိစေသည်။

ယနေ့အချိန်တွင် ကမ္ဘာ့လူဦးရေမှာ ၇ ဒသမ ၅ ဘီလီယံရှိပြီး ၂၀၅၀ ခုနှစ်တွင် လူဦးရေ(၉ ဒသမ ၈) ဘီလီယံအထိ တိုးမြင့်လာနိုင်သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က မျှော်မှန်းထားသည်။ ထိုသို့ တိုးမြင့်လာခြင်းကြောင့် မြို့ပြနှင့်ကျေးလက်မကျန် လူသားတို့၏ နေ့စဉ်လိုအပ်ချက်များဖြစ်သော အစားအစာ၊ ရေနှင့် သဘာဝသယံဇာတ အရင်းအမြစ်များကို အလွန်အကျွံထုတ်ယူသုံးစွဲလာကြခြင်းဖြင့် သဘာဝဘေးများဖြစ်ပေါ်လာကာ လူသားများအပေါ် အန္တရာယ်ကျရောက်လာမှုများကို ကြုံတွေ့ရင်ဆိုင်နေကြရသည်ဖြစ်၍ အဆိုပါဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်မှာ ကမ္ဘာတစ်ဝန်း သဘာဝသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

လူတို့သည် ခရီးသွားခြင်းကို များစွာစိတ်ဝင်တစား ရှိလာကြသည်။ ရည်ရွယ်ချက်အမျိုးမျိုးဖြစ်သော စီးပွားရေး၊ လေ့လာရေး၊ အလည်အပတ်ခရီး၊ နိုင်ငံရေး၊ လူမှုရေး၊ စစ်ရေး၊ အလုပ်အကိုင် စသည်တို့ဖြင့် ခရီးသွားနေကြပြီး ခရီးသွားလာမှုအတွက် လိုအပ်သော လေယာဉ်၊ သင်္ဘော၊ မော်တော်ကား၊ ရထားစသည်တို့နှင့် ခေတ်မီအသုံးအဆောင်၊ မြန်နှုန်းမြင့်ယာဉ်များကို ကြိုးပမ်းတီထွင် ထုတ်လုပ်သုံးစွဲလာကြသည်။ ထိုသို့ ခရီးသွားလာမှု၊ လူနေမှုအဆင့်အတန်း မြင့်မားလာမှုများကြောင့် သဘာဝအရင်းအမြစ်များကို တိုက်ရိုက်ပျက်စီးစေသည်မဟုတ်သော်လည်း လူ့အသုံးအဆောင်ပစ္စည်းများ၊ ကား၊ လေယာဉ်၊ သင်္ဘောစသည်တို့မှ ထွက်ရှိလာသည့် ဘေးထွက်ဆိုးကျိုးများကြောင့် သဘာဝအရင်းအမြစ် များ တစ်နေ့ထက်တစ်နေ့ ပိုမိုလျော့ကျလာသည်ကိုမူ သတိပြုကြရမည်ဖြစ်ပါသည်။

လူတို့သည် စွန့်စားမှုကို လိုလားသကဲ့သို့ သယံဇာတ တို့ကိုအရင်းပြု၍ တီထွင်ကြံဆကာ အသုံးအဆောင်ပစ္စည်းများကို ဖန်တီးသုံးစွဲလျက်ရှိကြသည်။ လိုအင်ဆန္ဒအရ မရောက်ဖူးလျှင် သွားချင်ကြသည်။ မသုံးစွဲဖူးလျှင် အသုံးပြုချင်ကြသည်။ ခရီးသွားကဏ္ဍတွင်လည်း ထိုကဲ့သို့ စိတ်ဆန္ဒများကြောင့် စွန့်စားခရီးသွားလုပ်ငန်း(Adventure Tourism)ဟူ၍ပင် ရှိနေခဲ့သည်။ သို့သော် လူတို့၏ သတိမမူမှုကြောင့် ပျောက်ကွယ်သွားနိုင်သည့် သယံဇာတတို့ကို အလေးထားကြိုတင်စီစဉ်ကာကွယ်ရန်လည်း လိုအပ်သည်။ သို့အတွက် ခရီးသွားလုပ်ငန်းဆောင်ရွက်ရာ လမ်းကြောင်းတစ်လျှောက်ရှိ ယဉ်ကျေးမှုအမွေအနှစ်များ၊ လူမှုပတ်ဝန်းကျင်၊ သဘာဝသယံဇာတများဖြစ်သော ကမ်းခြေဒေသများ၊ တောရိုင်းတိရစ္ဆာန်များ အစရှိသော အရင်းအမြစ်များ ရေရှည်ဖြစ်တည်ရေးကို ခရီးသွားများနှင့် လုပ်ငန်းဆောင်ရွက်သူများအားလုံး ဂရုပြုလိုက်နာကြပြီး တာဝန်သိစိတ်ဓာတ်ဖြင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ကြရန် အထူးလိုအပ်မည်ဖြစ်သည်။

ကမ္ဘာတွင်ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်း အမျိုးအစားများစွာ ရှိသည်။ နိုင်ငံအသီးသီး၏ ပထဝီအနေအထားအရ ရရှိပိုင်ဆိုင်ထားမှုများအပေါ် မူတည်၍ သဘာဝ သယံဇာတ

များဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုစသည်တို့ကို တူးဖော်ထုတ်လုပ်ရောင်းချခြင်း၊ သစ်တောများခုတ်၍ ရောင်းချခြင်းတို့ဖြင့် စီးပွားရေးဖွံ့ဖြိုးရန် ဆောင်ရွက်လျက်ရှိကြသော်လည်း ခရီးသွားလုပ်ငန်းမှာမူ ဝန်ဆောင်မှုကိုအခြေခံသည့် လုပ်ငန်းတစ်ခုဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံး စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် နိုင်ငံတကာ၌ တွင်ကျယ်စွာ နေရာယူလျက်ရှိသည်။

ခရီးသွားလာမှုများပြားရသည့် အကြောင်းရင်းသည် ခရီးသွားခြင်းဖြင့် လူသားတို့ကို အပန်းပြေစေပြီး ဒေသန္တရဗဟုသုတတို့ကို ရရှိစေသလို ကမ္ဘာ့အမွေအနှစ်များ ရေရှည်တည်တံ့စေရေးကြိုးပမ်းဆောင်ရွက်မှုများသည်လည်း ခရီးသွားလုပ်ငန်းကို အဓွန့်ရှည်တည်တံ့စေသကဲ့သို့ မိမိတို့ ပိုင်ဆိုင်ထားသော သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် ရာသီဥတုပြောင်းလဲမှု (Climate Change)ကို သက်သာစေပြီး သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်ရန်အတွက်လည်း အကျိုးသက်ရောက်စေသဖြင့် ခရီးသွားလုပ်ငန်းကို ကမ္ဘာ့နိုင်ငံအများစု မြှင့်တင်လုပ်ကိုင်လာကြသည်။

မိမိတို့မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍတွင် အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာ (၂၀၁၆-၂၀၂၅)(ASEAN Tourism Strategic Plan-2016-2025)ကို အကောင်အထည်ဖော်သည့်အနေဖြင့် အာဆီယံကို ကမ္ဘာ့အကောင်းဆုံးခရီးစဉ်ဒေသတစ်ခုဖြစ်စေရန် အရည်အသွေးမြင့်ခရီးသွားလုပ်ငန်း (Quality Tourism) ကို ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။ ယင်းအရည်အသွေးမြင့် ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုကို အထောက်အကူဖြစ်စေသော အာဆီယံအစိမ်းရောင်ဟိုတယ်စံနှုန်း၊ အာဆီယံသန့်ရှင်းသော ခရီးသွားမြို့တော်စံနှုန်း၊ အာဆီယံ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းစံနှုန်း စသည်တို့ကိုရေးဆွဲကာ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့စေရေး ရှေးရှု၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဤသို့ အာဆီယံ အရည်အသွေးမြင့်ခရီးသွားလုပ်ငန်း စံနှုန်းများကို ပြည်တွင်းဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများ၊ အများပြည်သူများ၊ အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သိရှိနားလည်ရန်နှင့် လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးအတွက် ရေးဆွဲအတည်ပြုထားသည့် အာဆီယံစံနှုန်းများကို အသိပညာပေးသည့် ဆွေးနွေးပွဲများကိုလည်း မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်း အဓိကဖွံ့ဖြိုးတိုးတက်နေသည့် မြို့များတွင် ဦးစားပေးအလိုက် နှစ်စဉ်ကျင်းပ အသိပညာပေးလျက်ရှိသည်။

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးတိုးတက်စေရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူး Mr. Taleb Rifai က ၂၀၁၇ ခုနှစ် ခရီးသွားကဏ္ဍအတွက် ထုတ်ပြန်ရာတွင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားရေးထုတ်ကုန် တင်ပို့မှုတွင် ဓာတုပစ္စည်းနှင့် စက်သုံးဆီပြီးလျှင် တတိယအကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်း များစွာသော လူမှုဘဝဖူလုံမှု၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ ဖြစ်စေကာ သိရှိနားလည်ခြင်းနှင့် အောင်မြင်ခြင်းတို့ ရရှိလာမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ၁ ဒသမ ၂ ဘီလီယံကျော်ရှိခဲ့ပြီး ၂၀၃၀ ခုနှစ်တွင် ၁ ဒသမ ၈ ဘီလီယံ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကျင်းပခြင်းမှာ နိုင်ငံတကာခရီးသွား ၁ ဒသမ ၈ ဘီလီယံအထိရရှိအောင် အရှိန်အဟုန်မြင့် ပြောင်းလဲတိုးတက်စေရေး ဆောင်ရွက်နိုင်ရန်၊ ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သောနေရာတစ်ခုအဖြစ် ဆောင်ရွက်ရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ရန် ခရီးသွားလုပ်ငန်းဖော်ဆောင်မှုတွင် မဏ္ဍိုင် (၅)ရပ်ဖြင့် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါမဏ္ဍိုင်(၅)ရပ်မှာ အားလုံးပါဝင်နိုင်ပြီး တိုးတက်မှုကိုဖြစ်ထွန်းစေသည့်စီးပွားရေး(Economic)၊ ဒေသခံများအား လုပ်ပိုင်ခွင့်ပေးမှုနှင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်များ ဖြစ်ထွန်းစေသည့် လူမှုရေး(Social)၊ ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှု ဖြေရှင်းခြင်းနှင့် ကြွယ်ဝလာစေရေးအတွက် ထိန်းသိမ်းကာကွယ်ရမည့် သဘာဝပတ်ဝန်းကျင်(Enviromental)၊ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဆင်ယင်ကျင်းပခြင်းတို့ ဆောင်ရွက်ရမည့် ယဉ်ကျေးမှု (Cultural)၊ ဖွံ့ဖြိုးမှုနှင့် လုပ်ငန်းစဉ်များတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ငြိမ်းချမ်းရေး(Peace)တို့ဖြစ်ကြသည်။

ထို့အပြင် အနာဂတ် ပိုမိုကောင်းမွန်စေသော လူသားအရင်းမြစ်(People)၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Planet)၊ ငြိမ်းချမ်းသာယာရေး (Peace)နှင့် အောင်မြင်ဖြစ်ထွန်းရေး(Prosperity)တို့ကို တည်ဆောက်ရန်၊ အဆင့်အတန်းမြင့်သော ၂၁ ရာစု လူမှုဆောင်ရွက်ချက်တစ်ခုအဖြစ် ခရီးသွားခြင်းနှင့် ခရီးသွားလုပ်ငန်းကို ကမ္ဘာ့လူသားတို့အတူအကွ မြှင့်တင်ဆောင်ရွက်ရန်မှာ ထူးခြားသည့် အလုပ်အကိုင်စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်သည့်အလျောက် ၂၀၁၇ ခုနှစ်၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ကိုပင် "ရေရှည်တည်တံ့ခရီးသွား- ဖွံ့ဖြိုးမှုအတွက်ပြည့်စွမ်းအား (Sustainable Tourism- a Tool for Development)"ဟု ဂုဏ်ပြုတင်စားဖော်ဆောင်ထားသည်။

၂၀၁၇ ခုနှစ်ကို နိုင်ငံတကာ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှစ် (2017 International Year of Sustainable Tourism for Development)အဖြစ် အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှသတ်မှတ်ကာ ထိုသို့ အကောင်အထည်ဖော်မှုအတွက် အသိပညာများမြှင့်တင်ရေး၊ မှန်ကန်သော အခွင့်အလမ်းများ ဖော်ဆောင်ပြီး ကောင်းမွန်သော ပြောင်းလဲမှုတစ်ခုအဖြစ် ပေါ်ထွန်းလာရေး ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။

ထို့ပြင် ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း အကောင်အထည်ဖော်ရန် ရည်မှန်းချက် ပန်းတိုင်များ ချမှတ်ခဲ့သည်။ လူသားတို့၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ပေါ်ရေးကို မြှင့်တင်ခြင်း၊ အသိပညာ အတတ်ပညာ သာတူညီမျှဖြစ်စေခြင်းနှင့် အားလုံးပါဝင်ဆောင်ရွက်ခြင်း၊ လူမှုဘဝနှင့် မြို့တော်များကို ရေရှည်တည်တံ့စေရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံမှုရှိစေရေး ပူးပေါင်းတည်ထောင်ခြင်းနှင့် ဇီဝရုပ်ကွဲများ၊ ကုန်းမြေလျော့နည်းမှုများ မဖြစ်ပေါ်စေရေး၊ သစ်တောများ ရေရှည်တည်တံ့အောင် စီမံဆောင်ရွက်ခြင်း၊ သဘာဝအခြေခံစနစ်များ ရေရှည်တည်တံ့အောင် အသုံးချရေး မြှင့်တင်ခြင်း၊ ပြန်လည်တည်ဆောက်ရန်နှင့် ထိန်းသိမ်းကာကွယ်ရန် စသဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ(Sustainable Development Goals-SDGs) (၁၇)ရပ်ကို ချမှတ်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှ SDGs ကို ပါဝင်အကျိုးပြုမည်ဖြစ်ပါသည်။

သည့်အတွက်ကြောင့်ပင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ကျင်းပ၍ ကြိုဆိုဂုဏ်ပြုခြင်းနှင့်အတူ ကမ္ဘာတစ်ဝန်း ခရီးသွားတို့အား တိုက်တွန်းလိုသည်မှာ ခရီးသွားသည့်အချိန်တိုင်း၊ နေရာတိုင်းတွင် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် လက်ခံလည်ပတ်စေသည့် အိမ်ရှင်တို့အပေါ် လေးစားကြ၍ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းသောအလေ့အထများကို ကျင့်သုံးလိုက်နာဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းတွင် တစ်တပ်တစ်အား ပါဝင်အကျိုးပြုကြပါရန် တိုက်တွန်းတင်ပြအပ်သည်။ ။

အရည်အသွေးမြင့်ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှုကို အထောက်အကူဖြစ်စေသော အာဆီယံအစိမ်းရောင်ဟိုတယ်စံနှုန်း၊ အာဆီယံသန့်ရှင်းသော ခရီးသွားမြို့တော်စံနှုန်း၊ အာဆီယံရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းစံနှုန်း စသည်တို့ကိုရေးဆွဲကာ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့စေရေး ရှေးရှု၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

FMI

PUN HLAING SILOAM HOSPITALS

LIPPO GROUP

ဂုဏ်ယူဝမ်းမြောက်ခြင်းသဝဏ်လွှာ

JOINT COMMISSION INTERNATIONAL QUALITY APPROVAL

ပန်းလှိုင်စီလုံဆေးရုံကြီးသည် လူနာများဘေးကင်းလုံခြုံမှုအတွက်

နိုင်ငံတကာမှ လိုက်နာကျင့်သုံးသော ကျန်းမာရေးစောင့်ရှောက်မှု စံချိန်စံနှုန်းပြလက်မှတ်

Joint Commission International Accreditation (JCIA) ကို

ဇူလိုင်လ(၈)ရက်နေ့တွင် ပထမဦးဆုံးထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့သည့်အတွက်

ပန်းလှိုင်စီလုံဆေးရုံမိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ...

MKA | OKKAR THIRI | ZIZAWA HEALTHCARE | RAMMAWADDY INTERNATIONAL CO.,LTD. | THUKHA DANA

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 7F/5520 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

မြေတူးစက်ရောင်းမည်

KOBELCO Ton 20

(၂၇၀)သိန်း ညှိနိုင်း

Ph:09-785084831

ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်

တောင်ပိုင်း၊

မြောက်ပိုင်းများရှိ

မြေကွက်များကို

ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉

နေပြည်တော်

ကားမောင်း(အတတ်သင်)သင်တန်း

ပ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်

Ph:067-421755 ,09-73011078 ,09-73041277

စတော်မီကားမျိုးစုံဖြင့်Manual & Auto

နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ် (၁၂) အခြေခံပညာမူလတန်းကျောင်း တတိယတန်း(ဂ) မှ မောင်ဥက္ကာလင်း၏ ဖခင်အမည်မှန်မှာ ဦးရဲနောင် ၉/မရမ(နိုင်)၀၇၉၉၂၉ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးG.S ရတ်ချ်(ခ)ဦးမောင်တင်၏သား ဦးတင်မောင်ထွန်း(ခ)ဦးမော်ခင် (၁၂/မဂဒ(နိုင်)၀၂၈၄၂၀) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးတင် မောင်ထွန်း(ခ)ဦးမော်ခင်

ဝါကျွတ်ချိန်ခါ ပူဇော်ကန်တော့ကြသူတိုင်း

စတုမဓုနှင့်ကန်တော့၍ ကုသိုလ်ယူကြသည်။

ဗုဒ္ဓဘုရားဟောဖော်ကြားသည့် - လေးပါးသြသဓဆေးမည်စွာ

ဦးဘညိန်-သား

စတုမဓု

ကျေးမှာဆေးတိုက်မှထုတ်လုပ်သည်။

TMR-003261

ဆိုင် - ၂၈၊ ဗိုလ်ချုပ်ဈေး(မြောက်ဖက်တန်း)၊ အပေါ်ထပ်။ ဖုန်း-၂၄၀၉၆၆ (လိုင်းခွဲ)၄၁၅

ပင်ရင်း - ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း-၀၁ ၅၄၉၁၁၆

မိုးရာသီအထူးဈေးနှုန်း

(တိုက်ခန်း၊ Condo၊ မြေကွက်အရောင်းများ)

ဆက်သွယ်ရန်-01 2316996,2316997,2316998,09 428818855

ဓာတ်လှေကား၊ မီးစက်၊ ဗဟိုရေပေးဝေရေးစနစ်၊

ငြိမ်းသတ်စလောင်းလိုင်းများစသည် တို့ပါဝင်ပါသည်။

- ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်	25'×50' PH	1250 သိန်း
- ၁၅ လမ်း၊ လမ်းမတော်မြို့နယ်	25'×45' 6,7,8 လွှာ Hall	1400 သိန်း
- ၁၅ လမ်း၊ လမ်းမတော်မြို့နယ်	25'×45' PH	1125 သိန်း
- ၂၂ လမ်း၊ လသာမြို့နယ်	27'×50' PH	1350 သိန်း
- လမ်း ၄၀၊ ကျောက်တံတားမြို့နယ်	45'×50' PH	2250 သိန်း
- ဗိုလ်တထောင်ဘုရားလမ်း	30'6"×58' 2,3 လွှာHall	2650 သိန်း
- ဘိုကလေးဈေးလမ်း	25'×60' 8A	1800 သိန်း
- ဘိုကလေးဈေးလမ်း	50'×60' PH	3000 သိန်း
- ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်	50'×58' PH	2900 သိန်း
	40'×40' 4,5,7 လွှာA	1900 သိန်း
	50'×40' 6B	2400 သိန်း
- ၅၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်	50'×78'6" PH	3500 သိန်း
- ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်	25'×58' 9A	2100 သိန်း
- ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်	25'×58' 6B	1700 သိန်း
	25'×58' 10 လွှာ A,B	1700 သိန်း
- လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်	33'4"×58' 2,7 လွှာA	2300 သိန်း
-ရေကျော်လမ်း၊ပုဇွန်တောင်	17'6"×70' 3AB,5B,6B,8AB	1350 သိန်း
	35'×70' PH	2400 သိန်း

- တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ဗဟန်းမြို့နယ်
1462 sqft 2A 2340 သိန်း၊ 1432 sqft 2C,4C,6D 2295သိန်း၊
- နတ်မောက်ရိပ်သာလမ်း၊ဗဟန်းမြို့နယ်
1941 sqft 2A,4A,5A,7A 3110 သိန်း၊ 1866 sqft 2B,4B,5B,7B - 2990 သိန်း၊ 1277sqft 4C,5C,7C 2045 သိန်း၊

* တစ်ခန်းလျှင်ကားပါကင် (၁)စီးနှုန်း၊ဓါတ်လှေကား (၂)စင်း၊ဗဟိုရေပေးဝေမှုစနစ်၊ မီးစက် Auto System ၊ စလောင်းလိုင်းများနှင့်တစ်တိုက်လုံးနိုင်သောမီးစက် (300 or 350 KVA)(၁)လုံး၊ MB - 3 or 4 ခန်းပါမည်။ယခုပါသော ဧရိယာများမှာ အသားတင် ဧရိယာများဖြစ်ပါသည်။အများသုံး ဧရိယာများဖြစ်သော လျှောက်လမ်း၊လှေခါးခွင်၊ဓါတ်လှေခါးခွင် ဧရိယာများမပါဝင်ပါ။
* နှင်းဆီကုန်းလမ်း (99 Condo)၊ အလုံမြို့နယ်
1800 sqft 2,8 လွှာ A 2700 သိန်း၊ 1700 sqft 2B 2550 သိန်း
* တစ်ခန်းလျှင် ကားပါကင် (၁) စီးနှုန်း၊ ဓာတ်လှေကား Card System, မီးစက် Auto System စလောင်းလိုင်းများနှင့် အသင့်နေထိုင်အသုံးပြုနိုင်သော ပရိဘောဂ အစုံပါဝင်ပါသည်။
* စက်မှုဇုန်မြေကွက်များ

လှိုင်သာယာစက်မှုဇုန် (ဇုန်-၄)	2.148 ဧက	1 ဧက	7000 သိန်း၊
မြစ်မိုးရောင်စက်မှုဇုန် (C-7)	2.942 ဧက	1 ဧက	4000 သိန်း

* ယခုဈေးနှုန်းများမှာယနေ့မှစပြီး(၂)ပတ်အတွင်းသာဖြစ်ပါသည်။ (၂)ပတ်ကျော်လျှင် ဈေးနှုန်းအပြောင်းအလဲရှိမည်။

ပျောက်ဆုံးကြောင်း

ကျွန်မ မစိုးစန္ဒာသိန်း ၁၀/မဒန(နိုင်)၂၃၅၂၇၆၏ Passport -No. (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

San brotherhood

"စစ်ဆေး စမ်းသပ် (အခမဲ့)"

Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်၊

Air-Con အဟောင်း၊ အပျက်များကို အသစ်နှင့် လဲလှယ်ပေးပါသည်။

တပ်ဆင်ပြီး 1HP - 230000

တပ်ဆင်ပြီးဈေးနှုန်း

(၃နှစ်အာမခံ)

၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)

ပါဝင်သောပစ္စည်းများ

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City(လှိုင်သာယာ)709373,09-5084831,3682445(Ext)1421

ကျောင်းလမ်း(အလုံ) 01-704101 , 09-5002738, 09-450023810

သမိုင်းလမ်းဆုံ(မရမ်းကုန်း) 3681854, 706193, 09-73116475

ကျောက်မြောင်း(တာမွေ) 01-704649, 09-73066836, 09-73004800

Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842

ရွှေဂုံတိုင်မီးပွိုင့်အနီး(ဗဟန်း) 09-43083868, 01-703241

သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535

ဟံသာဝတီ CNG အနီး(ကြည့်မြင်တိုင်) 01-703684, 09-43130068

Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035

တောင်/မြောက်လမ်းဆုံအနီး(တ/ဒဂုံ) 01-709114, 09-5019316

အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပျဉ်းမနားမြို့၊ ရန်အောင် (၂)၊ အမှတ် (၁/၉၅-က) နေ ဒေါ်စန်းမြင့်၏သား မောင်မင်းမင်းဦး(ခ)မောင်ဝလီသည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူလုပ်ဆောင်သည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းမြင့် PMA-118756

ပျောက်ဆုံးခြင်း

ကျွန်တော် ရဲထွန်းအေး(ဘ)ခင်မောင်အေး ၉/မခန(နိုင်)၁၆၂၆၇၇ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ရဲထွန်းအေး ဖုန်း-၀၉-၄၃၀၇၇၉၇၇

telenor
တစ်ရက်လျှင်
စာရင်းသွင်းခ (၉၉) ကျပ်ဖြင့်
၁မိနစ် ၉ ကျပ်
တယ်လီနောအချင်းချင်း
*979*2*1# ကိုဖုန်းခေါ်ဆိုပါ။
• တစ်မိနစ် ၉ ကျပ် (+ ကုန်သွယ်လုပ်ငန်းခွန်) နှုန်းဖြင့် ပုံမှန်ဖုန်း လက်ကျန်ငွေမှ ကျသင့်ငွေကို ကောက်ခံပါမည်။
• တစ်ရက်လျှင် စာရင်းသွင်းခ ၉၉ ကျပ် ဖြင့် နေ့စဉ်ည (၁၂) နာရီမတိုင်မီအထိ အသုံးပြုနိုင်ပါသည်။

C B BANK

အဆင်ပြေလွယ်ကူသော ငွေပေးချေမှုများ
ဆောင်ရွက်နိုင်ရန် Cashier's Cheque ကို
CB Bank တကေ်ခွဲတိုင်းတွင် ဝယ်ယူနိုင်ပါပြီ . . .

- လူပုဂ္ဂိုလ် တစ်ဦးချင်း
- ကုမ္ပဏီ/အဖွဲ့အစည်းများ

အမှတ် (၄၆)၊ Union Financial Center၊ Tower (A,B)၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Tel: (95-1) 231 7999 Fax: (95-1) 231 7979
Email: contactcenter@cbbank.com.mm Website: www.cbbank.com.mm
Call Centre: 01-231 7770

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် ၀၈/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၇-၂၀၁၈

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရွှေလီ(၃)နှင့် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းအတွက် တည်ဆောက်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊** - ၂၅-၉-၂၀၁၇ရက်၊၀၉း၀၀နာရီ
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၂-၁၀-၂၀၁၇ရက်၊
အချိန် ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၈၁၀၄၁၈၉၊ ၈၁၀၄၁၉၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

Tender No. 10/DHPI/Cement/2017-2018

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အထက်ရဲရွာနှင့် အထက်ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်းတွင်အသုံးပြုရန်အတွက် ပြည်တွင်းစက်ရုံများမှထုတ်လုပ်ပြီး အရည်အသွေးပြည့်မီသည့် ဘိလပ်မြေ ၂၉၈၀တန်အား စီမံကိန်းအရောက်ဈေးနှုန်း (D.D.P-at Site)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်း အဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၂၉-၉-၂၀၁၇ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ Company Profile Rating နှင့် Technical Specification Rating တို့တွင် ရမှတ် ၆၀ ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးရရှိသော ကုမ္ပဏီအား တိုက်ရိုက် ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
အဆောက်အအုံဦးစီးဌာန
တည်ဆောက်ရေးအဖွဲ့(၂)
အဆောက်အအုံအထူးအဖွဲ့(၄)
တင်ဒါအမှတ်စဉ်-၃/၂၀၁၇
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အအုံအထူးအဖွဲ့(၄)မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် နေပြည်တော်ကောင်စီနယ်မြေရှိ လုပ်ငန်းများတွင်အသုံးပြုရန် စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေးပစ္စည်းများကို မြန်မာ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၁၀-၂၀၁၇ရက် ညနေ ၄း၀၀နာရီ
၂။ **တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန်** - ၁၇-၁၀-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ
၃။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ရုံးအမှတ်(၄၀)၊ အဆောက်အအုံဦးစီးဌာန၊ နေပြည်တော်

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဦးစီးအရာရှိ(စီမံ)ရုံး အဆောက်အအုံဌာနခွဲ၊ ရုံးအမှတ်-၄၀၊ နေပြည်တော်တွင် ၃-၁၀-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၉-၈၅၈၀၇၁၅၊ ၀၉-၂၅၉၁၃၀၇၄၇၊ ၀၉-၈၆၂၂၆၄၆၊ ၀၉-၂၅၀၈၂၆၀၆၅သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ရေအားစက်ရုံများအတွက် အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း (DDP at Site) နှင့် လုပ်ငန်းများအပ်နှံခြင်းတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာန

1. **Tender No.24/EPGE/2017-2018**
   (a) Telephone Coxical Cable (10 Paires) - 4565 M (Myo Gyi & Myatthar)
   (b) 6.6kV C.T (3 Nos/Set) (Myo Gyi) - 1 Set
   (c) Control Cable များဝယ်ယူခြင်း (Zaungtu)
2. **Tender No.25/EPGE/2017-2018**
   (a) 230kV Switchyard တွင် CCTV System တပ်ဆင်ခြင်းလုပ်ငန်း - 1Lot Kun Chaung)
   (b) Ventilation System (Including Design) တပ်ဆင်ခြင်းလုပ်ငန်း - 1 Lot (Kyeeonkyeewa)

၂။ တင်ဒါပုံစံအား တစ်စောင်လျှင် ကျပ် (၁၀၀၀၀/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာန Website www.moep.gov.mm နှင့် ရုံးရှိကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၉-၂၀၁၇ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၂-၁၀-၂၀၁၇ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၅း၀၀နာရီ

တင်ဒါကော်မတီ
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ မြို့နယ်(၂၈)မြို့နယ်အား ကွန်ပျူတာစနစ်ဖြင့် ငွေတောင်းခံလွှာပြုစုခြင်း၊ ငွေကောက်ခံခြင်းလုပ်ငန်းအား မြန်မာငွေကျပ် (Kyat)ဖြင့် ခေါ်ယူလိုပါသည်-

တင်ဒါစတင်ရောင်းမည့်ရက် - ၂၅-၉-၂၀၁၇
တင်ဒါပိတ်မည့်ရက် - ၁၀-၁၀-၂၀၁၇
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများရှိ ဆေးခန်းများတွင်လိုအပ်သော ဆေးဝါးများဝယ်ယူရန်အတွက် လိုင်စင်ရကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၆-၉-၂၀၁၇
တင်ဒါပိတ်မည့်ရက် - ၂၅-၁၀-၂၀၁၇
တင်ဒါပိတ်မည့်အချိန် - ၄း၃၀နာရီ
ဆက်သွယ်ရမည့်ဖုန်း - ၀၅၇-၂၁၁၉၅၊ ၀၅၇-၂၁၉၈၆

တင်ဒါခေါ်ယူရေးအဖွဲ့
မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ဝန်ထမ်းအလိုရှိသည်
ပြည်တွင်း၌သာခန့်ထားရန်

(က) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ နေပြည်တော်၌ အောက်ဖော်ပြပါရာထူးနေရာများအတွက် ဝန်ထမ်းခန့်ထားရန်အလိုရှိပါသည်-

(၁)	**ဒုတိယရုံးအဖွဲ့မှူး**	ကျား	(၁) ဦး
(၂)	**စကားပြန်/ဘာသာပြန်(တရုတ်)**	ကျား/မ	(၁) ဦး
(၃)	**စကားပြန်/ဘာသာပြန်(အင်္ဂလိပ်)**	ကျား/မ	(၁) ဦး

(ခ) **အမှတ်စဉ်(၁)ရာထူးအတွက်**
- အသက်(၄၀)မှ (၅၅)နှစ်အတွင်းဖြစ်ရမည်။
- အရည်အချင်းပေါ်မူတည်၍ အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။
- ကုမ္ပဏီဝန်ထမ်းများလျှောက်ထားပါက MBA ဘွဲ့ရဖြစ်ရမည်။
- အငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး(၂)ဦး၏ ထောက်ခံချက် ပါရှိရမည်။
- တပ်မတော်အငြိမ်းစားဖြစ်ပါက ဗိုလ်ကြီးအထက်(၂)ဦး၏ ထောက်ခံချက်ပါရှိရမည်။
- ရုံးလုပ်ငန်းများကို ကျွမ်းကျင်စွာ ဦးဆောင်နိုင်ရမည်။
- အင်္ဂလိပ်စာရေး၊ ဖတ်၊ ပြောကျွမ်းကျင်၍ ကွန်ပျူတာအသုံးပြုနိုင်ရမည်။

(ဂ) **အမှတ်စဉ်(၂)ရာထူးအတွက်**
- တရုတ်-မြန်မာအလယ်တန်းအောင်သည့် အထောက်အထား တင်ပြနိုင်ရမည်။
- တရုတ်ဘာသာစကားကို ဘာသာပြန်အရေးနှင့်အပြော(၂)ရပ်လုံးကျွမ်းကျင်ရမည်။

(ဃ) **အမှတ်စဉ်(၃)ရာထူးအတွက်**
- English ဘာသာဖြင့်ကျောင်းပြီး၍ ဘွဲ့လက်မှတ်တင်ပြနိုင်ရမည်။
- English ဘာသာစကားကို ဘာသာပြန်အရေးနှင့်အပြော(၂)ရပ်လုံး ကျွမ်းကျင်ရမည်။

(င) အမှတ်စဉ်(၂၊ ၃)ရာထူးအတွက် လိုအပ်ပါက ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းပြုလုပ်သွားမည်။

(စ) အမှတ်စဉ်(၂၊၃)ရာထူးများအတွက် အသက်(၂၅)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်၍ ကျန်းမာရေးကောင်းမွန်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူများအတွက် အသက်လျှော့ပေါ့စဉ်းစားမည်။

(ဆ) အမှတ်စဉ်ပါရာထူးအားလုံးသို့ လျှောက်ထားသူများသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်လွှာနှင့်အတူ(၃)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းနှင့်သင်တန်းအောင်လက်မှတ်မိတ္တူ၊အိမ်ထောင်စုဇယားမိတ္တူ၊ သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာတို့ပူးတွဲလျက် ၃-၁၀-၂၀၁၇ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင် အောက်ဖော်ပြပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မဏိရတနာကျောက်စိမ်းခန်းမ၊ ရာဇသင်္ဂဟလမ်းနှင့်သပြေကုန်းဈေးလမ်းထောင့်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၂၃၈၄၊ ၀၆၇-၄၃၂၃၈၅

CLAIMS DAY NOTICE
M.V LORD VISHNU VOY:NO(099)

Consignees of cargo carried by M.V LORD VISHNU VOY:NO(099) are here by notified that the vessel will arrive on about 28-9-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) ရှိ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ အသုံးမပြုတော့သည့် ညောင်လေးပင် အမှတ်(၁)သစ်ဆိုင်နှင့် ဒိုက်ဦးသစ်ဆိုင်အား ဖျက်သိမ်းဝယ်ယူရန်အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင် ရောင်းချမည် ဖြစ်ပါသည်။

(က) ပစ္စည်းအမျိုးအမည် - ညောင်လေးပင်အမှတ် (၁) သစ်ဆိုင် (ခွဲသားဂိုဒေါင် (၂) လုံး၊ သစ်ဆိုင်ရုံးခန်း(၁) လုံး၊ အဆောက်အဦဟောင်း (၃) လုံး)
- ဒိုက်ဦးသစ်ဆိုင် (မျဉ်းကတိုးသစ်ခွဲသား ၁၉ ချောင်း၊ ၀.၆၅၄၄ တန်)

(ခ) လေလံတင်ရောင်းချမည့်နေ့ရက် - ၂၄.၁၀.၂၀၁၇ ရက်၊ နံနက် ၉း၃၀ နာရီ
နေရာ - ဒုတိယအထွေထွေမန်နေဂျာရုံး ၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ပဲခူးမြို့
ဆက်သွယ်ရန်ဖုန်းများ - ၀၅၂-၂၂၀၁၀၂၃၊ ၀၅၂-၂၀၂၂၈၄၊ ၀၅၂-၂၂၀၀၁၀၉

၂။ အိတ်ဖွင့်လေလံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၂၃.၁၀.၂၀၁၇ ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အဆောက်အဦဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့

မွေးသက္ကရာဇ်မှန်နှင့်တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်ကြီးရပ်ကွက်၊ အကွက်(၄၃)၊ အထက(ခွဲ)(၁၇)၊ဆဋ္ဌမတန်း(A)မှ မောင်ကျော်ဇင်မင်းသန့်၏ မွေးသက္ကရာဇ် မှန်မှာ ၁၅-၈-၂၀၀၆ ဖြစ်ပြီး မောင်ကျော်ဇင်မင်းသန့်၏ဖခင် ဦးမြင့်ဦး ၉/ အမဇ(နိုင်)၀၁၆၆၃၇နှင့် ဦးမင်းသူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြင့်ဦး(ခ)ဦးမင်းသူ

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း
အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဧရာဝဏ်၊ ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းတွင် အဆောက်အအုံ(၂)လုံးအတွက် (300)k VA, Generator(4) sets ဝယ်ယူမည်ဖြစ်သည့်အတွက် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃-၁၀-၂၀၁၇ ရက် (အင်္ဂါနေ့) ၁၃း၀၀နာရီ
(ဂ) **တင်ဒါရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ** - လျှပ်စစ်ဌာနစိတ်၊ Urban & Housing Show Gallery ရတနာနှင်းဆီအိမ်ရာ၊ ရတနာလမ်း၊ အလိုတော်ပြည့်ဘုန်းကြီးကျောင်းအနီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၆၉၈၂၃၈၅၁ ၀၉-၇၆၀၉၄၆၄၉၇ ၀၉-၄၂၅၈၃၀၇၂၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအတွက် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **စက်မှုလက်မှုသိပ္ပံ(အင်းစိန်)**
- စာသင်ဆောင်၊ အလုပ်ရုံ၊ ဂိုဒေါင်၊ ကားရပ်နားဆောင်၊ ပွဲကြည့်စင်၊ စားသောက်ဆောင်၊ ကျောင်းသား/ သူအိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများနှင့် ရုံးခန်းများစုစုပေါင်း(၂၅)လုံး၏ အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ။

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၅-၉-၂၀၁၇ ရက် (တနင်္လာနေ့)
(၁) **တင်ဒါရောင်းချမည့်နေရာ** - လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမှတ်(၃၉)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ် (အစိုးရရုံးဖွင့်ရက်/ရုံးချိန်အတွင်း)
(၂) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၁၀-၂၀၁၇ ရက် (သောကြာနေ့) မွန်းလွဲ ၂း၀၀ နာရီ
(၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပေးပါမည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဖုန်း-၀၁-၃၇၁၀၆၇၊ ၀၁-၂၃၃၃၅၆၀၊ ၀၁-၂၃၃၃၅၅၈

မြေယာလျော်ကြေးကိစ္စအမြန်ဆက်သွယ်ပါရန်

ကရင်ပြည်နယ်အတွင်းရှိ ADB ချေးငွေဖြင့် ဆောင်ရွက်သော အိန္ဒူ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများအား လျော်ကြေးပေးရန်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်ခြင်းမရှိ ဖြစ်နေပါသည်။

(၁)	ဦးလှာကပေါ်	ခရဲကမ်းနားရွာ	ဘားအံမြို့နယ်
(၂)	ဦးဝင်းကြည်	ခရဲကမ်းနားရွာ	ဘားအံမြို့နယ်
(၃)	ဒေါ်ထွေးကြည်	ခရဲကမ်းနားရွာ	ဘားအံမြို့နယ်
(၄)	ဦးစောဒွေးအောင်	ခရဲကမ်းနားရွာ	ဘားအံမြို့နယ်
(၅)	ဦးအောင်မွေး(လှသိန်း)	ခရဲကမ်းနားရွာ	ဘားအံမြို့နယ်
(၆)	ဒေါ်နီနီထွေး	ကျုံစောင့်ရွာ	ဘားအံမြို့နယ်
(၇)	ဦးရွှေမြင့်	ကျုံဒိုး	ကော့ကရိတ်မြို့နယ်
(၈)	ဦးကိုကိုကြီး	တံတားကျိုးရွာ	ကော့ကရိတ်မြို့နယ်

သို့ဖြစ်ပါ၍ လျော်ကြေးပေးအပ်ခြင်း ကိစ္စရပ်များညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပါပုဂ္ဂိုလ်များအနေဖြင့် ဖုန်း-၀၉-၇၇၀၀၀၆၃၈၀(သို့မဟုတ်) လမ်းဦးစီးဌာန၊ ဘားအံခရိုင်(သို့မဟုတ်) လမ်းဦးစီးဌာန၊ ကော့ကရိတ်ခရိုင် ရုံးများသို့ အမြန်ဆုံးလာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။

အိန္ဒူ-ကော့ကရိတ်လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း
စီမံကိန်းကြီးကြပ်ကွပ်ကဲရေးအဖွဲ့(PMU)

အမည်မှန်

ဝက်လက်မြို့နယ် တပ်ရွာအုပ်စု၊ တမာကန်ရွာမှ ဦးဝင်းမော်၏ သမီး မဖြိုးနန္ဒာ၏ အမည်မှန်မှာ မမျိုးမျိုးသိမ့် ၅/ဝလန(နိုင်)၂၀၈၄၄၉ ဖြစ်ပါကြောင်း။

မမျိုးမျိုးသိမ့်

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ကတောကျေးရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်နေလင်း၏ ဖခင်အမည်မှန်မှာ ဦးပွား ၉/မခန(နိုင်)၀၈၄၃၄၇ ဖြစ်ပါကြောင်း။ **ဦးပွား**

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် အထက၊ ပန်းတောတက္ကသိုလ်ဝင်တန်းမှ မအိသဉ္ဇာဗိုလ်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၈/ခမန(နိုင်)၁၇၆၉၄၅ ဖြစ်ပါကြောင်း။

ဦးခင်မောင်မြင့်

မိဘအမည်မှန်

မြင်းခြံမြို့နယ်၊ ဆီးမီးခုံကျေးရွာ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဝင်းမင်း၏ မိဘအမည်မှန်မှာ ဦးကံကောင်း ၉/မခန(နိုင်)၁၉၀၂၃၇နှင့် ဒေါ်ကြည်ကြည်ဌေး ၉/မခန(နိုင်) ၂၁၃၂၅၀ ဖြစ်ပါကြောင်း။

ဦးကံကောင်း-ဒေါ်ကြည်ကြည်ဌေး

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ဆီးမီးခုံကျေးရွာ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မသီရိမော်၏ဖခင်အမည်မှန်မှာ ဦးမောင်ခင် ၅/မမန(နိုင်)၀၈၂၄၉၀ဖြစ်ပါကြောင်း။

ဦးမောင်ခင်

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ဆီးမီးခုံကျေးရွာ အထက၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ရဲဇော်ထက်၏ ဖခင်အမည်မှန်မှာ ဦးမောင်ထူး ၉/မခန(နိုင်)၁၉၃၂၀၆ဖြစ်ပါကြောင်း။

ဦးမောင်ထူး

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ဆီးမီးခုံကျေးရွာ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်သဲကိုကို၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို ၉/မခန(နိုင်)၁၇၁၅၇၀ဖြစ်ပါကြောင်း။

ဦးဝင်းကိုကို

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ရွာသစ်ကျေးရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မအေးမွန်ကြွယ်၏ ဖခင် ဦးမောင်ဌေး၏ အမည်မှန်မှာ ဦးဌေးအောင် ၉/မခန(နိုင်) ၂၃၄၅၃၁ ဖြစ်ပါကြောင်း။

ဦးဌေးအောင်

တစ်ဦးတည်းဖြစ်ပါကြောင်း

မလှိုင်မြို့နယ်၊ မုန်ပင်အထက တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဖေ၏ဖခင် ဦးဒို(ခ)ဦးမောင်ဆမ် ၁၃/နခန(နိုင်)၀၅၇၂၃၁မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဝမ်းတွင်းမြို့နယ်၊ ပေါက်ကန်ကျေးရွာနေ မသဉ္ဇာကျော် (E-Major အဝေးသင်တက္ကသိုလ်)၊ မအိအိစံ (၂၀၁၆-၁၇ တက္ကသိုလ်ဝင်တန်းအောင်)၊ မောင်ဇော်မျိုးပိုင်(အလကအိုင်သာ-ဝမ်းတွင်း၊အဋ္ဌမတန်း)တို့၏ ဖခင် ဦးအောင်ကျော်မိုး(ခ)ဦးကျော်မိုး ၉/မထလ(နိုင်)၁၁၆၀၇၁မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ဆီးမီးခုံကျေးရွာ အထက တက္ကသိုလ်ဝင်တန်း (D)မှ မောင်ကြည်သာဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းသူ ၉/မခန(နိုင်)၁၅၂၈၇၅ ဖြစ်ပါကြောင်း။ **ဦးမင်းသူ**

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ဆီးမီးခုံကျေးရွာ အထက တက္ကသိုလ်ဝင်တန်း (A)မှ မောင်အောင်ဖုန်းပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးတင့် ၉/မခန(နိုင်) ၁၃၅၉၁၆ ဖြစ်ပါကြောင်း။

ဦးမျိုးတင့်

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ကတောကျေးရွာ၊ အထက (ခွဲ) နဝမတန်း (A)မှ မအိန္ဒြာထွန်း၏ ဖခင်အမည်မှန်မှာ ဦးငွေးနိုင် ၉/မခန(နိုင်)၂၈၁၇၆၇ ဖြစ်ပါကြောင်း။ **ဦးငွေးနိုင်**

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက်ဖော်ပြပါ ဘဏ်ဝန်ဆောင်မှုအမှတ်တံဆိပ်အမည်အမှတ်အသားကို မြန်မာနိုင်ငံတစ်ဝှမ်းတည်ထောင်ဖွင့်လှစ်ထားသည့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၏ ငွေပေးချေရေးဝန်ဆောင်မှုများအပြင်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၏ အမှတ်တံဆိပ်နှင့်တွဲဖက်၍သော်လည်းကောင်း၊ သီးခြားအမှတ်တံဆိပ်အဖြစ်သော်လည်းကောင်း၊ လုပ်ငန်းသုံးစာအုပ်များ၊ စာရွက်စာတမ်းများ၊ ယင်းဘဏ်ဆိုင်းဘုတ်များ၊ ကြော်ငြာအမျိုးမျိုး၊ ထုတ်ပိုးပစ္စည်းအမျိုးမျိုးနှင့် လက်ဆောင်ပစ္စည်းအမျိုးမျိုး စသည်တို့တွင် ရိုက်နှိပ်ထုတ်လုပ်အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိတို့မူပိုင်အဖြစ်အသုံးပြုလျက်ရှိသော အထက်ဖော်ပြပါ ဘဏ်ဝန်ဆောင်မှုအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ဘဏ်များမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) အများကဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပပြုလုပ်သုံးစွဲသည်ကိုတွေ့မြင်သိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ –

ဦးသက်ထွန်း (စဉ်-၃၅၅၇)	ဒေါ်ကြည်ကြည်ဝေ (စဉ်-၂၃၆၇)
B.A, (Law), LL.B	B.A, (Law), LL.B
တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်	တရားလွှတ်တော်ရှေ့နေ

အခန်းအမှတ် (၆ စီ-၂)၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်းမ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၅၆၈၁၂၊ ၀၉-၅၀-၁၅၂၃၄၊ ၀၉-၅၀-၃၁၂၃၄
E-mail : thettun.law@gmail.com

ပြင်ဆင်ဖတ်ရှု

၂၂-၉-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)ပါ ဒေါ်ခင်ခင်စု၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝင်းထွန်းနိုင်၏ ပြန်လည်ရှင်းလင်းခြင်း ကြော်ငြာတွင် ၁၈-၁၀-၂၀၁၇ ရက်အစား ၁၈-၉-၂၀၁၇ ရက်ဟုလည်းကောင်း၊ အထက်တန်းရှေ့နေဦးမျိုးထက်နိုင်အစား ဦးမျိုးထက်နောင်ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **ဦးဝင်းထွန်းနိုင် (စဉ်-၈၈၁၅)**
တရားလွှတ်တော်ရှေ့နေ

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)
လှည်းကူးမြို့နယ်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၉ နှင့်ဆက်နွယ်သည့်
၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၈

ဦးစိန်လင်း (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ဇော်မျိုး) — **တရားနိုင်**
နှင့်
ဦးမြသောင်း — **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာ၊ တောကန့်လန့်ကွင်း၊ ဦးပိုင်အမှတ် ၇၁၊ ကွင်းအမှတ် ၉၇၉ နေ ဦးမြသောင်း (ယခုလိပ်စာမသိ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၉တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် စက်တင်ဘာ ၂၉ ရက် (၁၃၇၉ခုနှစ် သီတင်းကျွတ်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့သို့လာရောက်စေ။

၂၀၁၇ခုနှစ် စက်တင်ဘာ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(နံ့သာနွေးနွေးဝင်း)**
မြို့နယ်တရားသူကြီး
လှည်းကူးမြို့နယ်တရားရုံး

ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ အလက စပါးထား၊ အင္ဒမတန်းမှ မစုမြတ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဝင်း ၁၁/ပဏတ(နိုင်)၀၄၂၂၁၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ အလက စပါးထား၊ အင္ဒမတန်းမှ မစုမြတ်ငွေး၏ ဖခင်အမည်မှန်မှာ ဦးသိန်းစောအောင် ၁၁/ပဏတ(နိုင်)၀၀၇၄၁၆ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ရွှေဇင်ထိုက် ၁၀/မလမ(နိုင်)၂၁၄၄၄၆၏ Passport No(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သီဟအောင် ၁၀/သထန(နိုင်) ၂၀၀၃၄၆၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

ပျောက်ဆုံးကြောင်း

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ပထမတန်း စက်ခန်းအုပ်လက်မှတ် အမှတ်-စမပ-၀၃၀/၁၅ (၁၁-၁-၁၅) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။ **ဦးသိန်းဦး**

ဖုန်း-၀၉-၇၆၆၀၈၉၀၈၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၇/ခ၊ မြေကွက်အမှတ်-၁/က.A၊ ဧရိယာ ၁၀. ၇ ဧက၊ အမည်ပေါက် ဒေါ်မြမြနွယ် နှင့် မြေကွက်အမှတ်-၁/ခ.A၊ ဧရိယာ ၀. ၃ ဧက၊ ဦးသိန်းရွှေ အမည်ပေါက် မြေအမျိုးအစား R, ၁၀(က)ရပြီး (ငါးမွေးမြူရေးလုပ်ငန်းသုံးမြေ) မြေကွက်အား မင်္ဂလာဒုံမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်-၄၆/၁၆(၁၁. ၇. ၁၆) စီရင်ချက် နှင့် ဒီဂရီအရ ဦးတင်ဆွေဦးမှ တရားလိုပြုလုပ်ရန် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်- ၃၆/၁၆ (၁၈. ၈. ၁၆) တို့ကို တင်ပြ၍ တရားပြိုင် ဒေါ်မြမြနွယ်၊ ဦးသိန်းရွှေ တို့ကိုယ်စားလှယ်တရားရုံး ဘီလစ် ဒေါ်နုနုလှိုင် (၁၂/ဥကမ(နိုင်)၀၀၄၉၁၄) မှ တရားရုံးအမိန့် ဘီလစ်ခန့်စာ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၀. ၁၀. ၂၀၁၄) ရက်စွဲပါ စာအမှတ်- ၁၅/လယ-၁၀(၀၁၆/၂၀၁၄)ဖြင့် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့်မိန့် (ငါးမွေးမြူရေးလုပ်ငန်းသုံးမြေ) နည်းလမ်းဖြင့် ခွင့်ပြုမိန့်တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အကွက်အမှတ် ၁၅/၂၊ အုတ်ကျင်းအနောက်၊ ဦးပိုင်အမှတ် ၆၀/၄-၂၊ ဧရိယာ၀ဒသမ၁၆၆ဧကရှိမြေကွက်အား ၂၀၀၁-၂၀၀၂ခုနှစ်မှစ၍ ဒေါ်လုဘူ၁/မကန(နိုင်)၀၉၁၇၈၉မြေခွန်ပြေစာအမည်ပေါက်ပြီး နှစ်စဉ်မြေခွန်များကို ယနေ့တိုင်ထမ်းဆောင်လျက်ရှိပြီး အဆိုပါမြေကွက်ပေါ်တွင် သွပ်မိုး၊ အုတ်ကာ၊ တမံသလင်းခင်းဖြင့် (၃×၂)ခန်းနှစ်ထပ်အဆောက်အအုံဖြင့် ယနေ့တွင် ဒေါ်လုဘူ ၁/မကန(နိုင်)၀၉၁၇၈၉ မိသားစုမှ နေထိုင်လျက်ရှိကြောင်း မြစ်ကြီးနားခရိုင်တရားရုံး၏ ၂-၇-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် ၃၁၄/၂၀၁၇ဖြင့် ကတိသစ္စာပြု၍ မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ ၃-၅-၂၀၁၆ရက်စွဲပါ နံပါတ်စဉ် (၁၅၅/၂၀၁၇)ဖြင့် မှတ်ပုံတင်ထားသည့် အထောက်အထား/စာရွက်စာတမ်းများ တင်ပြပြီး ဒေါ်ဘုလူ(ခ)ဒေါ်ဒါရီလုဘူ ၁/မကန(နိုင်)၀၉၁၇၈၉ အမည်ဖြင့် မြေငှားဂရန်(အသစ်)ရရှိရေးအတွက် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ပျောက်ဆုံးကြောင်း

ဦးအေးဇော် (၁၂/ပဘတ(နိုင်)၀၀၃၂၃၄)၏ သင်္ဘောသားစာအုပ် PSCRB (CDC-27095) မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၁၃၆၈၀၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/င(နံ့သာကုန်း)၊ မြေကွက်အမှတ်-၂/င-၄၊ ဧရိယာ ၀ဒသမ၁၈၂ ဧက၊ မြေကွက်တည်နေရာအမှတ်-၇/စီ၊ ရွှေပြည်အေးလမ်းသွယ် (၂)လမ်း၊ နံ့သာကုန်းရပ်ကွက် အင်းစိန်မြို့နယ် ဦးအောင်မင်းမှန် အမည်ပေါက် မြေပိုင်မြေလ/န-၃၉ (အိမ်ရာမြေသတ်မှတ်) မြေအား ဒေါ်အေးမြမှန် ၁၂/အစန(နိုင်)၀၃၁၂၅၇၊ ဦးအောင်ဆန်းမှန် ၁၂/အစန(နိုင်)၀၃၁၂၃၃၊ ဦးထူးအောင်မှန် ၁၂/အစန(နိုင်)၀၃၁၂၅၈၊ ဒေါ်အေးနွယ်နွယ်မှန် ၁၂/စခန(နိုင်)၀၀၀၃၉၄တို့က အမည်ပေါက် ဦးအောင်မင်းမှန် ဖခင်ကွယ်လွန်၊ ဒေါက်တာဒေါ်မြမြနွယ်မိခင်တို့ ကွယ်လွန်သဖြင့် သားသမီးများတော်စပ်ကြောင်း တရားရုံးကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၃၉/ဂ၊ မြေကွက်အမှတ်-၁၏ အစိတ်အပိုင်း၊မြေကွက်တည်နေရာအမှတ်-၁၊ အမှတ်(၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ဦးမြသောင်း အမည်ပေါက် မြေအမျိုးအစား "O" မြေ(R-5)မြေအား အမည်ပေါက် ဦးမြသောင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသော ဦးရန်မျိုးနိုင်မှ တရားလိုပြုလုပ်၍ ရွှေပြည်သာမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ်-၁၁၁/၂၀၁၆ဖြင့် အိမ်ရာမြေ ၃/က လျှောက်ထားရန်နှင့် မြေကွက်တရားဝင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုစီရင်ချက်ဖြင့် ဦးမြသောင်းအား တရားပြိုင်ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီ ရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ် ၃၇/၂၀၁၆အရ တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဒေါ်ငုဝါ (ဘီလစ်) ၁၂/လမန(နိုင်)၀၂၉၆၃၃မှ တရားရုံးဒီကရီ အထောက်အထားများ ၂၁-၁၂-၂၀၁၆ရက်စွဲပါ တရားရုံးမှ တာဝန်ပေးအပ်ခြင်းနှင့် နေ့စဉ်မှတ်တမ်းတို့တင်ပြ၍ ၃(က)ခံဝန်ချက်လက်မှတ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိုးသိန်း(ခ)ဘသိန်း
အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ(ဦးမောင်ကြီး-ဒေါ်စော)တို့၏သား၊ (ဦးဝမ်းနား-ဒေါ်ရွှေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၃၀၅ နေ ဒေါ်ငွေးငွေးမြင့်(ခ)ဒေါ်စိန်စိန်၏ခင်ပွန်း၊ မသီတာဦး၊ မောင်သန်းထိုက်၊ မောင်လှမိုး၊ မထိုက်ထိုက်လွင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ရှိုင်းဝဏ္ဏမိုး၏ အဘိုးသည် ၂၃-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၇ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/4744 Hondafit GP1, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းထက် ၇/ပခန(နိုင်)၃၈၇၁၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၂၆

ဒေါ်ခင်မြတ်ဆွေအောင် **နှင့်** ၁။ ဦးကိုကိုအောင်
၂။ ဒေါ်ညိုညိုထွေး
၃။ ဒေါ်ခင်ညို

တရားလို **တရားပြိုင်များ**

ချမ်းမြသာစည်မြို့နယ်၊ အကွက် ၈၅၃၊ စီပါရပ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်နှင့် အမရပူရမြို့နယ်၊ ပန်းကမ္ဘာစတိုးဆိုင်၏ အနောက်ဘက် မြေပဲတန်းရပ်နေ ဦးကိုကိုအောင်၊ ဒေါ်ညိုညိုထွေး၊ ဒေါ်ခင်ညို (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မြတ်ဆွေအောင်က ကုန်ဖိုးငွေ ၆၀၈ သိန်းနှင့် နစ်နာကြေးငွေ၄၂သိန်း စုစုပေါင်းငွေကျပ် သိန်း၆၅၀ ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၀ ရက် (၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာနွယ်)
ဒုတိယခရိုင်တရားသူကြီး(၅)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ-၄၁၉၆)၊ မြေကွက်တည်နေရာအမှတ်(ပ-၄၁၉၆)၊ စစ်တောင်း-၂၁လမ်း၊ ဦးကိုကို ၉/ပမန(နိုင်)၂၀၀၄၂၃ အမည်ပေါက် ပါမစ်မြေကွက်အား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးအမှုအမှတ် (၂၇/၂၀၁၃)အရ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ဦးစိုးမြင့်မှ ဦးကိုကိုသို့ တရားစွဲဆိုခဲ့ရာ ၂၀-၁၁-၂၀၁၃ရက်တွင် အနိုင်ဒီကရီရရှိခဲ့ပြီး၊ ဇာရီမှုအမှတ် (၄၄/၂၀၁၄)ကို စွဲဆိုထားစဉ် ဦးစိုးမြင့်မှာ ကွယ်လွန်သွားသဖြင့် ဒက္ခိဏခရိုင်တရားရုံး၏ ၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅အရ အမွေဆက်ခံခွင့်ရရှိထားသူ ကွယ်လွန် ဦးစိုးမြင့်၏ တရားဝင်ဇနီး ဒေါ်နှင်းရီ ၉/ပမန(နိုင်)၀၁၇၀၇၃မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၃)၊ ရွှေပင်လုံအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၃၄) ပါမစ်အမည်ပေါက် ဒေါ်စိုးစိုးမူ၊ ဒေါ်နီနီဝင်း ပိုင်ဆိုင်သောမြေကွက်အား ပြန်လည်ရပ်သိမ်းပိုင်ခွင့်မရှိသည့် ဒေါ်စိုးစိုးမူ၏ အထူးကိုယ်စားလှယ်လွှဲစာဖြင့် ဒေါ်နီနီဝင်း ၁၂/တမန(နိုင်)၀၅၈၅၉၈ မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်(ဂရန်)ထုတ်ယူခွင့်ပြုပါရန် မြေချပါမစ်မိတ္တူများတင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၀)၊ နေပြည်တော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၇၃၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်သွယ်သွယ်မိုး အမည်ပေါက် ပါမစ်မြေအား ဒေါ်စံပယ်ဦး(ဘ) ဦးညီမှူန့် ၁၁/ကတန(နိုင်)၀၃၁၂၅၃ မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တအဂ္ဂဝံသမထေရ်
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၉)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)၊ မြမဥ္ဇူလေးဆူရှင် လေးမျက်နှာဘုရား၊ ကံ့ကော်(၁၀၀၀)ဗြဟ္မဝိဟာရကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ကြီး ပြင်ဦးလွင်မြို့နယ် သံဃနာယက ဩဝါဒါစရိယ၊ မဟာအံ့ထူးကံသာဆုတောင်းပြည့် မြတ်စွာဘုရားကြီး ဩဝါဒါစရိယ၊ မဟာဗောဓိ(၁၀၀၀) ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီး(မုံရွာ)တို့၏ ဩဝါဒါစရိယ ဆရာတော်သည် (၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ ရက်) ၁၇-၉-၂၀၁၇ရက် နံနက် ၁၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ် သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) ၂၇-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အထက်ပါကျောင်းတိုက်၌ ရေစက်ချလှူဒါန်းပြီး မွန်းလွဲ ၁နာရီတွင် ဗြဟ္မဝိဟာရကျောင်းတိုက်မှ (၈)မိုင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ပရိသတ်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများ
ပြင်ဦးလွင်မြို့

အထူးကျေးဇူးတင်လွှာ

၁၈-၉-၂၀၁၇ရက် (တနင်္လာနေ့) တွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားသော ကျေးဇူးရှင် ခင်ပွန်းဦးအောင်သန်းစိုး၊ အသက်(၇၁)နှစ်၊ B.A(Law),LL.B (အောင်ဆန်း-၆)၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ရှေ့နေချုပ်ရုံး)၊ နိုတြီပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေကြီး၊ Legal Consultant (AYA Bank) မကွယ်လွန်မီ ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ဗဟိုရိစည် ဆေးရုံမှ အထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းလွင်ငြိမ်းနှင့် ဆရာဝန်၊သူနာပြုဆရာမများ၊ဝန်ထမ်းများအားလည်းကောင်း၊ ကွယ်လွန်ပြီးသည့်ရက်မှစ၍ ရက်လည်ဆွမ်းကျွေးသည်အထိ တရားချီးမြှင့်ပေးခဲ့ပါသောပဲခူးတိုင်းဒေသကြီး၊ဥဿာမြို့သစ်(၁)ရပ်ကွက်၊ သီရိဟံသာစာသင်တိုက်၊ ဆရာတော် ဦးသောဘိတနှင့် ပုလဲမြို့သစ်၊ ကောင်းဆုဝေစာသင်တိုက်မှ သံဃာတော်(၇၁)ပါးအားလည်းကောင်း၊ နာရေးကိစ္စအဝဝအား အစမှအဆုံးထိ လိုလေသေးမရှိ လှူဒါန်းနိုင်အောင် မေတ္တာစေတနာဖြင့် ကူညီဆောင်ရွက်ပေးခဲ့သော ဧရာဝတီဘဏ်လီမိတက်မှ ဥက္ကဋ္ဌဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊အရာရှိကြီးများ၊ ဧရာဝတီဘဏ်လီမိတက်၊ ဥပဒေဌာနမှ သားငယ်သမီးငယ်များနှင့် ဧရာဝတီဘဏ်လီမိတက် မိသားစုများအားလုံး၊ New Haven Furniture Co.,Ltd,Long Life Co.,Ltd , မြန်မာ အရှေ့တိုင်းဘဏ်လီမိတက်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရိုးမဘဏ်လီမိတက်မှတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ သုံးခွမြို့နယ်အသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ လုပ်ဖော်ကိုင်ဖက်များ၊ အောင်ဆန်း(၆)မှ သူငယ်ချင်းများနှင့် အငြိမ်းစားဥပဒေအရာရှိကြီးများ အသင်းတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ပေးပို့လှူဒါန်းကြသော လှူဖွယ်ဝတ္ထုနှင့် သက်န်းများ၊ ပန်းခြင်းများအတွက်လည်းကောင်း၊ လူကိုယ်တိုင်၊ တယ်လီဖုန်းဖြင့်၊ လူမှုကွန်ရက် စသည်တို့မှ မေး မြန်းအားပေးနှစ်သိမ့်ကြသော ရပ်ဝေးရပ်နီးမှ လိုက်လံပို့ဆောင်ကြသော ကုမ္ပဏီအသင်းအဖွဲ့များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အစစအရာရာ လိုလေသေးမရှိအောင် ကူညီခဲ့ကြသူများအပါအဝင် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူဇနီး ဒေါ်ကေခိုင်

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သီတာထွန်း ၁၀/မလမ(နိုင်)၀၅၉၁၀၃၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းအောင်ကျော်မိုး ၁၀/ခဆန(နိုင်) ၀၉၁၉၆၃၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8549 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ဦးရဲထွဋ်
Uniteam Marine
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ် ၃၃/၃၅ နေ(ဦးသိန်းအောင်)-ဒေါ်ခင်အုန်းတင့်(တရားရုံးချုပ်-ငြိမ်း)တို့၏ သား၊ ဦးငွေသန်း (တရားလွှတ်တော်ရှေ့နေကြီး)-ဒေါ်ခင်သန်းထိုက်တို့၏ သားသမက်၊ ဒေါက်တာအေးမင်းသန်း(တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်းဘုန်းမာန်ထွဋ် (နဝမတန်း၊ အထက-၁၊ ဒဂုံ)၏ ချစ်လှစွာသောဖခင်သည် ၂၂-၉-၂၀၁၇ရက်(သောကြာနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၃-၉-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၇ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပျောက်ဆုံးကြောင်း

ကျွန်မ မိလှမွန် ၁၀/ကမရ(နိုင်)၁၂၇၄၁၄၏ Passport -No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲခေါင်လွင် ၁၀/ကမရ(နိုင်) ၀၇၅၆၃၅၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ယဉ်မြ(ကျောက်တံခါးမြို့) အသက်(၉၂)နှစ်

(လယ်/သစ်၊ ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ(ဦးဘိုးဟန်-ဒေါ်အုန်းခင်)တို့၏သမီး၊(ဒေါ်နှင်းစိန်)၊(ဦးဘစိန်-ဒေါ်မမကြီး)တို့၏ညီမ၊ဒေါ်ခင်စန်းယဉ်(မွေး/ရေး၊ ငြိမ်း)၊ [ဦးသိန်းထွန်းဦး(ခ)ကိုထွန်းထွန်း]တို့၏အဒေါ်၊ ကျောက်တံတားမြို့နယ်၊ ၃၄လမ်းအထက်၊ အမှတ်(၁၈၇/၂-ခ)နေ ဒေါ်ခင်ယဉ်မြသည် ၂၃-၉-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၇ ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်တင့် အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈လမ်း၊ အမှတ် ၁၄၆၊ ဒုတိယထပ်နေ (ဦးအောင်စိန်-ဒေါ်စောမြ)တို့၏သမီး၊ (ဦးအောင်ကျော်)၏ ဇနီး၊ ဦးတင်ထွဋ်-ဒေါ်ညိုညို၊ ဦးဘုန်းထွဋ်-ဒေါ်လှမြင့်၊ (ဦးဝင်းထွဋ်)၊ ဦးထင် အောင်-ဒေါ်နွယ်ညိုသင်း၊ ဦးခင်အောင်-ဒေါ်နန်းမူ၊ ဒေါ်ချိုချိုမာ၊ ဦးစိုးသိန်း-ဒေါ်တင်တင်ဝင်း၊ ဦးမင်းအောင်-ဒေါက်တာမီမီသင်း၊ ဦးမောင်မောင်ဇော်တို့၏ မိခင်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၂၃-၉-၂၀၁၇ရက် နံနက် ၉း၃၅နာရီ တွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)

ကြည်း-၂၂၉၁၈၊ OTS (82)

ဌာနခွဲမှူး၊ ထုတ်လုပ်ရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်(၅၃)နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်) ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်-ဒေါ်သီတာဦးတို့၏မောင်၊ ဒေါ်ပပထွန်းမြတ်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီး ကျော်ဝင်း(ငြိမ်း)သည် ၂၂-၉-၂၀၁၇ရက် (သောကြာနေ့) ည ၉း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ၊သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာကျော်အေး အသက်(၄၈)နှစ်

ခွဲစိတ်အထူးကု ဆရာဝန်ကြီး

စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး၊ စစ်တွေမြို့

စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးမှ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာကျော်အေးသည် ၂၁-၉-၂၀၁၇ရက် နံနက် ၅း၅၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အေးငြိမ်းအထူးကုဆေးခန်း
အေးငြိမ်းမိသားစု၊ စစ်တွေမြို့

သုံးဆယ်မြို့အသင်း(ရန်ကုန်)
ဂုဏ်ထူးဆောင်အသင်းဝင်

ဒေါ်အုန်းသန်း

ဗဟိုပုံနှိပ်တိုက်(ငြိမ်း)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖျိုင်းရေ အိုးစင်ရွာမရပ်ကွက်၊အမှတ် ၉၊ ရတနာ လမ်းနေ ဦးလွန်းရင်(အကောက်ခွန်၊ ငြိမ်း) ၏ ချစ်လှစွာသောဇနီးသည် ၂၃-၉-၂၀၁၇ရက်(စနေနေ့)ည ၁၀း၁၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ် ကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီ တွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန် သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ တွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဒေါ်မာမာချို(ခ)
ဒေါ်မြင့်မြင့်သန်း

အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ် ၃၀၆နေ ဦးချစ်(လုပ်ငန်းအရာရှိ၊ ငြိမ်း၊ ကျောက်မျက်)-[ဒေါ်သန်းသန်း (ခ)ဒေါ်မြင့်မြင့်ခင်]တို့၏သမီး၊ ဦးမျိုး လွင်(ရေကြောင်းဦးစီး၊ လ/ထ ညွှန်မှူး၊ ငြိမ်း)-ဒေါ်နုနုခင်(ဆည၊ငြိမ်း)၊ ဦးမြတ် သူ (Program Manager) Mercy Corps-ဒေါ်နှင်းမေထူး၊ ဦးမြတ်ဆွေ၊ ဦးအောင်ဆွေ(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်ဝင်းမာထွန်းတို့၏ညီမ၊ ဒေါ်မြင့်မြင့် ကြည်(ကျောက်မျက်)၏အစ်မ၊ မမျိုး သက်ထား(ခေတ္တ-Singapore)၊ မောင် ကျော်သူ (SKY NET) - မမျိုးဆုမွန် (COLUMBUS)၊ မအိသစ်သစ်လွင် (အမက-၃၊ လှိုင်သာယာ)၊ မောင်ဘုန်း မြတ်သူ၊မောင်ဇေယျာရဲထွဋ်တို့၏အဒေါ်၊ မအိမ့်ဟေသူမျိုးတို့၏အဘွားလေးသည် ၂၄-၉-၂၀၁၇ရက် နံနက် ၉း၃၅နာရီ တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွား ပါသဖြင့် ၂၆-၉-၂၀၁၇ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ် ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်မိုး

အလက(၂)ဗဟန်း

အထက(၃)တာမွေ

ကျောင်းသားဟောင်း

အသက်(၄၉)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းဟန်)-ဒေါ်ခင် ဝင်းတို့၏သား၊ (ဦးပု)-ဒေါ်မြင့်ကြည် တို့၏သားသမက်၊ ဦးသန်းဝင်း-ဒေါ် စန်းစန်းအေး၊ ဦးအောင်လွင်-ဒေါ်ကြည် ကြည်မော်တို့၏ညီ၊ မစန္ဒာဝင်း၊ မသန္တာ ဝင်း၊ ကိုဝင်းထွေး၊ မရီယဉ်သင်းဟန်၊ ကိုသာအေးအောင်ဟန်၊ ကိုစိုးလှိုင်ဖြိုး ဟန်၊ မတင်ထားနွယ်ဟန်၊ မမူမူခိုင်ဟန် တို့၏အစ်ကို၊ မဥမ္မာမြင့်၏ ချစ်လှစွာ သောခင်ပွန်း၊ မောင်လင်းထက်ကျော် ၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ငါး ယောက်တို့၏ဦးလေးသည် ၂၄-၉-၂၀၁၇ရက် နံနက်၆ နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၂၆-၉-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဗိုလ်လင်းကျော်(ခ)
ဗိုလ်ကြီး အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၀၀၊ အောက် မင်္ဂလာဒုံလမ်းမ၊ ဖော့ကန်၊ အင်းစိန်မြို့ နယ်နေ (ဦးကျော်မြင့်)-ဒေါ်စိန်လှတို့၏ သား၊ ဦးကြည်ရွှေ(ခ)ကိုတီး-ဒေါ်မိုး သန္တာဦး(ခ)မမိုးကြီး(မိုးကြီး အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး)၊ (ဦးထင်လင်း ကျော်)တို့၏ညီ/မောင်၊ မဇင်ပွင့်သဒ္ဒါ အောင်၊မောင်မြတ်သူထွန်းတို့၏ဦးလေး၊ မဒေစီလင်း၏ခင်ပွန်း၊ မမေသရဖီကျော် ၏ချစ်လှစွာသောဖခင်သည် ၂၄-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန် သွားပါ၍ ၂၆-၉-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန် သူအား ရည်စူး၍ ၃၀-၉-၂၀၁၇ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်တင် (ချောက်မြို့)

အသက်(၉၂)နှစ်

ချောက်မြို့နေ [ဦးဘစိန် (BOC ငွေစာရင်းအရာရှိ၊ အငြိမ်းစား)-ဒေါ်ရီ] တို့၏သမီး၊ ရေနံတွင်း ရိုးတွင်းစား(ဦးဩဘာ-ဒေါ်ငွေယု)တို့၏ သမီးချွေးမ၊ ရေနံတွင်းစား (ဦးအောင်ခင်)၏ချစ်လှစွာသောဇနီး၊ ဦးဇော်မင်းအောင်(နဂါးနီ တွင်ခုံလုပ်ငန်း၊ ချောက်မြို့)၊ ဒေါ်မော်မော် (ဆင်မင်း လက်ဖက်စို/ခြောက် ရောင်းဝယ်ရေးလုပ်ငန်း၊ ချောက်မြို့)၊ ဦးအောင်မြင့်(အမှုဆောင်အရာရှိ၊ ပစ္စည်း စီမံ)-ဒေါ်ခင်ဆွေဦး(ဒုတိယအင်ဂျင်နီယာချုပ်၊ ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)၊ ဦးဌေးဝင်း 3rd Engineer (Liz Star Shipping Co.,Ltd.)၊ ဒေါ်လွင်လွင်ဦး Director(TSL ကုမ္ပဏီ)၊ ဦးကျော်မင်းအောင်(Safty Officer မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ)၊ ဒေါ်မိုးကေသီ(စာရင်းကိုင်၊ CNG ဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)တို့၏ချစ်လှစွာသောမိခင်၊ မြေး ရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၃-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၂း၂၃နာရီတွင် ပြည်သူ့ဆေးရုံ ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၉-၂၀၁၇ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ကျော့အေး (စစ်တွေ)

အသက်(၈၀)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးကျော်လှအောင်-ဒေါ်အုန်းဖံ)တို့၏သမီး၊ (ဦးမောင်ထွန်း)(မြောက်ဦးအသင်း) ယခင်စက်မှု(၁)ဝန်ကြီးဌာန၊ (ကွေ့/မြေ)၏ ဇနီး၊ ဒေါ်ခင်ခင်အေး-(ဦးစောဝင်း)၊ ဒေါ်ခင်ခင်ရွှေ၊ ဦးရွှေထွန်း၊ ဦးနိုင်ထွန်း-ဒေါ်မြတ်နိုး၊ ဦးစောထွန်း(အမှတ်-၂၊ အကြီးစားစက်မှုလုပ်ငန်း) (နည်းပညာ ဖွံ့ဖြိုးရေးဌာန)-ဒေါ်ဝင်းစန္ဒာ၊ ဒေါ်စန်းစန်းအေး-(ဦးကျော်သန်း)၊ ဒေါ်အေးအေး ခိုင်-ဦးဘလွင်၊ ဒေါ်နုနုခိုင်၊ ဒေါ်စန်းသန္တာထွေး(အထက်တန်းပြ၊ အထက-၅၊ တ/ဉ)-ဦးတင့်ဇော်ထက်တို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၂၃-၉-၂၀၁၇ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၊ တောင် ဥက္ကလာပမြို့နယ်၊ မြင်သာ၊ ၁၄/၂ရပ်ကွက်၊ မိုးစွေလမ်း၊ အမှတ် ၄၂ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင်ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါ မည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သာနုဖြူ (စစ်တွေမြို့)

အသက်(၇၉)နှစ်

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊လမ်းမတော်မြောက်ရပ်ကွက်နေ(ဦးလှဘော်ဖံ-ဒေါ်လှမြဦး)တို့၏သမီး၊ (ဦးထွန်းအောင်ကျော်-ဒေါ်အောင်ကြွဖံ)တို့၏သမီး ချွေးမ၊ ဦးကျော်ကြီး(လဝကမှူး၊ ငြိမ်း)၏ဇနီး၊ (ဦးထွန်းလှဦး)-ဒေါ်တင်တင်၊ (ဦးထွန်းလှဖြူ-ဒေါ်သာနုဖြူ)၊ (ဦးထွန်းစံ-ဒေါ်ဦးကျော့ဖြူ)၊ (ဦးစံအောင်-ဒေါ်ကျော့)၊ ဦးမောင်စံသာ(အုပ်ချုပ်ရေးမှူး၊ အ.ဆ.ည၊ ငြိမ်း)-(ဒေါ်သိန်းညွှန့်)၊ (ဦးအောင်ကျော်မင်း)-ဒေါ်သိန်းလှ၊ ဦးအောင်ကျော်မြ (ဒု-ညွှန်ချုပ်၊ ဘဏ္ဍာရေး၊ ငြိမ်း)-(ဒေါ်အုန်းမြင့်)၊ (ဦးသာထွန်းရီ)တို့၏ညီမ၊ (ဦးမောင်သာထွန်း-ဒေါ်သာနု အေး)တို့၏အစ်မ၊ဦးရွှေထွန်း(ဒု-အကောက်ခွန်မှူး၊ငြိမ်း)-ဒေါ်ညိုညို၊(ဦးအောင် ကျော်ထွန်း၊ 2^{nd} Mate FG)-ဒေါ်မြတ်စန္ဒာ၊ ဦးထွန်းဝင်း-ဒေါ်ခင်သီတာလှိုင် (မှ/ပြ၊ ထခွဲ၊ လ-၁)၊ ဦးထွန်းကျော်-ဒေါ်ခင်မိုးလှိုင်(ဦးသာကျော်ဖြူရွှေဆိုင်၊ မြောက်ဦး)၊ ဦးမိုးညီထွတ်(ဒု-ခရိုင်ဥပဒေအရာရှိ)-ဒေါ်ခင်ခင်ဝင်း(ဦးစီးအရာရှိ၊ ပုဏ္ဏကျွန်းမြို့) ပုဏ္ဏတောင်၊ လမ်းဦးစီး)တို့၏ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏ အဘောင်ရှင်သည် ၂၄-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၃နာရီတွင် ဗဟန်းမြို့နယ်၊ မဟူရာလမ်း၊ အမှတ် ၁၈(သုံးလွှာ)နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၂၆-၉-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက် ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမင်းဝေအောင်(ခ)ဦးအောင်ကျော်မင်း

အသက်(၄၉)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်မင်း)-ဒေါ်လီလီမင်းတို့၏သား၊ သာယာဝတီမြို့နေ ဦးချစ်စိန်-(ဒေါ်မြင့်မြင့်ကြည်)တို့၏သားသမက်၊ ဒေါ်နှင်းပွင့်ဖြူ(သစ်တောဦးစီး ဌာန)၏ချစ်လှစွာသောခင်ပွန်း၊ မဆုဝေဝေနှင်း(အထက-၁၊ သာယာဝတီမြို့)၊ မရှင်းသန့်ဝေဝေနှင်း(အထက-၁၊ သာယာဝတီမြို့)တို့၏ဖခင်၊ ဦးမင်းဝေဦး-ဒေါ် ကြည်ကြည်ဝင်း၊ ဒေါက်တာမင်းဝေလတ်-ဒေါ်ခင်ခင်စိမ်း၊ (ဦးမင်းဝေမြတ်)-ဒေါ် ချိုချိုတို့၏ညီ၊ ဦးကျော်ဝင်းဆွေ-ဒေါ်မင်းသိင်္ဂီ၊ ဒေါက်တာမောင်မောင်မျိုး-ဒေါ် မင်းစံပယ်တို့၏မောင်၊(ဦးမင်းစံ)၏အစ်ကိုသည် ၂၄-၉-၂၀၁၇ရက် နံနက် ၄း၃၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၉-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ထောက်ကြံ့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၇ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေး ရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးနိုင်လင်းဦး အသက်(၃၆)နှစ်

Future Tech Telecom Network Co.,Ltd

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ် ကွက်၊ အမှတ် ၂၁၇နေ ဦးမင်းဟန်-(ဒေါ်သန်းကြည်)၊ မော်ဘီမြို့နေ(ဦးထွန်း ကျင်-ဒေါ်စန်းရီ)တို့၏မြေး၊ ဦးဝင်း မော် - ဒေါ်သန်းသန်းချိုတို့၏ သား၊ မကွေးတိုင်းဒေသကြီး၊ ဝါးဇီမြို့နေ (ဦးတင်မြင့်အောင်) - ဒေါ်တိုးခင်တို့၏ သားသမက်၊ လှိုင်မြို့နယ်နေ ဦးမင်း ကြည်-ဒေါ်ရီငွေ၊ (ဦးခင်မောင်အုန်း)-ဒေါ်တင်မော်ဝေ၊ (ဦးကိုကိုမြင့်)-ဒေါ် မြင့်မြင့်သီ၊ ဦးစိန်လင်း-ဒေါ်မြင့်မြင့်ရွှေ တို့၏တူ၊ ဒေါ်ဝါဝါအောင်၏ခင်ပွန်း၊ မရွှန်းလဲ့မေ[အမက(၁၁) လခွဲ၊ လှိုင်]၊ မမွန်းဖြူစင်သန့်တို့၏ဖခင်သည်၂၃-၉-၂၀၁၇ရက်(စနေနေ့)ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၉-၂၀၁၇ရက် (သောကြာနေ့) နံနက်တွင် လှိုင်မြို့နယ်၊ ရွှေဟင်္သာလမ်း၊ အမှတ် ၂၁၇၊ရော်ဘာစက်ရုံဝင်း၊ဝန်ထမ်းအိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယကာကြီး

ဒေါက်တာဦးချစ်စိန်

(1971-79) IM-1

ရှုရှုရင်စတိုး

(ဗိုလ်ချုပ်အောင်ဆန်းဈေး)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (၁၁၃) ကျွန်းတောလမ်းနေ ဒေါ်ခင်ဝင်း ၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူး သန်းထိုက်စိုး - ဒေါ်နိုဘယ်ချစ်စိန်၊ ဦးချမ်းသော်ဝ်ဇေ - ဒေါ်ချစ်ချစ်ဆုမွန် ဝင်း၊ ဦးသန့်ဇင် (Master Mariner Dockendale Co.,)-ဒေါ်စုသွယ်ထွန်း တို့၏ဖခင်၊ မညွှန်းကေရီဦး(ခ) Apple (ILBC, Silicon)၊ မောင်ရတုဘုန်းရှိန် ထက်(Pre II, ILBC)တို့၏ဘိုးဘိုးကြီး သည် ၂၄-၉-၂၀၁၇ရက် ည ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီ တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် ဗိုလ် ချုပ်အောင်ဆန်းဈေးမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကျောက်တံခါးမြို့နယ်အသင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်ခင်ယဉ်မြ

(လယ်/သစ်၊ ငြိမ်း)

အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့ နေ(ဦးဘိုးဟန်-ဒေါ်အုန်းခင်)တို့၏သမီး၊ (ဒေါ်နှင်းစိန်)၊ (ဦးဘစိန်-ဒေါ်မမကြီး) တို့၏ညီမ၊ ဒေါ်ခင်စန်းယဉ် (မွေး/ရေး၊ ငြိမ်း)၊ [ဦးသိန်းထွန်းဦး(ခ)ကိုထွန်းထွန်း] တို့၏အဒေါ်၊ ကျောက်တံတားမြို့နယ်၊ ၃၄လမ်းအထက်၊ အမှတ်(၁၈၇/၂-ခ) နေ ဒေါ်ခင်ယဉ်မြသည် ၂၃-၉-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါ သည်။(နေအိမ်မှကားများ နံနက် ၉နာရီ တွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်သန်းကြည်

မိုးခိုင်ကြီး၊ ပဲခူး

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက် သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် (၇)မြေညီနေ ဦးတင်ဦး (စား/ထွေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးသိန်း လှိုင်ဦး-ဒေါ်ရည်မွန်သင်း၊ ဦးမြင့်လှိုင် ဦး-ဒေါ်ခင်မာထိုက်၊ (ဦးညွှန့်လွင်)-ဒေါ်သန်းသန်းဦး၊ ဦးအောင်နိုင်ဦး-ဒေါ် ဥမ္မာဦး၊ ဦးစံမောင်ဦး-ဒေါ်ချိုချိုဟန် တို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက် ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား သည် ၂၄-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွား ပါ၍ ၂၆-၉-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နီနီသင်(ခ) Vester

ဒု-လဝကမှူး(ငြိမ်း)

အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးစောစံဖိုးသင်-ဒေါ် သိန်းခင်)တို့၏သမီး၊(ဦးစောစီမြင့်ထွန်း) ၏ချစ်လှစွာသောဇနီး၊ (ဒေါ်ရဒ်သင်-ဦးဟာရီကိန်း)၊ ဒေါ်ရိုစ့်သင်-(ဦးစော စော်လမွန်ဂျွန်ဆင်)၊ (ဒေါ်အက်စတာ သင်-ဦးစိုးမြင့်)၊ ဒေါ်နက်တီသင်-ဦးစောအယ်စိုး၊ (ဦးစောထူးထူးဘော)-ဒေါ်ခင်ညွှန့်ဝေတို့၏ညီမ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက် (တိုးချဲ့)၊ ချမ်းသာရွှေပြည်သာအိမ်ရာ၊ မြို့တော် ၃လမ်း၊ အမှတ် C-5 နေ နော်အေးအေးအောင်၊ ဦးတင့်လွင်(ဇမ္ဗူ ထွန်း)-နော်နန်းမြတင်(Golden Bell ဗီဒီယိုထုတ်လုပ်ရေး)၊ ဦးဝေယံထွန်း-နော်ယဉ်ယဉ်မွန် (ဟိုတယ်/ခရီး)တို့၏ ချစ်လှစွာသောမိခင်၊ သန့်သူရိန်လွင် (Y.A.S)၊ အောင်ဘုန်းခန့် (Y.A.S) တို့၏ဘွားဘွားကြီးသည် ၂၃-၉-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ် တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက် ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ် တွင် ဝတ်ပြုဆုတောင်းခြင်းပြုလုပ်မည် ဖြစ်ပါကြောင်း။] ကျန်ရစ်သူမိသားစု

ဦးကျော်ငြေး အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်း၊ အမှတ် ၃၉နေ(ဦးလှရိန်-ဒေါ်တင်လှိုင်)တို့၏သား၊ (ဦးကျော် သိန်း-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ (ဦးနေတာမော်)-ဒေါ်အေးအေးသိန်း (အထက-၃၊ကြည့်မြင်တိုင်၊ငြိမ်း)တို့၏ မောင်၊ မောင်ဥက္ကာဖြိုး၊ မသဉ္ဇာဖြိုး (ရွှေဘဏ်)၊ မောင်ဇေယျာမင်းဖြိုး-မတင်တင်ယုတို့၏ဖခင်၊ ဒေါ်ခင်ဝင်း ကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၉-၂၀၁၇ရက်(စနေနေ့)တွင် ကွယ် လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၉-၉-၂၀၁၇ရက်(သောကြာ နေ့)တွင် ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား
ပစ္စည်းလေးပါး ဒါယကာကြီး

ဦးသိန်းမြင့်(ခ)တော်ဟုန်ခိန်

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ် ၅၉နေ (ဦးချစ်မောင်-ဒေါ် ကောက်တီ)တို့၏သား၊ (ဦးဘိုးစံ-ဒေါ်ကြင်မွေး)တို့၏သားသမက်၊ ဒေါ်ခင်ထား ရီ(ခ)ကိုချိန်ဟွာ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမင်းမင်းဦး)-ဒေါက်တာခင်စန်း၊ ဒေါ်စန်းရီ၊ ဦးကျော်လှိုင်(စေတနာစာပေ)-ဒေါ်ဝင့်သူသူမောင်၊ ဦးမင်းမင်း-ဒေါ် ခင်ခင်အေး၊ ဦးဝင်းမြင့်-ဒေါ်ခင်သီရိမျိုး(ခ)မဝိုင်းဝိုင်း၊ ဦးမျိုးမင်း-ဒေါ်ဝင်းဝင်း မော်တို့၏ဖခင်၊ မအေးအေးမြင့်၊ မရွှန်းလဲ့လဲ့လှိုင်၊ မောင်သုခကျော်လှိုင်၊ မောင် ရှိုင်းအောင်ထူး၊ မောင်ဖွဲ့မာန်ထက်တို့၏အဘိုးသည် ၂၃-၉-၂၀၁၇ရက် (စနေနေ့) ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၉-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး

ဦးတင်ညွှန့် (ပေါင်းတည်မြို့)

လ/ထ အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၊ မြစပါယ်ရိပ်သာလမ်း၊ ပါရမီရိပ်သာ၊ မရမ်းကုန်း မြို့နယ်နေ(ဦးသန်းတင်-ဒေါ်မြင့်)တို့၏သား၊ ဒေါ်ခင်ဝင်းဟန်၏ခင်ပွန်း၊ ဒေါ် တင်မြင့်၏အစ်ကို၊ ဦးအောင်ကျော်ဦး (Grand Valley Consulting)-Sarah L.N. Tran Chau၊ ဦးသီဟစန်းမောင်-ဒေါ်သင်းသင်းညွှန့်၊ ဦးညီညီဝင်း-ဒေါ် စပယ်ညွှန့်၊ ဦးရဲကိုကိုအောင်-ဒေါ်ခင်မိုးအေး၊ ဦးကျော်စိုးမိုး(ခ)ဦးကျော်ကျော် (Grand Valley Consulting)-ဒေါ်နွယ်နီဝင်း၊ ဦးမျိုးဝင်းညွှန့်-ဒေါ်မြင့်မြင့်ထွေး တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၃-၉-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၇ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထွန်းကြည်

အသက်(၈၅)နှစ်

(ဦးသောင်းဖေ-ဒေါ်စောခင်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၁၂၄၀၊ မြေညီထပ်(ခေါင်းရင်းခန်း) နေ ဒေါ်စိန်ရင်၏ချစ်လှစွာသောခင်ပွန်း၊ ကိုသိန်းထွန်း၊ ကိုရန်မျိုးအောင်၊ ဒေါ် စိုးစိုးမာ၊ ဒေါ်သီသီမာတို့၏ဖခင်၊ မြေးငါးယောက်တို့အဘိုးသည် ၂၄-၉-၂၀၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၂၆-၉-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး များအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၇ရက်(စနေ နေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှထွန်း (ကျောက်တန်းမြို့)

အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့၊အလယ်ပိုင်းရပ်ကွက်၊လမ်းမတော် လမ်း၊ အမှတ် ၉၆နေ (ဦးဘိုးရုံ-ဒေါ်ဟွန်းနား)တို့၏သား၊ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ ဦးမိုးလွင်-ဒေါ်နီနီဝင်း၊ ဦးတင့်လွင်-ဒေါ်နှင်းလှ၊ ဒေါ်သက်သက်ခိုင်၊ ဦးမြတ်လွင်-ဒေါ်ဖြိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၄-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၀၀း၃၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၉-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့ တရုတ်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမြမောင်(စစ်ကိုင်း) အသက်(၈၂)နှစ်

လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ထန်းနှစ်ပင်လမ်းမကြီး၊ အမှတ် ၂၃နေ (ဦးဘိုးမှီ-ဒေါ်စိန်နု)တို့၏သား၊ (ဒေါ်ခင်ထွေး)၏ခင်ပွန်း၊ (ဒေါ်ခင်မြဦး)၊ ဒေါ်သန်းသန်းဆွေ(ဆသရ)၊ (ဦးမျိုးမြင့်သန်း)၊ ဦးမေဒေး(Golden Flower Co.,Ltd)-ဒေါ်တင်မိုးအေး၊ ဒေါ်တင်တင်လှိုင်၊ ဦးမင်းဟန်ထွေး(QSL)တို့၏ ဖခင်၊ မောင်အောင်ချစ်မိုး၊ မောင်ထက်အောင်လင်းတို့၏အဘိုးသည် ၂၄-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းလင်းအေး

အသက်(၆၅)နှစ်

မုံရွာမြို့နေ(ဦးချို-ဒေါ်ခ)တို့၏သား၊ မန္တလေးမြို့၊ ၂၇လမ်း၊ ၈၃×၈၄လမ်း ကြား၊ ဈေးချိုသေတ္တာဝင်းနေ (ဦးစိန်ထွန်း-ဒေါ်ခင်ရွှေ)တို့၏သားသမက်၊ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းလေးကျေးရွာနေ ဗိုလ်ကြီးရဲမင်းထွန်း-ဒေါ်အေးခိုင်ဦး၊ ကိုမင်းသီဟထွန်း-မပိုးကြည်ဖြူလင်းတို့၏ဖခင်၊ မမွန်မြတ်ဆက် သာ၊ မောင်မြတ်တည်ကြည်ခန့်တို့၏အဘိုး၊ ဒေါ်မြတ်မြတ်ခိုင်၏ချစ်လှစွာသော ခင်ပွန်းသည် ၂၃-၉-၂၀၁၇ရက်(စနေနေ့)ည ၉း၄၆နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၉-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှအေးရိပ်ငြိမ် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမျိုးသက်နွယ်

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျ အိမ်ရာ၊ တိုက် ၁၈၊ အခန်း ၁၀၄နေ ဦးတင်နွယ်(ဒုရဲမှူးကြီး)-ဒေါ်မြမြနွယ်တို့၏ သား၊ ဦးစိုးသက်နွယ်(ဒုဦးစီးမှူး၊ ကညန)-ဒေါ်ခင်စန်းမူ(ရိုရှင်းကုမ္ပဏီ)၊ ဦးမျိုး လွင်(ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)-ဒေါ်ခင်သီတာနွယ်တို့၏မောင်၊ ဒေါ်ခင်ကေသီနွယ်(အလက-၇၊ မန္တလေး)၏အစ်ကို၊ ဒေါ်မိုးမိုးဟန်(အလပြ၊ အမက-၃၊ အင်းစိန်)၏ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးသူရ(စက်မှုကျွမ်းကျင်-၂၊ ကညန)-ဒေါ်ဟေမာခင်ဦး(ကညန)၊ မလင်းထက်ထက်ဟန်(M.Sc-YTU)တို့၏ ဖခင်၊ မောင်ဖွဲ့သူရ၏ချစ်လှစွာသောအဘိုးသည် ၂၄-၉-၂၀၁၇ရက်နံနက် ၁နာရီ တွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဟိန္ဒူဘာသာဝင်များ၏ ဖော်ထုတ်ချက်အရ မောင်တောမြို့နယ် ရဲဘော်ကျကျေးရွာ အနောက်မြောက်ဘက်တွင် လူသေအလောင်းများတွေ့ရှိ

၂၄-၉-၂၀၁၇ ရက်နေ့ ၁၅၁၅ချိန် ရကခ(၁၁)မှူး ရဲမှူးကြီး ဥတ္တမာကို ဦးစီးအဖွဲ့မှ ဟိန္ဒူဘာသာဝင် (၉၃)ဦး အသတ်ခံရသည့် ရဲဘော်ကျားကျေးရွာအနီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်စဉ် ဟိန္ဒူဘာသာဝင် အလောင်း(၂၈)လောင်း(ကျား ၈၊ မ ၂၀)တွေ့ရှိသည့် နေရာပြမြေပုံ



နေပြည်တော် စက်တင်ဘာ ၂၄

မောင်တောမြို့နယ် ရဲဘော်ကျကျေးရွာ အနောက်မြောက်ဘက် မီတာ ၁၂၀၀ အကွာ မြေကျင်းအတွင်း လူသေအလောင်းများမြှုပ်ထားသည်ကို စက်တင်ဘာလ ၂၄ ရက် နံနက် ၁၁ နာရီ ၅ မိနစ်က တွေ့ရှိရကြောင်း သိရသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် စစ်တွေမြို့သို့ ရောက်ရှိနေသော မောင်တောလေးမိုင်မှ ဟိန္ဒူဘာသာဝင် ဦးနီမောလ် (ဟိန္ဒူဘာသာဝင် ကူညီရေးခေါင်းဆောင်)ထံ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသည့် ရဲဘော်ကျကျေးရွာနေသူတစ်ဦးက ဖုန်းဆက်သွယ် ပြောကြားချက်အရ ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက် အကြမ်းဖက်သမား ၃၀၀ ခန့်သည် ရဲဘော်ကျကျေးရွာရှိ အမျိုးသား၊ အမျိုးသမီး ၁၀၀ ခန့်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ ရွာ၏အနောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် အမျိုးသား၊ အမျိုးသမီးများအား သတ်ဖြတ်ကာ အမျိုးသမီး ရှစ်ဦးအား အစ္စလာမ်ဘာသာသို့ဝင်ခိုင်းခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ကြောင်း။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပါလောင် ဒုက္ခသည်စခန်းရှိ ဟိန္ဒူဘာသာဝင်တစ်ဦး၏ နေအိမ်တွင် နေထိုင်လျက်ရှိကြောင်း ဆက်သွယ်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြေပြင်သတင်းဖော်ထုတ်ရန်အတွက် ဦးနီမောလ်၊ ဦးရွှေနီတို့နှင့်အတူ သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များသည် စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီတွင် ခမောင်းဆိပ်ကျေးရွာမှ အမျိုးသား၊ အမျိုးသမီး သုံးဦး၊ တမန်းသားကျေးရွာမှ လေးဦးတို့နှင့်အတူ ရဲဘော်ကျကျေးရွာသို့ ထွက်ခွာခဲ့သည်။

၎င်းပူးပေါင်းအဖွဲ့များက ဖြန့်ခွဲရှာဖွေစဉ် ရဲဘော်ကျကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၂၀၀ ခန့်အကွာ၌ မသင်္ကာဖွယ် မြေအနေအထားတွေ့ရှိရပြီး အပုပ်နံ့ရရှိသဖြင့် တူးဖော်ရှာဖွေရာ အကျယ် ၁၃ ပေပတ်လည် မြေကျင်းနှစ်ကျင်းအား ၁၀ ပေ အကွာအဝေးခြား တွေ့ရှိခဲ့ရသည်။

အဆိုပါ မြေကျင်းတစ်ကျင်းအား နံနက် ၁၁ နာရီခွဲတွင် စတင်တူးဖော်ရာ အလောင်းသုံးလောင်းတွေ့ရှိခဲ့ပြီး ဆက်လက်တူးဖော်ရာ မွန်းလွဲ ၂ နာရီတွင် အလောင်းရှစ်လောင်း၊ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် အလောင်းတစ်လောင်း စုစုပေါင်း အလောင်း ၁၂ လောင်း တူးဖော်ရရှိခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီခွဲတွင် ဒုတိယမြေကျင်းအား ထပ်မံတူးဖော်ရာ အသက် ၁၀ နှစ်အောက် အမျိုးသားခြောက်ဦး၊ အသက် ၁၆ နှစ်အောက် အမျိုးသားနှစ်ဦး၊ အသက် ၁၆ နှစ် အထက် အမျိုးသမီးရှစ်ဦး စုစုပေါင်း အလောင်း ၁၆ လောင်းအား တူးဖော်ရရှိခဲ့သည်။

ယနေ့ တူးဖော်ရရှိသည့် ရုပ်အလောင်းများမှာ ဟိန္ဒူဘာသာဝင် အမျိုးသားရှစ်လောင်း၊ အမျိုးသမီး အလောင်း ၂၀၊ စုစုပေါင်း ၂၈ လောင်းဖြစ်ကြောင်း သိရှိရသည်။

တူးဖော်ရရှိသည့် ရုပ်အလောင်းများအား လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ကာ ရှာဖွေမှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရုပ်အလောင်းများမြှုပ်ထားသည့် မြေကျင်းကို တာဝန်ရှိသူတစ်ဦးက ပြသစဉ်

မြစ်ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသော လမ်းတံတားများပြန်လည်ပြုပြင်စဉ်

ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ချင်းတွင်းသား

ကလေး စက်တင်ဘာ ၂၄

ကလေးဒေသအတွင်း စက်တင်ဘာ ၁၇ ရက် နံနက် ပိုင်းမှစတင် ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေ၊ မြောင်းရေများကြီးကာ မြစ်သာမြစ်ရေသည် စက်တင်ဘာ ၂၀ ရက်တွင် စိုးရိမ်ရေအမှတ်ထက် ကျော်လွန်ရောက်ရှိပြီး ကလေးမြို့နယ် အနိမ့်ပိုင်း မြို့ပေါ်အချို့နှင့် ကျေးရွာအချို့တို့တွင် မြစ်ရေများစတင်ဝင်ရောက်ခဲ့ရာမှ ယခုအခါ မြစ်ရေသိသိသာသာ ပြန်လည်လျော့နည်းကျဆင်းလာပြီဖြစ်ရာ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၏ စနစ်တကျစီမံခန့်ခွဲမှုဖြင့် ဇုန်ငါးဇုန် မှ တာဝန်ကျဌာနများ၊ ကယ်ဆယ်ရေးစခန်းမှ တာဝန်ကျဌာနဆိုင်ရာများ၏ စီမံဆောင်ရွက်ပေးမှုတို့ဖြင့် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ၂၂ ခုရှိ အိမ်ထောင်စု ၂၂၄၁ စုမှ လူဦးရေ ၁၀၁၉၈ ဦးတို့သည် မိမိနေအိမ်များသို့ ပြန်လည် ရွှေ့ပြောင်းကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေကြီးရေလျှံမှု ဖြစ်ပွားခဲ့မှုကြောင့် လမ်းပိုင်းအချို့ပျက်စီးမှုများရှိခဲ့ရာ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက်

စာမျက်နှာ ၂ ကော်လံ ၅ ❖

SAMSUNG Galaxy Note8

Pre-order now
18th to 27th Sept 2017

For more info
Call : 01 2399 888

အတိုးနှုန်းမဲ့ ဖြေလအရစ်ကျ
KBZ BANK
STRENGTH OF MYANMAR

telenor
Special Package included
30GB FREE

samsungmobilemyanmar
www.samsung.com/mm